www.dhammadownload.com

မာတိကာမှတ်စု ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ရန်ကုန်မြို့

မင်္ဂလာဗျူဟာအသင်းချုပ်

(ဗုဒ္ဓဘာသာသင်တန်းကျောင်း)

## မာတိကာသင်တန်း

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

၏

## အဘိဓမ္မာ ဓမ္မပူဇာ မင်္ဂလာ

# မာတိကာမှတ်စု

ဘဝတစ်ခု အမြင့်မြတ်ဆုံးဖြစ်အောင်

ဗုဒ္ဓ အဘိဓမ္မာ(ညဝါ)ကို အခြေခံမှုစ၍

လေ့လာ ဆည်းပူးလိုသူများအတွက်

ရန်ကုန်မြို့၊ **အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး** မှ ကြီးမှူးကျင်းပသော

အဘိဓမ္မာစာတော်ပြန်ပွဲ၊ သဘောအဓိပ္ပါယ်ရေးဖြေ၊

မေးခွန်းဟောင်း နှင့် အဖြေ အညွှန်း

(မင်္ဂလာဗျူဟာ ဓမ္မစာပေသင်တန်းတွင်သုံးရန်)

သာသနာ ၂၅၅၄ ကောဇာ ၁၃၇၂ ခရစ် ၂၀၁၀

www.dhammadownload.com

# ယေ ဓမ္မာ ဂါထာတော်



ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

(အရှင်အဿဇိ က အရှင်သာရိပုတြာအလောင်းအား ဟောတော်မူသော တရားဂါထာတော်။)

**ယေ ဓမ္မာ** = အကြင် ဒုက္ခသစ္စာတရားတို့သည်၊ **ဟေတုပ္ပဘဝါ** = အကြောင်း သမုဒယသစ္စာလျှင် **အမွန်ပဘဝ** အကြောင်းအရင်း ရှိကြကုန်၏။ **တေသံ** = ထို ဒုက္ခသစ္စာတရားတို့၏၊ **ဟေတုံ စ** = အကြောင်းဖြစ်တဲ့ သမုဒယသစ္စာ တဏှာ လောဘ တရားကိုလည်းကောင်း၊ **တထာဂတော** = ရှေး ဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည်၊ **အာဟ** = စိတ်ဖြာခွဲခြား ဟောကြားတော်မူ၏။

**တေသံ** = ထို ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏၊ **ယော နိရောဓော** = အကြင်ချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်တရားသည်၊ **အတ္ထိ** = ရှိ၏။ **တဉ္စ** = ထို နိရောဓသစ္စာ နိဗ္ဗာန်တရားကိုလည်းကောင်း၊ (နိရောဓဂါမိနိဉ္စ ပဋိပဒံ= နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂသစ္စာကို လည်းကောင်း၊)၊ **အာဟ** = စိတ်ဖြာခွဲခြားဟောကြားတော်မူ၏။ **မဟာသမဏော** = ငါတို့ဆရာ မြတ်စွာဗုဒ္ဓဘုရားသည်၊ **ဧဝံ ဝါဒီ** = ဤသို့ ဒုက္ခ + သမုဒယ + နိရောဓ + မဂ္ဂ အားဖြင့် သစ္စာလေးပါးအမှန်တရားကို ဟောကြားတော် မူလေ့ ရှိပါ၏။

## အဘိဓမ္မာ သင်စရာ

အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)

* သဒ္ဓါရှိမှု၊ စိတ်ကြည်ဖြူ၊ ကောင်းသူခေါ်ရပါ။
* ပညာရှိမှု၊ စွမ်းအားယူ၊ တော်သူခေါ်ရပါ။
* တော်လည်းတော်စေ၊ ကောင်းပါစေ၊ နှစ်ထွေညီမှသာ၊
* ကောင်းကျိုးသုခ၊ အစုံရ၊ မုချမြဲသေချာ၊
* တော်လည်းတော်ဖို့၊ ကောင်းလာဖို့၊ သင်စို့ အဘိဓမ္မာ။

ယောဆရာတော်ကြီး၏ သတိနှစ် (၆၇) နှစ်ပြည့် အိုပွဲမင်္ဂလာ အခါတော်နေ့ (၅ - ၃ - ၂၀၁၀) တွင် ဆရာတော်ကြီးအား ပူဇော်သောအားဖြင့် ဤစာအုပ်ကို အပြီးရေးပါသည်။ -ဦးတင်ဝင်း (ဒိုက်ဦး - သုံးခွ)

www.dhammadownload.com

ရန်ကုန်မြို့

## မင်္ဂလာဗျူဟာအသင်းချုပ်

## (ဗုဒ္ဓဘာသာသင်တန်းကျောင်း)

## မာတိကာသင်တန်း

# မာတိကာမှတ်စု

## ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဘဝတစ်ခု အမြင့်မြတ်ဆုံးဖြစ်အောင်
ဗုဒ္ဓအဘိဓမ္မာ(ညဝါ)ကို
အခြေခံမှစ၍ လေ့လာ ဆည်းပူးလိုသူများအတွက်၊

၁၃၅၇ ခု၊ (၂၈)ကြိမ်မြောက်မှ ၁၃၈၄ ခု၊ (၅၃)ကြိမ်မြောက်အထိ **မေးခွန်းဟောင်းနှင့် အဖြေအညွှန်း**

(မင်္ဂလာဗျူဟာ ဓမ္မစာပေသင်တန်းတွင်သုံးရန်။)

www.dhammadownload.com

# နိုင်ငံတော်ဝန်ယူကြစို့

ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ စိတ်ကောင်းထားလည်း၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ။
ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။
ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊ အမြတ်ရတနာ၊
သာသနာ၏၊ နိုင်ငံဝန်ထမ်း၊ ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ။ ။

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း ※ နဝမအကြိမ် (၂၀၂၂၊ ဩဂုတ်လ)
အုပ်ရေ ※ ၁၀၀၀
တန်ဖိုး ※
စီစဉ်သူ ※ ဦးတင်ဝင်း(ဒိုက်ဦး–သုံးခွ)
ထုတ်ဝေသူ ※ ခင်မြတ်သူစာပေ(၀၀၉၇၉)
ဖုန်း–၀၉၄၄၂၂၅၉၅၇၅
ပုံနှိပ်သူ ※ အောင်စည်ဟိန်း (၀၁၅၀၁)
စာအုပ်ချုပ် ※ ခင်မြတ်သူစာပေ

၂၉၄ . ၃
တင်ဝင်း/ဦး (ဒိုက်ဦး–သုံးခွ)
**မာတိကာမှတ်စု**
ခင်မြတ်သူစာပေ၊ နဝမ ကြိမ်၊ ၂၀၂၂
စာ – ၂၀၂၊ ၁၇ စင်တီ × ၂၁ စင်တီ
မာတိကာမှတ်စု

## သင်မှသိ သိမှကျင့် ကျင့်မှရ မြတ်ဗုဒ္ဓ၏ ဩဝါဒ

သူတော်စိတ်မြတ် အငြိမ်းဓာတ် လွှမ်းပတ်ကမ္ဘာတည်ပါစေ၊
မေတ္တာစိတ်မြတ် အအေးဓာတ် လွှမ်းပတ်ကမ္ဘာခြုံပါစေ၊
သတ္တဝါမှန်သမျှ ဘေးမခ အေးမြချမ်းသာရှိပါစေ၊
သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ။ ။

**ကျေးဇူးရှင်အပေါင်းအား ကျေးဇူးဆပ်သောအားဖြင့်**

**ဦးတင်ဝင်း(ဒိုက်ဦး–သုံးခွ)**

**(၅.၃.၂၀၁၀)**

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

# "စိရံ တိဋ္ဌတု အဘိဓမ္မော"

**အဘိဓမ္မော**၊ သတ္တဒီဝါ၊ သူငါမစပ်၊ ပရမတ်အစစ်၊
တရားနှစ်ကို၊ ဖွင့်လစ်ထုတ်ဖော်၊ အဘိဓမ္မာတရားတော်သည်။
**စိရံ**၊ ငါးထောင်သာသနာ၊ မြင့်ရှည်ကြာအောင်၊ အစွန့်ရှည်စွာ၊
**တိဋ္ဌတု**၊ စိန်မြင့်မိုရ် မဏ္ဍိုင်ကဲ့သို့၊ ခိုင်မတ်မတ်
တန့်ရပ်တည်နေပါစေသတည်း။

## မာတိကာ

**မာတရံ ပမုခံ ကတွာ, တဿာ ပညာယ တေဇသာ၊**
**အဘိဓမ္မ ကထာ မဂ္ဂံ, ဒေဝါနံ သမ္ပဝတ္တယိ။**

အတုမရှိသော သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကိုသာ ဆောင်ယော်မူလျက်၊ ဘုရားဖြစ်တော်မူ၍ ခုနစ်ဝါမြောက်ရောက် သောကာလ၊ သာဝတ္ထိပြည်၏အနီး ကဏ္ဍအမည်ရှိသောဥယျာဉ်စောင့်သည် စိုက်အပ်သော သရက်ပင် အရင်း၌၊ တိတ္ထိတို့ကိုနှိမ်နင်းခြင်းငှာ ရေမီးအစုံအစုံအစရှိသော တန်ခိုးပြာဋိဟာကို ပြတော်မူသော အဆုံး၌၊ သုံးဖဝါးသာနင်းသဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍၊ ပင်လယ်ကသစ်ပင်၏ အရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာကျောက်နေရာထက်၌၊ နေမင်းကဲ့သို့ တင့်တယ်စွာ နေတော်မူလျက်၊ မယ်တော်ဖြစ်ခဲ့ဘူးသော 'သန္တုသိတနတ်သား'ကို အကြီးအမှူးပြု၍ တစ်သောင်းသော စကြာဝဠာတိုက်မှ တညီတညွတ်တည်း စည်းဝေးလာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား၊ အစွမ်းသုံးပါးနှင့်ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ဖြင့် လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပေးတတ်စွာသော အဘိဓမ္မာဒေသနာတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။

ထို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာတော်သည်လည်း ဝိတ္ထာရနယ, သင်္ခေပနယ, နာတိဝိတ္ထာရ နာတိသင်္ခေပနယအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါး တို့တွင် တာဝတိံသာနတ်ပြည်၌ နတ်,ဗြဟ္မာအပေါင်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် ကျယ်လွန်းသောကြောင့် 'ဝိတ္ထာရနယ' မည်၏။ စန္ဒကူးတော၌နေတော်မူသောအခါ အရှင်သာရိပုတ္တရာ အားဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်းသောကြောင့် 'သင်္ခေပနယ' မည်၏။ အရှင်သာရိပုတ္တရာသည် လင်းနို့သားဖြစ်ခဲ့ဘူးသော ငါးရာသောတပည့်ရဟန်းတို့အား ဟောတော်မူအပ် သောဒေသနာတော်သည် မကျဉ်းမကျယ်လွန်းသောကြောင့် 'နာတိဝိတ္ထာရ နာတိသင်္ခေပနယ' မည်၏။

www.dhammadownload.com

**အဘိဓမ္မာ** = 'ဓမ္မ' အရ သုတ္တန်, အဘိဓမ္မာ နှစ်မျိုးနှင့်ဆက်ဆံခဲ့ရာ 'အဘိ'သဒ္ဒါမှာ လွန်ကဲမှု, ထူးဆန်းမှုကို ဟောသဖြင့် သုတ္တန်ထက်လွန်ကဲထူးဆန်းစွာဟောထားအပ်သောအဘိဓမ္မာ(၇)ကျမ်းသည် 'အဘိဓမ္မာ'မည်၏။

## သုတ္တန်, ဝိနည်း, အဘိဓမ္မာတို့၏ နိဒါန်းအထူး–

- သုတ္တန်များ၌ သတ္တဝါတို့၏ အဇ္ဈာသယစသည် အားလျော်စွာဟောရကား ဒေသ, ကာလစသော ဒေသနာနိဒါန်း တစ်ပါးသာ ရှိ၏။
- ထိုနည်းတူ ဝိနည်း၌လည်း လွန်ကြူးသော ဝတ္ထုအားလျော်စွာဟော၍ ဒေသနာနိဒါန်း တစ်ပါးသာ ရှိ၏။
- အဘိဓမ္မာ၌ကား သိအပ်သောတရား၊ ဟောအပ်သောတရား အားလျော်စွာဟောရ၍ အဓိဂမနိဒါန်း၊ ဒေသနာနိဒါန်း၊ အားဖြင့် နိဒါန်းနှစ်ပါး ရှိ၏။

## ခွင့်ပန်လွှာ

ဆရာမြတ် အသီးသီးတို့၏ နည်းစနစ်များကို တိုက်ရိုက်သော်လည်းကောင်း၊ ပြင်ဆင်၍ သော်လည်းကောင်း၊ သနားချီးမြှောက်သောအားဖြင့် ဤ'**မာတိကာမှတ်စု**'၌ သုံးခွင့်ပြုတော်မူပါရန် ဆရာမြတ်အပေါင်းအား ရိုသေစွာ ရှိခိုးဦးညွှတ် ပန်ကြားအပ်ပါသည်။

* ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ မာတိကာသင်ရိုး, သင်တန်းသားကိုင်ဖြစ်သော **မူလပဋ္ဌာန်းဆရာတော်**၏ 'မာတိကာ ဓာတုကထာ ပါဠိကျမ်း'ကို မဏ္ဍိုင်ပြုပါသည်။
* အရှင်ဝရတေဇောနှင့် အရှင်ဓမ္မဒီပဓဇတို့၏ 'ဒုကမာတိကာ ဓာတုကထာ အရကောက်နှင့် အဓိပ္ပါယ်၊ ဂဏ္ဌိအချီး အမျိုးမျိုး၊'။
* အရှင်သူရိယာဘိဝံသ၏ 'အလင်းပြ မာတိကာဓာတုကထာအရကောက်'။
* အရှင်ကုမာရ၏ 'မာတိကာဓာတုကထာပန်းကုံး'။
* အရှင်တိလောကာဘိဝံသ(အင်းစိန်၊ ရွာမဆရာတော်)၏ 'မာတိကာ+ဓာတုကထာ လက်ဆောင်'။
* ဆရာဦးရဲထွန်း(မဟာအာဘိဓမ္မိက ကလျာဏဉာဏဓဇ၊)၏ 'အဘိဓမ္မ–မာတိကာ'။
* ဆရာ Dr. ဦးဝင်းရွှေ(မဟာအာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏဉာဏဓဇ၊)၏ 'မာတိကာ မေးခွန်းဟောင်းနှင့် အဖြေများ'။

စသည့်ပညာရှင်တို့၏ အဆိုအမိန့်များကို မာတိကာလေ့လာသောဓမ္မမိတ်ဆွေများ လေ့လာဖတ်ရှုရာတွင် သိလွယ်,ထင်လွယ်,မြင်လွယ်စေခြင်းအကျိုးငှာ အလျဉ်းသင့်သလို ရေးသားဖော်ပြအပ်ပါသည်။

ဤ'**မာတိကာမှတ်စု**'ကို အမှားအယွင်း ကင်းနိုင်သမျှကင်းအောင် စာရေးသူ အတတ်နိုင်ဆုံး အားထုတ်ခဲ့ပါသော်လည်း ချွတ်ယွင်းချက် အမှားများကို ရှုမြင်မိသော် ပြင်တော်မူပါ၊ မသင့်မြင်သော် အသင့်ဆင်ပါဟု ပန်ကြားအပ်ပါသည်။

www.dhammadownload.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **၁။ တိကမာတိကာ** | |
| နိဒါန်း စသည် | ၁ |
| မာတိကာစသည် | ၃ |
| မာတိကာ ပါဠိတော် | ၁၃ |
| ၁။ ကုသလတိက် | ၂၁ |
| ၂။ ဝေဒနာတိက် | ၂၅ |
| ၃။ ဝိပါကတိက် | ၂၉ |
| ၄။ ဥပါဒိန္နတိက် | ၃၁ |
| ၅။ သံကိလိဋ္ဌတိက် | ၃၃ |
| ၆။ ဝိတက္ကတိက် | ၃၅ |
| ၇။ ပီတိတိက် | ၃၉ |
| ၈။ ဒဿနတိက် | ၄၁ |
| ၉။ ဒဿနဟေတုတိက် | ၄၃ |
| ၁၀။ အာစယဂါမိတိက် | ၄၅ |
| ၁၁။ သေက္ခတိက် | ၄၇ |
| ၁၂။ ပရိတ္တတိက် | ၄၈ |
| ၁၃။ ပရိတ္တာရမ္မဏတိက် | ၄၉ |
| ၁၄။ ဟီနတိက် | ၅၁ |
| ၁၅။ မိစ္ဆတ္တတိက် | ၅၂ |
| ၁၆။ မဂ္ဂါရမ္မဏတိက် | ၅၄ |
| ၁၇။ ဥပ္ပန္နတိက် | ၅၇ |
| ၁၈။ အတီတတိက် | ၅၉ |
| ၁၉။ အတီတာရမ္မဏတိက် | ၆၀ |
| ၂၀။ အဇ္ဈတ္တတိက် | ၆၂ |
| ၂၁။ အဇ္ဈတ္တာရမ္မဏတိက် | ၆၃ |
| ၂၂။ သနိဒဿနတိက် | ၆၅ |
| တိကမာတိကာမှတ်ဖွယ် | ၆၆ |
| **၂။ ဒုကမာတိကာ** | |
| ဒုကမာတိကာ စသည် | ၆၉ |
| ၁။ ဟေတုဂေါစ္ဆက | ၇၃ |
| ၂။ စူဠန္တရဒုက် | ၇၇ |
| ၃။ အာသဝဂေါစ္ဆက | ၈၃ |
| ၄။ သညောဇနဂေါစ္ဆက | ၈၇ |
| ၅။ ဂန္ထဂေါစ္ဆက | ၉၀ |
| ၆။ ဩဃဂေါစ္ဆက | ၈၃ |
| ၇။ ယောဂဂေါစ္ဆက | ၈၃ |
| ၈။ နီဝရဏဂေါစ္ဆက | ၉၃ |
| ၉။ ပရာမာသဂေါစ္ဆက | ၉၆ |
| ၁၀။ မဟန္တရဒုက် | ၉၉ |
| ၁၁။ ဥပါဒါနဂေါစ္ဆက | ၁၀၃ |
| ၁၂။ ကိလေသဂေါစ္ဆက | ၁၀၆ |
| ၁၃။ ပိဋ္ဌိဒုက် | ၁၁၀ |
| ဒုကမာတိကာမှတ်ဖွယ် | ၁၁၆ |
| **၃။ သုတ္တန္တိက ဒုကမာတိကာ** | ၁၁၉ |
| ၁။ ဝိဇ္ဇာဘာဂီ ဒုကာဒိပဉ္စက | ၁၂၁ |
| ၂။ အဓိဝစန ။ | ၁၂၃ |
| ၃။ ဘာဝဒိဋ္ဌိ ။ | ၁၂၅ |
| ၄။ ဟိရိ ။ | ၁၂၆ |
| ၅။ ဓာတုကုသလတာ ။ | ၁၂၈ |
| ၆။ သာခလျ | ၁၃၀ |
| ၇။ ပဋိသင်္ခါနဗလ ။ | ၁၃၂ |
| ၈။ သီလသမ္ပဒါဒုကာဒိသတ္တက | ၁၃၄ |
| သုတ္တန္တိကဒုကမာတိကာမှတ်ဖွယ် | ၁၃၆ |
| ၁၃၅၇-ခု(၂၈)ကြိမ်မြောက်မှ ၁၃၈၄-ခု(၅၃)ကြိမ်မြောက်အထိ **မေးခွန်းဟောင်းနှင့် အဖြေအညွှန်း** | ၁၄၀ |

www.dhammadownload.com

# မင်္ဂလသုတ်

၁။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။ သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံ သဉ္စ မင်္ဂလံ။
၂။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။ သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။
၃။ ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ၊ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ၊ ဧကမန္တံ အဋ္ဌာသိ။ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။
၄။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။ အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။
၅။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။ ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၆။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။ အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။
၇။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။ သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။
၈။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။ အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။
၉။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။ အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၀။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။ အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။
၁၁။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။ ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၂။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။ ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၃။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။ နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၄။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။ အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၅။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။ သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

## သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ကမ္ဘာလွှမ်းအောင်တည်စေသော

* အကျွန်ုပ်တို့သည် ပုဂ္ဂိုလ်များစွာ သတ္တဝါအနန္တတို့အား စွမ်းအားရှိသလောက် စောင့်ရှောက်ကူညီခြင်းဖြင့် ကျေးဇူးပြုကြပါမည်။
* အကျွန်ုပ်တို့သည် သူတစ်ပါး၏ အကူအညီအစောင့်အရှောက်ကို ခံယူတိုင်းခံယူတိုင်း ကျေးဇူးရှင်ဟူ၍ အာရုံပြု မှတ်ယူနှလုံးသွင်း ကြပါမည်။
* အကျွန်ုပ်တို့ လေ့လာ,ကျင့်သုံးနေသော (၃၈)ဖြာ မင်္ဂလာတရားတော်မြတ်တည်းဟူသော မီးရှူးတန်ဆောင် အလင်းရောင်ကြီးဖြင့် ကမ္ဘာသူ, ကမ္ဘာသားတို့အား ချမ်းသာခြင်း၊ ကြီးပွားခြင်း၊ ညီညွတ်ခြင်းတို့နှင့် ပြည့်စုံသော အစဉ်ငြိမ်းချမ်းသည့် ပန်းတိုင်သို့ ပို့ဆောင်ကြပါမည်။

**အမှန်တရားသည် နေရာတိုင်း၌ ထွန်းတောက်ပါစေ .....**

TN

www.dhammadownload.com



သဗ္ဗညုတဉာဏ်စွမ်းသုံးပါး

(၁) သိသင့်သိထိုက်သော 'ဉေယျဓမ်'တရားအလုံးစုံကို အကုန်အစင် အကြွင်းအကျန်မရှိ မှန်သောအတိုင်း သိမြင်တော်မူခြင်း။

(၂) ဉေယျဓမ်တရားတို့ကို ဖွင့်ဆိုဟောကြားတော်မူရာတွင် ဒေသနာနည်းအမျိုးမျိုးတို့ကို ဟုတ်မှန်သော အတိုင်း အကြွင်းမဲ့ သိတော်မူနိုင်ခြင်း။

(၃) ဆုံးမထိုက်သောသတ္တဝါ, ကျွတ်ထိုက်သောသတ္တဝါတို့၏ အာသယ, အဇ္ဈာသယ, အနုသယ, အဓိမုတ္တိ, ဝါသနာ, စရိုက်, ရှေးကံ, ရှေးပါရမီတို့ကို ဟုတ်မှန်သောအတိုင်းအကြွင်းအကျန်မရှိ သိတော်မူနိုင်ခြင်း။

လက္ခဏာသုံးပါး

(၁) သာမညလက္ခဏာ - အနိစ္စတာစသော တရားတစ်ပါးနှင့်ဆက်ဆံသော သာမညသဘောသည် 'သာမညလက္ခဏာ'မည်၏။

(၂) ဝိသေသလက္ခဏာ - ကက္ခဋတ္တစသော တရားတစ်ပါးနှင့်မဆက်ဆံ၊ ပထဝီစသည်နှင့်သာ ဆက်ဆံသော ဝိသေသသဘောသည် 'ဝိသေသလက္ခဏာ'မည်၏။

(၃) သာမည ဝိသေသ လက္ခဏာ - နမန၊--- ရုပ္ပနစသောသဘောသည် နာမ်၊ ရုပ်တရားတို့နှင့် ဆက်ဆံသောကြောင့် 'သာမည ဝိသေသ လက္ခဏာ'မည်၏။

နိဒါန်း

ဒေသ, ကာလ, ပရိသတ်စသည်တို့ဖြင့် မထင်ရှားသည်ကို ထင်ရှားအောင်ပြတတ်၍ 'နိဒါန်း'မည်၏။ နတ်ပြည်ဟူသောဒေသ၊ ဝါတွင်းသုံးလပတ်လုံးဟူသောကာလ၊ နတ်, ဗြဟ္မာဟူသော တရားနာပရိတ်သတ်တို့မှာ လွန်စွာထင်ရှားသဖြင့် အဘိဓမ္မာမှာ နိဒါန်းပြုလုပ်ဖွယ်ကိစ္စမရှိ၊ အလိုရှိမှုကား ခန္ဓာ, အာယတန, ဓာတ် စသည်တို့ကို အကြွင်းမဲ့ သိရာဖြစ်သော မဟာဗောဓိသည်ပင် အဘိဓမ္မာနိဒါန်း မည်၏။

| နိဒါန်းနှစ်ပါး | |
|---|---|
| အဓိဂမနိဒါန်း | ဒေသနာနိဒါန်း |
| - အဘိဓမ္မာကိုသိကြောင်းသဗ္ဗညုတဉာဏ်သည် အဓိဂမ မည်၏။<br>- သဗ္ဗညုတဉာဏ်ကိုရကြောင်းဖြစ်သော ပါရမီဆယ်ပါးစသည် သည် အဓိဂမနိဒါန်း မည်၏။<br>(တစ်နည်း)နိယတဗျာဒိတ်ခံသည်မှစ၍ ဗောဓိပင်နှင့်ရွှေပလ္လင်ကို ရသည်တိုင်အောင်သောကာလသည် အဓိဂမနိဒါန်း မည်၏။ | - အဘိဓမ္မာကို ဟောစဉ်ဒေသနာဉာဏ် ဟုဆိုအပ်သော သဗ္ဗညုတဉာဏ်သည် ဒေသနာနိဒါန်း မည်၏။<br>- ဒေသ၊ ကာလစသည်သည် ဒေသနာနိဒါန်းမည်၏။<br>(တစ်နည်း)ဗောဓိပင်နှင့်ရွှေပလ္လင်ကို ရသည်မှစ၍ ဓမ္မစကြာဟောကြားသည့်တိုင်အောင်သောကာလသည် ဒေသနာနိဒါန်း မည်၏။ |

www.dhammadownload.com



| နိဒါန်းသုံးပါး | | |
|---|---|---|
| ဒူရေနိဒါန်း | အဝိဒူရေနိဒါန်း | သန္တိကေနိဒါန်း |
| ဒီပင်္ကရာဘုရား၏ ခြေတော်ရင်းမှ တုသိတာနတ်ပြည် တိုင်အောင်သော ကာလသည် အဘိဓမ္မာ၏ ဝေးသော အကြောင်းဖြစ်၍ "ဒူရေနိဒါန်း" မည်၏။ | တုသိတာနတ်ပြည်မှ ဗောဓိမဏ္ဍိုင် တိုင်အောင်သောကာလသည် အဘိဓမ္မာ၏ မဝေးလွန်းသော (မနီးမဝေးသော)အကြောင်း ဖြစ်၍ "အဝိဒူရေနိဒါန်း" မည်၏။ | "ကုသလာဓမ္မာ"စသည်ကို မဟောမီ "ဧကံ သမယံ ဘဂဝါ" စသောစကား ရပ်သည် အဘိဓမ္မာ၏ နီးသောအကြောင်း ဖြစ်၍ "သန္တိကေနိဒါန်း" မည်၏။ |

တစ်နည်းအားဖြင့် အဗ္ဘန္တရနိဒါန်း၊ ဗာဟိရနိဒါန်းဟု နိဒါန်းနှစ်ပါးလည်း ဖြစ်သင့်သေး၏။

အဗ္ဘန္တရနိဒါန်း- (ဒေသကပုဂ္ဂိုလ်၏ အတွင်းသန္တာန်၌ ဖြစ်သောကြောင့်) ကရုဏာတော်သည် 'အဗ္ဘန္တရနိဒါန်း' မည်၏။ (အဗ္ဘန္တရ- ခန္ဓာကိုယ်၏ အတွင်း၌ဖြစ်သော + နိဒါန- အဘိဓမ္မာဒေသနာတော်၏အကြောင်း၊)

ဗာဟိရနိဒါန်း- ကာလ, ဒေသ, ပရိသတ်သည် 'ဗာဟိရနိဒါန်း'မည်၏။ ဟောရာကာလ, ဟောရာအရပ်, နာကြားရမည့် ပရိသတ်မရှိပါက အဘိဓမ္မာဒေသနာတော်သည်ပင် မဖြစ်ပေါ်နိုင်ချေ။ ထို့ကြောင့် ကာလ စသည်ကို ဗာဟိရနိဒါန်း ဟုခေါ်သည်။
(ဗာဟိရ - ခန္ဓာကိုယ်၏ ပြင်ပ၌ဖြစ်သော + နိဒါန - အဘိဓမ္မာဒေသနာတော်၏အကြောင်း။)

* မှတ်ချက်။ ။ မာတိကာဒေသနာတော် ဖြစ်ထွန်းစေသည့် အကြောင်းအရင်းအား ရှေးဆရာတော် မြတ်ကြီးများက အဓိဂမနိဒါန်း, ဒေသနာနိဒါန်းတို့ဖြစ်၏ဟု မိန့်မှာခဲ့ပါသည်။

အဘိဓမ္မာဒေသနာတော် ပကာရဏ ပရိစ္ဆေဒ အားဖြင့် အဘိဓမ္မာ(၇)ကျမ်း ရှိပါသည်။
(၁) ဓမ္မသင်္ဂဏီကျမ်း = ဓမ္မအားလုံးကို မာတိကာသဖွယ် စုပေါင်း၍ ဟောထားသောကျမ်း။
(၂) ဝိဘင်္ဂကျမ်း = ဓမ္မအပေါင်းကို ခွဲခြမ်းစိတ်ဖြာဝေဖန်သုံးသပ်၍ ဟောထားသောကျမ်း။
(၃) ဓာတုကထာကျမ်း = ဓမ္မအပေါင်းကို ဓာတ်ခွဲပြ၍ ဟောထားသောကျမ်း။
(၄) ပုဂ္ဂလပညတ္တိကျမ်း = ခွဲခြားစိတ်ဖြာထားသော ဓမ္မနှင့်ဓာတ်ကို ပုဂ္ဂိုလ်ပေါ်တင်ပြီးပြသဟောထားသောကျမ်း။
(၅) ကထာဝတ္ထုကျမ်း = ဓမ္မ၊ဓာတု၊ပုဂ္ဂလ တို့၌ ယုံမှားသံသယများကို ဖြေရှင်း ဟောထားသောကျမ်း။
(၆) ယမကကျမ်း = ဓမ္မတို့ကို၊ ပုဂ္ဂိုလ်စသည်ဖြင့် ---၊ အစုံအစုံတွဲ၍ ဟောထားသောကျမ်း။
(၇) ပဋ္ဌာန်းကျမ်း = ပရမတ္ထနှင့် သစ္စာတရားတို့၏ အခြေခံအကြောင်း၊ အကျိုး၊ ဆက်စပ်ကျေးဇူးပြုပုံ၊ ထောက်ပံ့ပုံတို့ကို ဟောကြားထားသောကျမ်း။

ကဏ္ဍ

မာတိကာကျမ်းသည် (အဘိဓမ္မာ ခုနစ်ကျမ်းမှ) ဓမ္မသင်္ဂဏီကျမ်း၏ ကဏ္ဍလေးပါးဖြစ်သော စိတ္တုပ္ပါဒကဏ္ဍ၊ ရူပကဏ္ဍ၊ နိက္ခေပကဏ္ဍ၊ အဋ္ဌကထာကဏ္ဍ တို့အနက် စိတ္တုပ္ပါဒကဏ္ဍမှ ဖြစ်ပါသည်။
စိတ္တုပ္ပါဒကဏ္ဍ - စိတ်,စေတသိက်စသည်တို့ကို ဝေဖန်ပြရာပါဠိရပ်သည် 'စိတ္တုပ္ပါဒကဏ္ဍ(စိတ္တဝိဘတ္တိ)'မည်၏။

www.dhammadownload.com



# အဘိဓမ္မာ ဒေသနာတော်

## အဘိဓမ္မာ

↓ (ပကာရဏ ပရိစ္ဆေအားဖြင့် ၇ ကျမ်း)

(၁) ဓမ္မသင်္ဂဏီ (၂) ဝိဘင်း (၃) ဓာတုကထာ (၄) ပုဂ္ဂလပညတ် (၅) ကထာဝတ္ထု (၆) ယမိုက် (၇) ပဋ္ဌာန်းကျမ်း

↓ ကဏ္ဍ ၄-ပါး၊

စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍ နိက္ခေပကဏ္ဍ အဋ္ဌကထာကဏ္ဍ

↓ ၂-ပါး

မာတိကာ ပဒဘာဇနီ

↓ ၂-ပါး

တိကမာတိကာ ဒုကမာတိကာ + သုတ္တန္တဒုက(ဒုက် ၄၂)(အရှင်သာရိပုတ္တရာ ဟော၏။)

ကုသလတိက် ဟေတု ....(ဒုက် ၁၀၀)

ဝေဒနာ--(တိက်-၂၂)

မာတိကာ (မာတာ ဝိယာတိ မာတိကာ) အမိနှင့်တူ၊ ရေမြောင်းနှင့် တူသောကြောင့် 'မာတိကာ' မည်၏။

▲ အမိနှင့်တူသောကြောင့် 'မာတိကာ' မည်၏။ အမိသည်သားသမီးကို ဖြစ်စေတတ်သကဲ့သို့ ထို့အတူ မာတိကာသည်လည်း နိဒ္ဒေသကို ဖြစ်စေတတ်သည်။ ဤသို့ဖြစ်စေတတ်သော သဘောအားဖြင့် တူ၏။

▲ ရေမြောင်းနှင့်တူသောကြောင့် 'မာတိကာ'မည်၏။ ရေမြောင်းသည် လယ်, ကန်, ချောင်း, စသည်သို့သက်ဝင်တတ်သကဲ့သို့ ထို့အတူ မာတိကာသည်လည်း နိဒ္ဒေသသို့အနက်အားဖြင့် သက်ဝင်တတ်၏။ ဤသို့သက်ဝင်ပုံသဘောအားဖြင့်တူ၏။ (တစ်နည်း) ရေမြောင်းသည် လယ်, ကန်, ချောင်းစသည်တို့နှင့် စပ်၍ဖြစ်သည်။ မာတိကာလည်း နိဒ္ဒေသနှင့် အနက်အားဖြင့် စပ်၍ဖြစ်သည်။ ဤသို့ စပ်၍ဖြစ်ပုံသဘော အားဖြင့် တူမျှကြသည်။

www.dhammadownload.com



မာတိကာ ၃-မျိုး

- တိကမာတိကာ(တိက်)၊ ဒုကမာတိကာ(ဒုက်)များမှာ ဘုရားဟောများဖြစ်၍ 'အဘိဓမ္မာမာတိကာ'မည်၏။
- အင်္ဂုတ္တိုရ်၊ သုတ်ပါထေယျများမှယူ၍ ဟောထားသော သုတ္တန္တမာတိကာများမှာ အရှင်သာရိပုတ္တရာဟော၍ အဘိဓမ္မာ၏ မာတိကာ မမည်။ (အဘိဓမ္မာကိုသင်သောမထေရ်တို့အား သုတ္တန်သို့ရောက်လျှင် မပင်ပမ်းစိမ့်သောငှာ အင်္ဂုတ္တိုရ်စသည်တို့မှပေါင်း၍ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ဟောတော်မူသည်။)

တိက မာတိကာ (တိက်)

ပရမတ္ထတရားတို့ကို သုံးဖို့သုံးစုပြု၍(သုံးပဒ)ဖြင့် ဟောရာဟောကြောင်းဖြစ်သော သဒ္ဒါအစဉ်ကို 'တိက်' ဟုခေါ်သည်။ ထိုသို့ ပရမတ္ထတရားတို့ကို သုံးပုံသုံးစုပြု၍ သုံးပုဒ်(သုံးပဒ)ဖြင့် ဟောထားသော မာတိကာသည် 'တိကမာတိကာ' မည်၏။

ဒုက မာတိကာ (ဒုက်)

ပရမတ္ထတရားတို့ကို နှစ်ဖို့နှစ်စုပြု၍(နှစ်ပဒ)ဖြင့် ဟောရာဟောကြောင်းဖြစ်သော သဒ္ဒါအစဉ်ကို 'ဒုက်'ဟုခေါ်သည်။ ထိုသို့ ပရမတ္ထတရားတို့ကို နှစ်ပုံနှစ်စုပြု၍ နှစ်ပုဒ်(နှစ်ပဒ)ဖြင့် ဟောထားသော မာတိကာသည် 'ဒုကမာတိကာ' မည်၏။

တိက/ဒုက

တိကမာတိကာ၊ ဒုကမာတိကာ နှစ်ပါးတို့တွင် - မှတ်ယူလွယ်သောကြောင့်လည်းကောင်း၊
- နည်းသောအပြားရှိသောကြောင့် လည်းကောင်း၊ တိကမာတိကာကို ရှေးဦးစွာ ဟောတော်မူပါသည်။
- (ကုသလတိက်- မြတ်သည်၏အဖြစ်၊ ချီးမွမ်းအပ်သည်၏အဖြစ်၊ ပစ္စုပ္ပန်, တမလွန်ဟူသော နှစ်ပါးသောဘဝတို့၌ အကျိုးစီးပွားကို ဖြစ်စေတတ်သည်၏အဖြစ်ကြောင့် ကုသိုလ်(ပဒ)ကို ရှေးဦးစွာ ဟောပါသည်။)

တုတ်လှမ်းချိုးဆရာတော် ရှင်စန္ဒမာလာ၏ တိကမာတိကာအချိုး

ကု,ဝေ မှာ ဝိ, ဥ ဖက်လို့၊ သံ,တက်နှင့် ပီ,ဒ, ဟေ၊ အာ, သေက်တွင် ပ နှစ်ရ၊ ဟောမူမသွေ။
ဟီ,မိ,မ ဥပ္ပန္နေ၊ တီ နှစ်ထွေ အဇ် ဒွေး၊ သ, တစ်တန် ဗာဝိတိက်ကို၊ ခဲကြိတ်လို့တွေး။

တုတ်လှမ်းချိုးဆရာတော် ရှင်စန္ဒမာလာ၏ ဒုကမာတိကာအချိုး

ဟေ, စူဠ, အာသဝနှင့်၊ သံယောဇ, ဂန္ထ၊ ဩဃ, ယောဂါနှင့်၊ နိ, ပရာ၊ မဟန်နော ဟောတဲ့ ဥပါ၊ ကိလေသာ နောက်မှာ ပိဋ္ဌိ၊ ဆယ့်သုံးသဒ်နှင့် ဒုက်စဉ်ရေ မှန်မလွဲအောင်၊ ခဲပါသတိ။

www.dhammadownload.com



## မာတိကာ အခွဲ

| မာတိကာ | ၃၅၀ | အာဒိလဒ္ဓနာမ/သဗ္ဗလဒ္ဓ | သပ္ပဒေသ / နိပ္ပဒေသ |
|---|---|---|---|
| အဘိ- တိက - ၂၂ | ၆၆ | ကြွင်း၂၁ / ဝေဒနာတိက် | ဝေ,ဝိတက်,ပီ,ဥပ္ပန်,တီ ၄ လီအာရမ် ၉ / ကြွင်း ၁၃ |
| အဘိ- ဒုက - ၁၀၀ | ၂၀၀ | အားလုံးအာဒိလဒ္ဓ / - | ဂေါ ၁၀ မှ ၃၁+ မဟန်-စိတ္တ(သမ်၊သံ) = ၃၃ / ကြွင်း ၆၇ |
| သုတ္တန္တ ဒုက - ၄၂ | ၈၄ | ကြွင်း ၃၉ / နာမ,သတိ,သမ | ၃၈ / အဓိနှင့် နိ၊ ပညတ္တိ၊ မှတ်သိနာမ၊ နိပ္ပဒေသ = ၄ |

### အာဒိလဒ္ဓနာမ (တိက်/ဒုက်)

အစပုဒ်၌ တည်နေသော သဒ္ဒါကို အစွဲပြု၍ ရအပ်သောအမည်ရှိသောတိက်ကို 'အာဒိလဒ္ဓနာမတိက်' ဟုခေါ်သည်။ (အာဒိ-အစ + လဒ္ဓ-ရအပ်သော + နာမ-အမည်)။

- ▲ အဘိ-တိက ဝေ-တိက်ကြည် ၂၁
- ▲ အဘိ-ဒုက အားလုံးအာဒိလဒ္ဓ ၁၀၀
- ▲ သုတ္တန္တ-ဒုက နာမ,သတိ,သမကြွင် ၃၉

### သဗ္ဗလဒ္ဓနာမ (တိက်/ဒုက်)

သုံးပုဒ်လုံး၌ တည်နေသော သဒ္ဒါကိုအစွဲပြု၍ ရအပ်သောအမည်ရှိသောတိက်ကို 'သဗ္ဗလဒ္ဓ နာမတိက်' ဟုခေါ်သည်။ (သဗ္ဗ-အကုန် + လဒ္ဓ-ရအပ်သော + နာမ-အမည်)။

- ▲ အဘိ-တိက ဝေတိက် ၁
- ▲ အဘိ-ဒုက (မရှိ) ×
- ▲ သုတ္တန္တ-ဒုက နာမ၊သတိ၊သမ၊ ၃

### သပ္ပဒေသတိက် (သပ္ပဒေသဒုက်၌လည်း ဤနည်းတူ တိက်နေရာတွင် ဒုက်ဖြင့်အစားသွင်း၊)

ပရမတ္ထတရား(၄)ပါးကို သုံးစုပြု၍ ဟောသော်လည်း မကုန်သောတရားကို တိက်မှတ်ထုတ်ရသဖြင့်၊ ယင်းတိက်မှတ်ကြွင်းရှိသောတိက်ကို 'သပ္ပဒေသတိက်' ဟု ခေါ်ပါသည်။(သ-ရှိ+ပဒေသ-အကြွင်းအကျန်)

ထိုသို့ တိက်ပုဒ်သုံးခုတို့၌မပါဝင်မူ၍ ကြွင်းကျန်နေသော တရားမျိုးကို၊ တိက်၌မပါဝင်မူ၍ တိက်မှလွတ်နေသောတရားများဖြစ်သောကြောင့် 'တိက်မုတ်' ဟုလည်း ခေါ်သည်။

- ▲ အဘိ-တိက ဝေ,ဝိတက်,ပီ,ဥပ္ပန်,တီ ၄ လီအာရမ် ၉
- ▲ အဘိ-ဒုက ဂေါ ၁၀ မှ ၃၁+ မဟန်-စိတ္တ(သမ်၊သံ) ၃၃
- ▲ သုတ္တန္တ-ဒုက အဓိနှင့် နိ၊ ပညတ္တိ၊ မှတ်သိ နာမ-၄ ကြွင် ၃၈

### နိပ္ပဒေသ (နိပ္ပဒေသဒုက်၌လည်း ဤနည်းတူ တိက်နေရာတွင် ဒုက်ဖြင့်အစားသွင်း၊)

တိက်ပုဒ်သုံးခုထဲ၌ အကုန်ပါဝင်သွား၍ ပရမတ္ထတရားအကြွင်းမရှိသော တိက်မျိုးသည် 'နိပ္ပဒေသတိက်' မည်၏။

- ▲ အဘိ-တိက ဝေ,ဝိတက်,ပီ,ဥပ္ပန်,တီ ၄ လီအာရမ် (၉) ကြွင် ၁၃
- ▲ အဘိ-ဒုက ဂေါ ဆယ်ခုမှ ၃၁ + မဟန်-စိတ္တ(သမ်၊သံ) ကြွင် ၆၇
- ▲ သုတ္တန္တ-ဒုက အဓိနှင့် နိ၊ ပညတ္တိ၊ မှတ်သိ နာမ နိပ္ပဒေသ၊) ၄

www.dhammadownload.com



ရုပ် ၂၈-ပါး

ဘူတ, ပသာ, ဂေါ, ဘာ, ဟာ။ ဇီ, အာ, (ပဋိစ္ဆေဒါ။) ဝိ ဝိ နှစ်ထွေ မှတ်လေ လက္ခဏာ။
၄ ၅ ၄ ၂ ၁ ၁ ၁ ၁ ၂ ၃ ၄

▲ ပသာ ဘာဝ ဇီနှင့်ဟ = နဝကမ္မဇာ။ ▲ လဟုတာစု ရုပ်သုံးခု စိတ် ဥ ဩဇာမှာ။

▲ ဝိညတ်ဒွိက၊ စိတ္တဇ။ ▲ သဒ္ဒ စိတ် ဥမှာ။ ▲ အဝိနိဗ္ဗါန် အာကာသံ ကံ စိတ် ဥ ဩဇာ။

| ရူပသမုဋ္ဌာန | | ရုပ်အမျိုးအစား | | | အာယတန/ဓာတ် | |
|---|---|---|---|---|---|---|
| ၁။ | ကမ္မဇ ၂၀ | ပသာ-၅ + ဘာဝ-၂ + ဇီ + ဟ | အဝိ ၈ + ပဋိစ္ဆေဒ | ဥပစယ+သန္တတိ | ဩ ၉ + ဓမ္မာ | ၉ + ၁ |
| ၂။ | စိတ္တဇ ၁၇ | လဟု-၃ + ဝိညတ်-၂ + သဒ္ဒ | ။ + ။ | ။ + ။ | ဩ ၅ + ဓမ္မာ | ၅ + ၁ |
| ၃။ | ဥတုဇ ၁၅ | ။ × ။ | ။ + ။ | ။ + ။ | ဩ ၅ + ဓမ္မာ | ၅ + ၁ |
| ၄။ | အာဟာရဇ ၁၄ | ။ × × | ။ + ။ | ။ + ။ | ဩ ၄ + ဓမ္မာ | ၄ + ၁ |

ကမ္မဇ ၂၀ ➔ စက်,သော,ဃာ,ဇိ,ကာ၊ ဘာဝ-၂ + ဇီ+ဟ / ပ. အာ. ဝတ.ဝါ. ဝဏ္ဏ.ဂန္ဓ.ရသ. ဩ / ပဋိ. ဥပ. သန်
(သဒ္ဒ × ) သဒ္ဒကြဉ် ဩဠာရိက ၁၀ ပါးမှ ဩဠာအာ/ဓာတ် ၉-ပါး + ကြွင်း သုခုမရုပ် ၉-ပါးသည် ဓမ္မာ အာ/ဓာတ်
(တိဇ ဆိုလျှင် အကြောင်း ၃-ပါး၌ ရနိုင်သမျှပြန်စု၍ တွက်ရပါမည်။)

တိဇ(စိတ္တပါ)➔ လဟု-၃ + ဝိညတ်-၂ +သဒ္ဒ /ပ. အာ . ဝတ.ဝါ. ဝဏ္ဏ.ဂန္ဓ.ရသ. ဩ / ပဋိ . ဥပ. သန်
ဩဠာရိကရုပ် ၇ ပါးမှ ဩဠာ အာ/ဓာတ် ၅-ပါး + ကြွင်း သုခုမရုပ် ၁၀-ပါးသည် ဓမ္မာ အာ/ဓာတ်

ကမ္မဇပါသော တိဇဆိုလျှင်(ကမ္မ၊ ဥ၊ ဟာ) ဆိုလျှင်ပသာ-၅/ ဂေါ(၇/၅) = ၁၀ နှင့် ကြွင်း ၁ = ၁၁
စိတ္တဇပါသော တိဇဆိုလျှင် (စိတ်၊ ဥ၊ ဟာ) စိတ္တဇ ၁၇ ယူလိုက်လျှင် အားလုံးပြီး၏။

ကမ္မဇရုပ် ၂၀ = အဘိဓမ္မတ္ထသင်္ဂဟ၌ မုချရကောင်းသည်မျှသာရည်၍ ဇေကန်-၉ + အနေကန်-၉ အားဖြင့် ၁၈-ပါးဆို၏။ ဤ၌ကား ရုပ်ကိုဖြစ်စေတတ်သော ကံ-စသောအကြောင်းတရားတို့၏ သတ္တိဗျာပါရမငြိမ်းမီ နိပ္ဖန္နရုပ်တို့၏ဖြစ်မှု ဥပါဒ် ဖြစ်သောကြောင့် ဥပစယနှင့်သန္တတိကို ပရိယာယ်အားဖြင့် အကြောင်းလေးပါးတို့ကြောင့် ဖြစ်သည်ဟုယူ၍ ထည့်သွင်းပြီး ကမ္မဇရုပ်-၂၀ ဟုဆိုထား၏။ - စိတ်၊ ဥ၊ ဟာ ထိုနည်းတူ။

ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြား၍၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။ (ပရမတ္ထသံခိပ်ကျမ်း၊)

မြေဓာတ်, ရေဓာတ်၊ မီး,လေဓာတ်ဟု၊ လေးရုပ်ဘုတ်ကြီး၊ ပွားစီးအနက်။ စက်,သော,ဃာ,ဇိ၊ ကာ, ငါးလီမူ၊ အကြည်ရူပ၊ ပသာဒတည်း။ ရူပ,သဒ္ဒ၊ ဂန္ဓ,ရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာအာရုံ။ နှစ်စုံဘာဝ။ ဟဒယနှင့်။ ဇီဝ, ဩဇာ၊ ဆယ့်ရှစ်မှာမူ၊ လေးဖြာဟေတု၊ အကြောင်းစတုကြောင့်၊ ဖြစ်မှုပေါ်လော၊ သဘောသီးသီး၊ ကိုယ်စီပြီး၍၊ ရုပ်ကြီးရူပ၊ နိပ္ဖန္နတည့်။

ထိုမှတပါး၊ ကလာပ်ခြားမျှ၊ အာကာသနှင့်၊ ကာယပစီ၊ နှစ်လီကုယ်,နှုတ်၊ လှုပ်မှုရှားမှု၊ နှစ်ခုဝိညတ်။ ရူပသ-လဟု၊ မုဒု,ကမ္မည၊ ဝိကာရခေါ်၊ ရုပ်သုံးဖော်ကား၊ ပေါ့ပါးနူးညံ့၊ ကြမ်းခံ့မူရာ၊ တဖြာထိုမှ၊ ဥပစယ၊ အစပွားတိုး၊ အရိုးပြည့်မှီ၊ တည်စဉ်သန္တတိ၊ ရင့်ဘိ ဇရာ၊ ပျက်မှာ အနိစ္စ၊ ဤလေးဝမူ၊ လက္ခဏာရုပ်၊ ခေါ်သမုတ်၏။

ရုပ်ပေါင်းဆယ်တန်၊ အနိဖ္ဖန်တည့်၊ နိဖ္ဖန်ဆယ့်ရှစ်၊ ပေါင်းတုံလစ်က၊ ရှစ်ခုစွန်းကယ်၊ ရုပ်နှစ်ဆယ်သည်၊ အကျယ်ရူပက္ခန္ဓာတည်း။

www.dhammadownload.com



စေတသိက် ယှဉ်ပုံ

| စိတ်(၈၉) | စေတသိက် (၅၂) | | | ပေါင်း(အများဆုံး) |
|---|---|---|---|---|
| | အကု–၁၄ | အည–၁၃ | သောဘန–၂၅ | |
| သောဘဏ(၅၉/၉၁) | × | ✓ | ✓ | ၃၈ |
| အဟိတ် (၁၈) | × | ဆန္ဒကြဉ်–၁၂ | × | ၁၂ |
| အကု (၁၂) | ✓ | ✓ | × | ၂၇ |

၁။ သောဘန ၅၉/၉၁ ဆိုင်ရာ၌ သောဘနစေတသိက် ၂၅ + အညသမာန်း ၁၃ = စေ ၃၈ အများဆုံးယှဉ်နိုင်။
ဝိရတီ၊ အပ္ပမညာတို့ ယှဉ်ရာစိတ်၌ ပါ,မပါသတိပြု၍ ၃၈ မှန္တတ်ယူပါ။
- ဝိရတီ–၃ မဟာကုရှစ်၊ လောကုတ်ရှစ် ဖြစ်လစ်ဝိရတီ၊ မဟာကုမှာယှဉ်တုံပါ၊ ရံခါအသီးသီး၊
လောကုတ်ရှစ်မှာယှဉ်တုံပါ၊ မြဲစွာတပေါင်းတည်း။
- အပ္ပမညာ–၂ မဟာကု,ကြိ၊ ပ၊ဒု၊တ၊စ၊ရူပ–၁၂၊ ပေါင်း–၂၈ ဖြစ်လစ် အပ္ပမညာ။
- သောဘဏမှာ၊ စေယှဉ်ရာက၊ တက်,စာ,ပီတိ,အဉ်မှာကြည့်၍၊ ဝိ,အပ်,ဉာဏ်များ သတိထား။
တက်,စာ,ပီ,သု၊ ဈာန်အင်စု၊ ဝိရတီ, အပ္ပ, ဉာဏ၊ ပေါင်းဆယ်ဝ မှတ်ကြဝိသေသာ။

၂။ အဟိတ်စိတ်တို့တွင် ဆန္ဒကြဉ် အညသမာန်းစေတသိက် ၁၂–ပါးသာ အများဆုံးယှဉ်နိုင်။
အဟိတ်စိတ်မှာ၊ ဆန်မပါပဲ၊ ပီတိ,ဝီရိယ ကြဉ်ပြီးမှ၊ ယှဉ်ကြ အည သာ။
(ဒွေပဉ္စ–၁၀ တွင် သဗ္ဗစိတ္တသာဓာရဏ စေ ၇–ပါးသာ ယှဉ်၏။)

၃။ အကုသိုလ်ဆိုင်ရာတွင် အကုသိုလ်စေ–၁၄ + အညသမာန်း–၁၃ = စေ–၂၇ အများဆုံးယှဉ်နိုင်။
မော,ဟိ,နော,ဥဒ်၊ လော,မာန်,ဒိဋ္ဌိ၊ ဒေါ,ဣ,မစ်,ကုက်၊ ထိ,မိ ဝိစိ။
အကုစေတသိက်(၁၄)– ၄၊ ၃၊ ၄၊ ၂၊ ၁။
- မောစတုက် ၄–ပါးသည် အကုစိတ် ၁၂–ပါးဖြစ်တိုင်းယှဉ်၏။(သဗ္ဗာကုသလသာဓာရဏစေတသိက်၊)
- လောတြိ ၃–ပါးသည်၊ လောဘမူဖြစ်တိုင်း လောဘယှဉ်။
ဒိဋ္ဌိသံတွင် ဒိဋ္ဌိ ယှဉ်၍ မာန မယှဉ်။ ဒိဋ္ဌိဝိပ်တွင် မာန ယှဉ်၍ ဒိဋ္ဌိ မယှဉ်ပါ။
- ဒေါစတုက် ၄–ပါးသည် ဒေါသမူဖြစ်တိုင်းယှဉ်။ (ဣဿာနှင့် မစ္ဆရိယတို့ကို အာရုံဆိုင်ရာတွင်သတိပြု၊)
- အဆုံးတြိ ၃–ပါးတွင် ထိန, မိဒ္ဓ နှစ်ပါးသည် အသင်္ခါရိက၌ မယှဉ်။ သသင်္ခါရိက–၅ တွင်သာယှဉ်။
ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌သာယှဉ်။ (မောဟမူမပါလျှင် ဝိစိကိစ္ဆာ မရ။)
အကုစိတ်မှာ၊ စေယှဉ်ရာလည်း၊ အဉ်မှာ ပီ,အဝိ,ဆန္ဒကြဉ်ရန်၊ အကုနော။

၄။ အညသမာန်း(ပကိဏ်းစေ–၆)ဆိုင်ရာ၊
- ဝိတက်သည် ဒွေပဉ္စ–၁၀, ဒု,တ,စ,မ–ဈာန်တို့တွင် မယှဉ်ပါ။
- ဝိစာရသည် ဒွေပဉ္စ–၁၀, တ,စ,မ–ဈာန်တို့တွင် မယှဉ်ပါ။
- အဓိမောက္ခသည် ဒွေပဉ္စ–၁၀, ဝိစိ, တွင်မယှဉ်။
- ဝီရိယသည် ဗိုလ်ကိစ္စမတတ်လျှင် မယှဉ်။
- ပီတိနှင့်ဆန့်ကျင်ဘက်သည် ဒေါသနှင့် ဥပေက္ခာ။
- ဆန္ဒသည် မောဟမူဒွေနှင့် အဟိတ်၌ မယှဉ်။

# ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ဖွဲ့ပုံဇယား

| | ရုပ် (၂၈) | | | | | | | | | | | စေ (၅၂) | | | နိ | စိတ် (၈၉) | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဩဠာရိကရုပ် ၁၂ | | | | | | | | | | သုခု | | | | | | | | | | | |
| သရုပ်တွေ့ထုံးကွက် | စက္ခုပသာဒ | သောတပသာဒ | ဃာနပသာဒ | ဇိဝှါပသာဒ | ကာယပသာဒ | ရူပါရုံ | သဒ္ဒါရုံ | ဂန္ဓာရုံ | ရသာရုံ | ဖောဋ္ဌဗ္ဗာရုံ(ပ,တေ,ဝါ) | သုခုမရုပ်-၁၆ | ဝေဒနာစေတသိက်-၁ | သညာစေတသိက်-၁ | ကြွင်းသောစေတသိက်-၅၀ | နိဗ္ဗာန် | စက္ခုဝိညာဏ်ဒွေ | သောတဝိညာဏ်ဒွေ | ဃာနဝိညာဏ်ဒွေ | ဇိဝှါဝိညာဏ်ဒွေ | ကာယဝိညာဏ်ဒွေ | ပဉ္စဒွါ၊ သမ္ပဋိစ္ဆိုန်းဒွေ | ကြွင်းစိတ်-၇၆ |
| ခန္ဓာ(၅)ပါး | ရူပက္ခန္ဓာ | | | | | | | | | | | ဝေဒနာက္ခန္ဓာ | သညာက္ခန္ဓာ | သင်္ခါရက္ခန္ဓာ | × | ဝိညာဏက္ခန္ဓာ | | | | | | |
| အာယတန(၁၂)ပါး | စက္ခါယတန | သောတာယတန | ဃာနာယတန | ဇိဝှါယတန | ကာယာယတန | ရူပါယတန | သဒ္ဒါယတန | ဂန္ဓာယတန | ရသာယတန | ဖောဋ္ဌဗ္ဗာယတန | ဓမ္မာယတန | | | | | မနာယတန | | | | | | |
| ဓာတ် (၁၈)ပါး | စက္ခုဓာတ် | သောတဓာတ် | ဃာနဓာတ် | ဇိဝှါဓာတ် | ကာယဓာတ် | ရူပဓာတ် | သဒ္ဒဓာတ် | ဂန္ဓဓာတ် | ရသဓာတ် | ဖောဋ္ဌဗ္ဗဓာတ် | ဓမ္မဓာတ် | | | | | စက္ခုဝိညာဏဓာတ် | သောတဝိညာဏဓာတ် | ဃာနဝိညာဏဓာတ် | ဇိဝှါဝိညာဏဓာတ် | ကာယဝိညာဏဓာတ် | မနောဓာတ် | မနောဝိညာဏဓာတ် |

| သစ္စာ (၄)ပါး | | |
|---|---|---|
| | လောကီစိတ်-၈၁၊ (လောဘကြဉ်) စေတသိက်-၅၁၊ ရုပ်-၂၈၊ | ဒုက္ခသစ္စာ |
| | လောဘစေတသိက်၊ | သမုဒယသစ္စာ |
| | နိဗ္ဗာန်၊ | နိရောဓသစ္စာ |
| | **မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင်တရားကိုယ် ၈-ပါး/၇-ပါး၊** | **မဂ္ဂသစ္စာ** |
| | ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု၊ | သစ္စာဝိမုတ် |



www.dhammadownload.com

www.dhammadownload.com



ခန္ဓာ ၅-ပါး
(၁) ရုပ် ပါလျှင် ၂၈-ပါး(သို့) တစ်ပါးပါးပါလျှင် = ရူပက္ခန္ဓာ (ရုပ်)
(၂) စေတသိက်ပါလျှင် ဝေဒနာ = ဝေဒနာက္ခန္ဓာ (နာမ်)
(၃) ။ ။ သညာ = သညာက္ခန္ဓာ ( ။ )
(၄) ။ ။ ကြွင်း-၅၀ (သို့)တစ်ပါးပါးပါလျှင် = သင်္ခါရက္ခန္ဓာ ( ။ )
(၅) စိတ် ၈၉-ပါး (သို့) တစ်ပါးပါးပါလျှင် = ဝိညာဏက္ခန္ဓာ( ။ )

**နိဗ္ဗါန်သည် ခန္ဓာမှလွတ်**

'ဘေဒါ ဘာဝေန နိဗ္ဗါနံ၊ ခန္ဓသင်္ဂဟနိဿဋံ' ဟူသော အဘိဓမ္မတ္ထသင်္ဂဟ စကားအရ အတိတ်,အနာဂတ်စသည်အားဖြင့် ကွဲပြားမှု မရှိသောကြောင့် နိဗ္ဗါန်ကို ခန္ဓာမဖွဲ့ရ၊(ဖွဲ့၍ မရ)။ ထို့ကြောင့် 'နိဗ္ဗါန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏'ဟု ဆိုရပေသည်။

နိဗ္ဗာန် ပါလျှင်(နိဗ္ဗာန်သည် ခန္ဓာဝိမုတ် ဖြစ်သောကြောင့်)ခန္ဓာဝိမုတ် (*)(အမှတ်အသားပြုပါ။)

အာယတန ၁၂-ပါး
(၁) ရုပ်ပါလျှင်(၂၈-ပါးပါလျှင်) ၂၈ = သြဠာရိကရုပ် ၁၂-ပါး + သုခုမရုပ် ၁၆-ပါး
ပသာဒရုပ် ၅ ပါး + ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌ(ပ.တေ.ဝါ) ၇ ပါး + သုခုမရုပ် ၁၆-ပါး
၁၁ = (စက္ခာယတနစသည်) ၅ + (ရူပါယတနစသည်) ၅ + (ဓမ္မာရုံ) ဓမ္မာယတန
(၂) သုခုမရုပ်-၁၆, စေတသိက်-၅၂ (သို့) တစ်ပါးပါး, နိဗ္ဗာန် (ဓမ္မာရုံ) ဓမ္မာယတန
(၃) စိတ်ပါလျှင် စိတ်-၈၉ (သို့) ၁-ပါးပါးပါလျှင် မနာယတန

ဓာတ်(၁၈)ပါး၊
(၁) ရုပ်ပါလျှင်(၂၈-ပါးပါလျှင်) ၂၈ = သြဠာရိကရုပ် ၁၂-ပါး + သုခုမရုပ် ၁၆-ပါး
ပသာဒရုပ် ၅ ပါး + ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌ(ပ.တေ.ဝါ) ၇ ပါး + သုခုမရုပ် ၁၆-ပါး
၁၁ = (စက္ခုဓာတ်စသည်) ၅ + (ရူပဓာတ်စသည်) ၅ + (ဓမ္မာရုံ) ဓမ္မာဓာတ်
(၂) သုခုမရုပ်-၁၆, စေတသိက်-၅၂ (သို့) တစ်ပါးပါး, နိဗ္ဗာန် (ဓမ္မာရုံ) ဓမ္မာဓာတ်
(၃) စိတ်ပါလျှင် ၈၉ (သို့) ဝိပါက်အပြည့်/ အဟိတ်အပြည့်/ ဒွေပဉ္စဝိညာဏ် ၁၀ ပါလျှင် ၅(ပဉ္စဝိညာဏဓာတ်)
(ပဉ္စဒွါရာဝဇ္ဇန်း+သမ္ပဋိစ္ဆိုင်းဒွေ) မနောဓာတ်-၃ ပါလျှင် ၁(မနောဓာတ်)
(ဒွေပဉ္စဝိညာဏ်-၁၀+ မနောဓာတ်-၃ = ၁၃-ကြွင်) ၇၆(သို့)တစ်ပါးပါး ၁(မနောဝိညာဏဓာတ်)

သစ္စာ ၄ ပါး၊
(၁) လောကီစိတ်-၈၁, လောဘကြဉ်စေတသိက်-၅၁, ရုပ်-၂၈ (အတွင်းတစ်ပါးပါးပါ) = ဒုက္ခသစ္စာ
(၂) လောဘစေတသိက် = သမုဒယသစ္စာ
(၃) နိဗ္ဗာန် = နိရောဓသစ္စာ
(၄) မဂ်စိတ် ၄ ပါး၌ရှိသော (သမ္မာဒိဋ္ဌိစသည်) မဂ္ဂင်တရားကိုယ် ၈-ပါး/ ၇-ပါး = မဂ္ဂသစ္စာ
(မဂ်စိတ်(၄)ပါး၌ရှိသော သမ္မာဒိဋ္ဌိ,,သင်္ကပ္ပ, ,ဝါစာ,,ကမ္မန္တ,,အာဇီဝ, ,ဝါယာမ,,သတိ,သမ္မာသမာဓိ (၈)ပါး)
(ပရမတ္ထတရားအပြည့်ပါလျှင် မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာ ဝိမုတ်။)

www.dhammadownload.com



မဂ္ဂင်တရားကိုယ် ၈–ပါး/ ၇–ပါး

မဂ်ပထမဈာန်၌ယှဉ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၈–ပါး ယှဉ်ပါသည်။

မဂ်ဒုတိယဈာန်စသည်၌ သမ္မာသင်္ကပ္ပမဂ္ဂင်(ဝိတက်)မယှဉ်သောကြောင့် သမ္မာသင်္ကပ္ပကြဉ် ၇–ပါး ယှဉ်ပါသည်။

မဂ္ဂင်တရားကိုယ် ၈–ပါး, ၇–ပါးအရမှာ မဂ္ဂင်ရှစ်ပါးနှင့်ယှဉ်သော မဂ်မဋ္ဌမဈာန်ကိုရည်၍ ၈–ပါး၊ ဝိတက်တည်းဟူသော သမ္မာသင်္ကပ္ပနှင့် မယှဉ်သော မဂ်ဒုတိယဈာန်စသည်ကိုရည်၍ ၇–ပါးကိုဆိုသည်။

မဂ်စိတ္တုပ္ပါဒ်–၂၉

မဂ်စိတ်တို့၌ (အပ္ပမညာကြဉ်)စေတသိက် ၃၆–ပါး ယှဉ်၏။ ယင်းစေတသိက် ၃၆–ပါးတို့တွင် သမ္မာဒိဋ္ဌိစသော မဂ္ဂင်တရားကိုယ် စေတသိက် ၈–ပါးကို မဂ္ဂသစ္စာဖွဲ့ပြီးဖြစ်သောကြောင့် ၃၆–ပါး ထဲမှ နုတ်သော် ၂၈–ပါး ကျန်၏။ မဂ်စိတ်တို့မှာ အာရမ္မဏဝိဇာနနလက္ခဏာအားဖြင့် တူကြ၍၊ မဂ်စိတ်တို့ကို တစ်ခုပြုလုပ်ပြီး ယှဉ်ဘက် စေတသိက် ၂၈–ပါး ပေါင်းလျှင် မဂ်စိတ္တုပ္ပါဒ်–၂၉ ဖြစ်၏။
(၎င်း မဂ်စိတ္တုပ္ပါဒ်–၂၉ သည် သစ္စာမမည်သောကြောင့် သစ္စာဝိမုတ်ထုတ်ရ၏။)

ဖိုလ်စိတ္တုပ္ပါဒ်–၃၇

ဖိုလ်စိတ်တို့၌ (အပ္ပမညာကြဉ်)စေတသိက် ၃၆–ပါး ယှဉ်၏။ ၎င်းဖိုလ်စိတ်တို့၌ရှိသော မဂ္ဂင်တရားကိုယ် စေတသိက် ၈–ပါးကို မဂ္ဂသစ္စာဖွဲ့၍မရပါ။ ဖိုလ်စိတ်တို့မှာ အာရမ္မဏဝိဇာနနလက္ခဏာအားဖြင့်တူကြ၍၊ ဖိုလ်စိတ်တို့ကို တစ်ခုပြုလုပ်ပြီး ယှဉ်ဘက်စေတသိက် ၃၆–ပါးနှင့်ပေါင်းလျှင် ဖိုလ်စိတ္တုပ္ပါဒ်–၃၇ ဖြစ်၏။
(၎င်း ဖိုလ်စိတ္တုပ္ပါဒ်–၃၇ သည် သစ္စာမမည်သောကြောင့် သစ္စာဝိမုတ် ထုတ်ရ၏။)

သစ္စာဝိမုတ်

သစ္စာဖွဲ့ရာတွင် လောကုတ္တရာစိတ္တုပ္ပါဒ်တွင် မဂ်စိတ်နှင့်ယှဉ်သော မဂ္ဂင်တရားကိုယ်စေတသိက် ၈–ပါးကိုသာ မဂ္ဂသစ္စာဖွဲ့ယူရပါသည်။ မဂ်စိတ်သည်လည်း မဂ္ဂသစ္စာမမည်, မဂ်စိတ်နှင့်ယှဉ်သော ကြွင်းစေတသိက် ၂၈–ပါးသည်လည်း မဂ္ဂသစ္စာမမည်။ ထို့ကြောင့် မဂ်စိတ္တုပ္ပါဒ်–၂၉ သည် လောကုတ္တရာဖြစ်နေသောကြောင့် ဒုက္ခသစ္စာ, သမုဒယသစ္စာလည်း မဟုတ်၊ နိရောဓသစ္စာလည်းမမည်သောကြောင့် သစ္စာဟူသော အရေအတွက်မှ လွတ်၍ 'သစ္စာဝိမုတ်' ထုတ်ရပါသည်။

ဤသို့လျှင် ဖိုလ်စိတ်သည်လည်းကောင်း၊ ဖိုလ်စိတ်နှင့်ယှဉ်သော စေတသိက်(၃၆)ပါးသည်လည်းကောင်း မဂ္ဂသစ္စာ မမည်။ ထို့ကြောင့် ဖိုလ်စိတ္တုပ္ပါဒ်–၃၇ သည် လောကုတ္တရာ ဖြစ်နေသောကြောင့် ဒုက္ခသစ္စာ, သမုဒယသစ္စာလည်းမဟုတ်၊ နိရောဓသစ္စာလည်းမမည်သောကြောင့် သစ္စာဟူသော အရေအတွက်မှ လွတ်၍ 'သစ္စာဝိမုတ်' ထုတ်ရပါသည်။
(ဖိုလ်စိတ်၌လည်း မဂ္ဂင်တရားကိုယ်စေတသိက် ၈–ပါးယှဉ်သော်လည်း ၎င်းသည် မဂ္ဂသစ္စာ မမည်ပါ။)

www.dhammadownload.com



▲ စိတ်သီးသန့် သစ္စာဖွဲ့လျှင် စေတသိက်(မကြည့်ရ)မပါသောကြောင့် လောကုတ် ၈ သည် သစ္စာဝိမုတ်။

▲ စေတသိက်သီးသန့် သစ္စာဖွဲ့လျှင် (စိတ်သရုပ်ကိုခွဲ၍ စိတ်၌ရှိသော စေတသိက်ကိုကြည့်ရမည်။) မဂ်စိတ်နှင့်ယှဉ်သော မဂ္ဂင်တရားကိုယ်စေတသိက် ၈-ပါးသာလျှင် မဂ္ဂသစ္စာ မည်ပါသည်။ စိတ်မပါသောကြောင့် မဂ်စိတ် ၄-ပါး၌ရှိသော(မဂ္ဂင်တရားကိုယ်များကြဉ်သော) စေတသိက်-၂၈ နှင့် ဖိုလ်စိတ် ၄-ပါး၌ရှိသော စေတသိက်-၃၆ သည် သစ္စာဝိမုတ်။ (စိတ်အရေအတွက် မပါသောကြောင့် အာရမ္မဏ ဝိဇာနန(၁)ကို ပြန်ပေါင်းပေးရန် မလိုပါ။)

သစ္စာ ၄-ပါးလုံးရသောတိတ်ပုဒ် – ဗဟိဒ္ဓါ ဓမ္မာ, အနိဒဿနအပဋိဃာ ဓမ္မာ အားဖြင့် ၂ ပုဒ်။

သစ္စာမရသောတိတ်ပုဒ် – အသေက္ခ ဓမ္မာ ၁ ပုဒ်။

မဂ်စိတ္တုပ္ပါဒ်များ အကုသိုလ်နှင့်ကိလေသာ ပယ်ပုံ ဇယား

| မဂ် | | ပယ်ပုံ | အကုသိုလ်(၁၂)စိတ္တုပ္ပါဒ် | ကိလေသာ |
|---|---|---|---|---|
| ၁ | သောတာပတ္တိမဂ် | အကြွင်းမဲ့ပယ် | ဒိဋ္ဌိသံ ၄, ဝိစိ ၁ / မာန, ဒေါစတုက်ကြဉ်စေ-၂၂၊ | ဒိဋ္ဌိ, ဝိစိကိစ္ဆာ၊ |
| | | တနုကရပယ် | အပါယဂမနိယဖြစ်သော– ဒိဋ္ဌိဝိပ် ၄, ဒေါ ၂ / ဒိဋ္ဌိ, ဝိစိကြဉ်စေ-၂၅ | |
| ၂ | သကဒါဂါမိမဂ် | အကြွင်းမဲ့ပယ် | မရှိ၊ | အကြွင်းမဲ့ပယ် မရှိ။ ရုန့်ရင်းသော လော,ဒေါ, မောတို့ကို ခေါင်းပါးစေ။ |
| | | တနုကရပယ် | ရုန့်ရင်း ဒိဋ္ဌိဝိပ် ၄, ဒေါ ၂ / ဒိဋ္ဌိ, ဝိစိကြဉ်စေ-၂၅၊ | |
| ၃ | အနာဂါမိမဂ် | အကြွင်းမဲ့ပယ် | ကာမရာဂနှင့်သမ္ပယုတ်ဖြစ်သော– ဒိဋ္ဌိဝိပ် ၄, ဒေါ ၂ / ဒိဋ္ဌိ, ဝိစိကြဉ်စေ-၂၅၊ | ကာမရာဂသံယောဇဉ်တစ်ပိ၊ ဒေါသကို အကြွင်းမဲ့ပယ်။ ရုန့်ရင်းသော လော, မော တို့ကို ခေါင်းပါးစေ။ |
| | | တနုကရပယ် | မရှိ၊ | |
| ၄ | အရဟတ္တမဂ် | အကြွင်းမဲ့ပယ် | ရူပ, အရူပရာဂနှင့်သမ္ပယုတ်ဖြစ်သော– ဒိဋ္ဌိဝိပ် ၄, ဥဒ္ဓစ္စ ၁ / ဒိဋ္ဌိ,ဒေါစတုက်,ဝိစိကြဉ်စေ- ၂၁၊ | ရူပ, အရူပရာဂသံယောဇဉ်တစ်ပိ၊ မောဟ,မာန,ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ, တို့ကို အကြွင်းမဲ့ပယ်။ |
| | | တနုကရပယ် | မရှိ၊ | |

ဤမာတိကာကျမ်းဖြင့် ပရမတ္ထတရားလေးပါး(စိတ်–၈၉၊ စေတသိက်–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊)တို့အား ထဲထဲဝင်ဝင် လေ့လာမှတ်သား၍၊ ရုပ်ဓမ္မ,နာမ်ဓမ္မများကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ အမြင်ဖြင့် ဆင်ခြင်နှလုံးသွင်း၍ နေကြရပါမည်။

www.dhammadownload.com



အာရမ္မဏ ဇယား

| | အာရမ္မဏိက | | အာရုံ | ပရိတ္တာရမ္မဏ | အတီတာရမ္မဏ | အဇ္ဈတ္တာရမ္မဏ |
|---|---|---|---|---|---|---|
| ၁ | စက်,သော,ဃာ,ဇိ,ကာ | ၁၀ | ပစ္စုပ္ပန် ရူ,သ,ဂ,ရ,ဖေါဋ္ဌဗ္ဗာရုံ | ပရိတ္တကေန် ၂၅ | ပစ္စုပ္ပန်ကေန် ၁၃ | အဇ္ဈိအနေ ၅၆<br>ဗဟိဒ္ဓိအနေ ၅၆<br>အဇ္ဈိ,ဗအနေ ၅၆<br>ပညတ်အနေ ၃၁ |
| ၂ | မနောဓာတ် | ၃ | ပစ္စုပ္ပန် ပဉ္စာရုံ | | | |
| ၃ | တဒါရုံ + ဟသိ | ၁၂ | ကာမ၅၄၊ စေ၅၂၊ ရုပ်၂၈၊ | | ပစ္စုပ္ပန် အနေ ၄၃<br>အတိတ် အနေ ၄၃<br>အနာဂတ်အနေ ၄၃ | |
| ၄ | အကု ၁၂ +<br>မဟာကုဝိပ်၄+ကြိဝိပ်၄ | ၂၀ | ကီ ၈၁၊ စေ၅၂၊ရုပ်၂၈၊ပညတ်၊ | ပရိတ္တအနေ ၃၁<br>မဟဂ်အနေ ၃၁ | | |
| ၅ | မဟာကုသံ၄+ကုဘိ၁ | ၅ | အရ-မဂ်,ဖိုလ်ကြည်၈၇၊နိဗ္ဗာန်၊<br>စေ ၅၂၊ ရုပ် ၂၈၊ ပညတ်၊ | ပညတ်အနေ ၃၁ | ပညတ်အနေ ၃၁ | |
| ၆ | မနောဒွါရာဝဇ္ဇန်း +<br>မဟာကြိသံ၄+ကြိဘိ၁ | ၆ | စိတ်၈၉၊စေ၅၂၊ရုပ်၂၈၊နိဗ္ဗာန်၊<br>ပညတ်၊ | အပ္ပအနေ ၁၁ | အပ္ပအနေ ၁၁ | |
| ၇ | ရူပ ၁၅ + အာကာ ၃ | ၁၈ | ပညတ်၊ | ပညတ်ကေန်၂၁ | ပညတ်ကေန် ၂၁ | ဗဟိဒ္ဓကေန် ၁၈ |
| ၈ | အာကိံ ၃ | ၃ | | | | ပညတ်ကေန် ၃ |
| ၉ | ဝိညာ ၃ + နေဝ ၃ | ၆ | အာကာ ၃၊ အာကိံ ၃ | မဟဂ်ကေန် ၆ | အတိတ်ကေန် ၆ | အဇ္ဈိကေန် ၆ |
| ၁၀ | လောကုတ် ၈ | ၈ | နိဗ္ဗာန်၊ | အပ္ပကေန် ၈ | အပ္ပ ကေန် ၈ | ဗဟိဒ္ဓိကေန် ၈ |

| | | |
|---|---|---|
| ၅၆ (ကာမ ၅၄ + ဘိ ၂) | ကေန် ၁၃ | ဒွေပဉ္စ ၁၀, မနောဓာတ် ၃, |
| | အနေကန် ၄၃ | မနောဒွါ, ကာဇော ၂၉, ရုံ ၁၁, ဘိ ၂ |

နိဗ္ဗာန်ကို အာရမ္မဏ ၄-တိက်တို့တွင် သွင်း၍မကောက်ရပုံ

အာရမ္မဏ ၄-တိက်တွင် အာရုံပြုသည့်တရားများကိုကောက်ခြင်းဖြစ်၍ နိဗ္ဗာန်သည် မည်သည့်တရားကိုမျှအာရုံမပြုသောကြောင့် ယင်းတိက် ၄-တိက်တို့အတွင်းသွင်း၍ မကောက်ရဘဲ တိက်မုတ်အဖြစ်သာ ကောက်ရခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်သည် - လောကုတ္တရာစိတ် ၈-ပါးတို့က ကေန်အာရုံပြုသောတရား၊
- မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိ-၄၊ မဟာကြိသံ-၄၊ အဘိညာဉ်ဒွေတို့က အနေကန် အာရုံပြုသော တရားသာဖြစ်၍၊
- နိဗ္ဗာန်က မည်သည့်တရားကိုမျှ အာရုံပြုခြင်းမရှိသောကြောင့် အာရမ္မဏ ၄-တိက်တို့ အတွင်းသွင်း၍ မကောက်ရပါ။

နိဗ္ဗာန်သာ(သီးသန့်၊ တစ်မျိုးတည်း)တိက်မုတ်ထုတ်ရသောတိက် ၃ပွန္န, အတိတ အားဖြင့် ၂-တိက်။

www.dhammadownload.com



# အဘိဓမ္မပိဋက၊ ဓမ္မသင်္ဂဏီပါဠိ

# မာတိကာပါဠိတော်

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

## (၁) တိကမာတိကာ

၁။ ကုသလာ ဓမ္မာ။ အကုသလာ ဓမ္မာ။ အဗျာကတာ ဓမ္မာ။

၂။ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။
အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။

၃။ ဝိပါကာ ဓမ္မာ။ ဝိပါကဓမ္မဓမ္မာ။ နေဝဝိပါကနဝိပါကဓမ္မဓမ္မာ။

၄။ ဥပါဒိန္နုပါဒါနိယာ ဓမ္မာ။ အနုပါဒိန္နုပါဒါနိယာ ဓမ္မာ။ အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ။

၅။ သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။ အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။
အသံကိလိဋ္ဌအသံကိလေသိကာ ဓမ္မာ။

၆။ သဝိတက္ကသဝိစာရာ ဓမ္မာ။ အဝိတက္ကဝိစာရမတ္တာ ဓမ္မာ။ အဝိတက္ကအဝိစာရာ ဓမ္မာ။

၇။ ပီတိသဟဂတာ ဓမ္မာ။ သုခသဟဂတာ ဓမ္မာ။ ဥပေက္ခာသဟဂတာ ဓမ္မာ။

၈။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။
နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

၉။ ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ။ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

၁၀။ အာစယဂါမိနော ဓမ္မာ။ အပစယဂါမိနော ဓမ္မာ။ နေဝါစယဂါမိ နာပစယဂါမိနော ဓမ္မာ။

၁၁။ သေက္ခာ ဓမ္မာ။ အသေက္ခာ ဓမ္မာ။ နေဝသေက္ခနာသေက္ခာ ဓမ္မာ။

၁၂။ ပရိတ္တာ ဓမ္မာ။ မဟဂ္ဂတာ ဓမ္မာ။ အပ္ပမာဏာ ဓမ္မာ။

၁၃။ ပရိတ္တာရမ္မဏာ ဓမ္မာ။ မဟဂ္ဂတာရမ္မဏာ ဓမ္မာ။ အပ္ပမာဏာရမ္မဏာ ဓမ္မာ။

၁၄။ ဟီနာ ဓမ္မာ။ မဇ္ဈိမာ ဓမ္မာ။ ပဏီတာ ဓမ္မာ။

၁၅။ မိစ္ဆတ္တနိယတာ ဓမ္မာ။ သမ္မတ္တနိယတာ ဓမ္မာ။ အနိယတာ ဓမ္မာ။

www.dhammadownload.com



၁၆။ မဂ္ဂါရမ္မဏာ ဓမ္မာ။ မဂ္ဂဟေတုကာ ဓမ္မာ။ မဂ္ဂါဓိပတိနော ဓမ္မာ။

၁၇။ ဥပ္ပန္နာ ဓမ္မာ။ အနုပ္ပန္နာ ဓမ္မာ။ ဥပ္ပါဒိနော ဓမ္မာ။

၁၈။ အတီတာ ဓမ္မာ။ အနာဂတာ ဓမ္မာ။ ပစ္စုပ္ပန္နာ ဓမ္မာ။

၁၉။ အတီတာရမ္မဏာ ဓမ္မာ။ အနာဂတာရမ္မဏာ ဓမ္မာ။ ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ။

၂၀။ အဇ္ဈတ္တာ ဓမ္မာ။ ဗဟိဒ္ဓါ ဓမ္မာ။ အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ။

၂၁။ အဇ္ဈတ္တာရမ္မဏာ ဓမ္မာ။ ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။ အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။

၂၂။ သနိဒဿနသပ္ပဋိဃာ ဓမ္မာ။ အနိဒဿနသပ္ပဋိဃာ ဓမ္မာ။ အနိဒဿနအပ္ပဋိဃာ ဓမ္မာ။

တိကမာတိကာ။

## (၂) ဒုကမာတိကာ

### ၁။ ဟေတုဂေါစ္ဆက

၁။ ဟေတူ ဓမ္မာ။ န ဟေတူ ဓမ္မာ။

၂။ သဟေတုကာ ဓမ္မာ။ အဟေတုကာ ဓမ္မာ။

၃။ ဟေတုသမ္ပယုတ္တာ ဓမ္မာ။ ဟေတုဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ။ သဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ။

၅။ ဟေတူ စေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာ စ။ ဟေတုသမ္ပယုတ္တာ စေဝ ဓမ္မာ န စ ဟေတူ။

၆။ န ဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ။ အဟေတုကာပိ။

(ဟေတုဂေါစ္ဆကံ။)

### ၂။ စူဠန္တရဒုက

၁။ သပ္ပစ္စယာ ဓမ္မာ။ အပ္ပစ္စယာ ဓမ္မာ။

၂။ သင်္ခတာ ဓမ္မာ။ အသင်္ခတာ ဓမ္မာ။

၃။ သနိဒဿနာ ဓမ္မာ။ အနိဒဿနာ ဓမ္မာ။

၄။ သပ္ပဋိဃာ ဓမ္မာ။ အပ္ပဋိဃာ ဓမ္မာ။

၅။ ရူပိနော ဓမ္မာ။ အရူပိနော ဓမ္မာ။

၆။ လောကိယာ ဓမ္မာ။ လောကုတ္တရာ ဓမ္မာ။

၇။ ကေနစိ ဝိညေယျာ ဓမ္မာ။ ကေနစိ န ဝိညေယျာ ဓမ္မာ။

(စူဠန္တရဒုကံ။)

www.dhammadownload.com



## ၃။ အာသဝဂေါစ္ဆက

၁။ အာသဝါ ဓမ္မာ။ နော အာသဝါ ဓမ္မာ။
၂။ သာသဝါ ဓမ္မာ။ အနာသဝါ ဓမ္မာ။
၃။ အာသဝသမ္ပယုတ္တာ ဓမ္မာ။ အာသဝဝိပ္ပယုတ္တာ ဓမ္မာ။
၄။ အာသဝါ စေဝ ဓမ္မာ သာသဝါ စ။ သာသဝါ စေဝ ဓမ္မာ နော စ အာသဝါ။
၅။ အာသဝါ စေဝ ဓမ္မာ အာသဝသမ္ပယုတ္တာ စ။ အာသဝသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ အာသဝါ။
၆။ အာသဝဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သာသဝါပိ။ အနာသဝါပိ။

(အာသဝဂေါစ္ဆကံ။)

## ၄။ သညောဇနဂေါစ္ဆက

၁။ သညောဇနာ ဓမ္မာ။ နော သညောဇနာ ဓမ္မာ။
၂။ သညောဇနိယာ ဓမ္မာ။ အသညောဇနိယာ ဓမ္မာ။
၃။ သညောဇနသမ္ပယုတ္တာ ဓမ္မာ။ သညောဇနဝိပ္ပယုတ္တာ ဓမ္မာ။
၄။ သညောဇနာ စေဝ ဓမ္မာ သညောဇနိယာ စ။ သညောဇနိယာ စေဝ ဓမ္မာ နော စ သညောဇနာ။
၅။ သညောဇနာ စေဝ ဓမ္မာ သညောဇနသမ္ပယုတ္တာ စ။ သညောဇနသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ သညောဇနာ။
၆။ သညောဇနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သညောဇနိယာပိ။ အသညောဇနိယာပိ။

(သညောဇနဂေါစ္ဆကံ။)

## ၅။ ဂန္ထဂေါစ္ဆက

၁။ ဂန္ထာ ဓမ္မာ။ နော ဂန္ထာ ဓမ္မာ။
၂။ ဂန္ထနိယာ ဓမ္မာ။ အဂန္ထနိယာ ဓမ္မာ။
၃။ ဂန္ထသမ္ပယုတ္တာ ဓမ္မာ။ ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ။
၄။ ဂန္ထာ စေဝ ဓမ္မာ ဂန္ထနိယာ စ။ ဂန္ထနိယာ စေဝ ဓမ္မာ နော စ ဂန္ထာ။
၅။ ဂန္ထာ စေဝ ဓမ္မာ ဂန္ထသမ္ပယုတ္တာ စ။ ဂန္ထသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဂန္ထာ။
၆။ ဂန္ထဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဂန္ထနိယာပိ။ အဂန္ထနိယာပိ။

(ဂန္ထဂေါစ္ဆကံ။)

## ၆။ ဩဃဂေါစ္ဆက

၁။ ဩဃာ ဓမ္မာ။ နော ဩဃာ ဓမ္မာ။
၂။ ဩဃနိယာ ဓမ္မာ။ အနောဃနိယာ ဓမ္မာ။
၃။ ဩဃသမ္ပယုတ္တာ ဓမ္မာ။ ဩဃဝိပ္ပယုတ္တာ ဓမ္မာ။
၄။ ဩဃာ စေဝ ဓမ္မာ ဩဃနိယာ စ။ ဩဃနိယာ စေဝ ဓမ္မာ နော စ ဩဃာ။
၅။ ဩဃာ စေဝ ဓမ္မာ ဩဃသမ္ပယုတ္တာ စ။ ဩဃသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဩဃာ။
၆။ ဩဃဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဩဃနိယာပိ။ အနောဃနိယာပိ။ (ဩဃဂေါစ္ဆကံ။)

www.dhammadownload.com



## ၇။ ယောဂဂေါစ္ဆက

၁။ ယောဂါ ဓမ္မာ။ နော ယောဂါ ဓမ္မာ။

၂။ ယောဂနိယာ ဓမ္မာ။ အယောဂနိယာ ဓမ္မာ။

၃။ ယောဂသမ္ပယုတ္တာ ဓမ္မာ။ ယောဂဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ယောဂါ စေဝ ဓမ္မာ ယောဂနိယာ စ။ ယောဂနိယာ စေဝ ဓမ္မာ နော စ ယောဂါ။

၅။ ယောဂါ စေဝ ဓမ္မာ ယောဂသမ္ပယုတ္တာ စ။ ယောဂသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ယောဂါ။

၆။ ယောဂဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ယောဂနိယာပိ။ အယောဂနိယာပိ။ (ယောဂဂေါစ္ဆကံ။)

## ၈။ နီဝရဏဂေါစ္ဆက

၁။ နီဝရဏာ ဓမ္မာ။ နော နီဝရဏာ ဓမ္မာ။

၂။ နီဝရဏိယာ ဓမ္မာ။ အနီဝရဏိယာ ဓမ္မာ။

၃။ နီဝရဏသမ္ပယုတ္တာ ဓမ္မာ။ နီဝရဏဝိပ္ပယုတ္တာ ဓမ္မာ။

၄။ နီဝရဏာ စေဝ ဓမ္မာ နီဝရဏိယာ စ။ နီဝရဏိယာ စေဝ ဓမ္မာ နော စ နီဝရဏာ။

၅။ နီဝရဏာ စေဝ ဓမ္မာ နီဝရဏသမ္ပယုတ္တာ စ။ နီဝရဏသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ နီဝရဏာ။

၆။ နီဝရဏဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ နီဝရဏိယာပိ။ အနီဝရဏိယာပိ။

(နီဝရဏဂေါစ္ဆကံ။)

## ၉။ ပရာမာသဂေါစ္ဆက

၁။ ပရာမာသာ ဓမ္မာ။ နော ပရာမာသာ ဓမ္မာ။

၂။ ပရာမဋ္ဌာ ဓမ္မာ။ အပရာမဋ္ဌာ ဓမ္မာ။

၃။ ပရာမာသသမ္ပယုတ္တာ ဓမ္မာ။ ပရာမာသဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ပရာမာသာ စေဝ ဓမ္မာ ပရာမဋ္ဌာ စ။ ပရာမဋ္ဌာ စေဝ ဓမ္မာ နော စ ပရာမာသာ။

၅။ ပရာမာသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ပရာမဋ္ဌာပိ။ အပရာမဋ္ဌာပိ။ (ပရာမာသဂေါစ္ဆကံ။)

## ၁၀။ မဟန္တရဒုက

၁။ သာရမ္မဏာ ဓမ္မာ။ အနာရမ္မဏာ ဓမ္မာ။

၂။ စိတ္တာ ဓမ္မာ။ နော စိတ္တာ ဓမ္မာ။

၃။ စေတသိကာ ဓမ္မာ။ အစေတသိကာ ဓမ္မာ။

၄။ စိတ္တသမ္ပယုတ္တာ ဓမ္မာ။ စိတ္တဝိပ္ပယုတ္တာ ဓမ္မာ။

၅။ စိတ္တသံသဋ္ဌာ ဓမ္မာ။ စိတ္တဝိသံသဋ္ဌာ ဓမ္မာ။

၆။ စိတ္တသမုဋ္ဌာနာ ဓမ္မာ။ နော စိတ္တသမုဋ္ဌာနာ ဓမ္မာ။

၇။ စိတ္တသဟဘုနော ဓမ္မာ။ နော စိတ္တသဟဘုနော ဓမ္မာ။

၈။ စိတ္တာနုပရိဝတ္တိနော ဓမ္မာ။ နော စိတ္တာနုပရိဝတ္တိနော ဓမ္မာ။

www.dhammadownload.com



၉။ စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ။ နော စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ။
၁၀။ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ။ နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ။
၁၁။ စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ။ နော စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ။
၁၂။ အဇ္ဈတ္တိကာ ဓမ္မာ။ ဗာဟိရာ ဓမ္မာ။
၁၃။ ဥပါဒါ ဓမ္မာ။ နော ဥပါဒါ ဓမ္မာ။
၁၄။ ဥပါဒိန္နာ ဓမ္မာ။ အနုပါဒိန္နာ ဓမ္မာ။ (မဟန္တရဒုက်။)

## ၁၁။ ဥပါဒါနဂေါစ္ဆက

၁။ ဥပါဒါနာ ဓမ္မာ။ နော ဥပါဒါနာ ဓမ္မာ။
၂။ ဥပါဒါနိယာ ဓမ္မာ။ အနုပါဒါနိယာ ဓမ္မာ။
၃။ ဥပါဒါနသမ္ပယုတ္တာ ဓမ္မာ။ ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ။
၄။ ဥပါဒါနာ စေဝ ဓမ္မာ ဥပါဒါနိယာ စ။ ဥပါဒါနိယာ စေဝ ဓမ္မာ နော စ ဥပါဒါနာ။
၅။ ဥပါဒါနာ စေဝ ဓမ္မာ ဥပါဒါနသမ္ပယုတ္တာ စ။ ဥပါဒါနသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဥပါဒါနာ။
၆။ ဥပါဒါနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဥပါဒါနိယာပိ။ အနုပါဒါနိယာပိ။

(ဥပါဒါနဂေါစ္ဆက်။)

## ၁၂။ ကိလေသဂေါစ္ဆက

၁။ ကိလေသာ ဓမ္မာ။ နော ကိလေသာ ဓမ္မာ။
၂။ သံကိလေသိကာ ဓမ္မာ။ အသံကိလေသိကာ ဓမ္မာ။
၃။ သံကိလိဋ္ဌာ ဓမ္မာ။ အသံကိလိဋ္ဌာ ဓမ္မာ။
၄။ ကိလေသသမ္ပယုတ္တာ ဓမ္မာ။ ကိလေသဝိပ္ပယုတ္တာ ဓမ္မာ။
၅။ ကိလေသာ စေဝ ဓမ္မာ သံကိလေသိကာ စ။ သံကိလေသိကာ စေဝ ဓမ္မာ နော စ ကိလေသာ။
၆။ ကိလေသာ စေဝ ဓမ္မာ သံကိလိဋ္ဌာ စ။ သံကိလိဋ္ဌာ စေဝ ဓမ္မာ နော စ ကိလေသာ။
၇။ ကိလေသာ စေဝ ဓမ္မာ ကိလေသသမ္ပယုတ္တာ စ။ ကိလေသသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ကိလေသာ။
၈။ ကိလေသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သံကိလေသိကာပိ။ အသံကိလေသိကာပိ။

(ကိလေသဂေါစ္ဆက်။)

## ၁၃။ ပိဋ္ဌိဒုက

၁။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။ န ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။
၂။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။ န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။
၃။ ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ။ န ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
၄။ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။ န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

www.dhammadownload.com



၅။ သဝိတက္ကာ ဓမ္မာ။ အဝိတက္ကာ ဓမ္မာ။
၆။ သဝိစာရာ ဓမ္မာ။ အဝိစာရာ ဓမ္မာ။
၇။ သပ္ပီတိကာ ဓမ္မာ။ အပ္ပီတိကာ ဓမ္မာ။
၈။ ပီတိသဟဂတာ ဓမ္မာ။ န ပီတိသဟဂတာ ဓမ္မာ။
၉။ သုခသဟဂတာ ဓမ္မာ။ န သုခသဟဂတာ ဓမ္မာ။
၁၀။ ဥပေက္ခာသဟဂတာ ဓမ္မာ။ န ဥပေက္ခာသဟဂတာ ဓမ္မာ။
၁၁။ ကာမာဝစရာ ဓမ္မာ။ န ကာမာဝစရာ ဓမ္မာ။
၁၂။ ရူပါဝစရာ ဓမ္မာ။ န ရူပါဝစရာ ဓမ္မာ။
၁၃။ အရူပါဝစရာ ဓမ္မာ။ န အရူပါဝစရာ ဓမ္မာ။
၁၄။ ပရိယာပန္နာ ဓမ္မာ။ အပရိယာပန္နာ ဓမ္မာ။
၁၅။ နိယျာနိကာ ဓမ္မာ။ အနိယျာနိကာ ဓမ္မာ။
၁၆။ နိယတာ ဓမ္မာ။ အနိယတာ ဓမ္မာ။
၁၇။ သဥတ္တရာ ဓမ္မာ။ အနုတ္တရာ ဓမ္မာ။
၁၈။ သရဏာ ဓမ္မာ။ အရဏာ ဓမ္မာ။

(ပိဋ္ဌိဒုကံ။)
အဘိဓမ္မဒုကမာတိကာ။

## (၃) သုတ္တန္တိကဒုကမာတိကာ

၁။ ဝိဇ္ဇာဘာဂိနော ဓမ္မာ။ အဝိဇ္ဇာဘာဂိနော ဓမ္မာ။
၂။ ဝိဇ္ဇူပမာ ဓမ္မာ။ ဝဇိရူပမာ ဓမ္မာ။
၃။ ဗာလာ ဓမ္မာ။ ပဏ္ဍိတာ ဓမ္မာ။
၄။ ကဏှာ ဓမ္မာ။ သုက္ကာ ဓမ္မာ။
၅။ တပနီယာ ဓမ္မာ။ အတပနီယာ ဓမ္မာ။
၆။ အဓိဝစနာ ဓမ္မာ။ အဓိဝစနပထာ ဓမ္မာ။
၇။ နိရုတ္တိ ဓမ္မာ။ နိရုတ္တိပထာ ဓမ္မာ။
၈။ ပညတ္တိ ဓမ္မာ။ ပညတ္တိပထာ ဓမ္မာ။
၉။ နာမဉ္စ။ ရူပဉ္စ။
၁၀။ အဝိဇ္ဇာ စ။ ဘဝတဏှာ စ။
၁၁။ ဘဝဒိဋ္ဌိ စ။ ဝိဘဝဒိဋ္ဌိ စ။
၁၂။ သဿတဒိဋ္ဌိ စ။ ဥစ္ဆေဒဒိဋ္ဌိ စ။
၁၃။ အန္တဝါ ဒိဋ္ဌိ စ။ အနန္တဝါ ဒိဋ္ဌိ စ။

www.dhammadownload.com



၁၄။ ပုဗ္ဗန္တာနုဒိဋ္ဌိ စ။ အပရန္တာနုဒိဋ္ဌိ စ။
၁၅။ အဟိရိကဉ္စ။ အနောတ္တပ္ပဉ္စ။
၁၆။ ဟိရီ စ။ ဩတ္တပ္ပဉ္စ။
၁၇။ ဒေါဝစဿတာ စ။ ပါပမိတ္တတာ စ။
၁၈။ သောဝစဿတာ စ။ ကလျာဏမိတ္တတာ စ။
၁၉။ အာပတ္တိကုသလတာ စ။ အာပတ္တိဝုဋ္ဌာနကုသလတာ စ။
၂၀။ သမာပတ္တိကုသလတာ စ။ သမာပတ္တိဝုဋ္ဌာနကုသလတာ စ။
၂၁။ ဓာတုကုသလတာ စ။ မနသိကာရကုသလတာ စ။
၂၂။ အာယတနကုသလတာ စ။ ပဋိစ္စသမုပ္ပါဒကုသလတာ စ။
၂၃။ ဌာနကုသလတာ စ။ အဋ္ဌာနကုသလတာ စ။
၂၄။ အဇ္ဇဝေါ စ။ မဒ္ဒဝေါ စ။
၂၅။ ခန္တိ စ။ သောရစ္စဉ္စ။
၂၆။ သာခလျဉ္စ။ ပဋိသန္ထာရော စ။
၂၇။ ဣန္ဒြိယေသု အဂုတ္တဒွါရတာ စ။ ဘောဇနေ အမတ္တညုတာ စ။
၂၈။ ဣန္ဒြိယေသု ဂုတ္တဒွါရတာ စ။ ဘောဇနေ မတ္တညုတာ စ။
၂၉။ မုဋ္ဌသစ္စဉ္စ။ အသမ္ပဇညဉ္စ။
၃၀။ သတိ စ။ သမ္ပဇညဉ္စ။
၃၁။ ပဋိသင်္ခါနဗလဉ္စ။ ဘာဝနာဗလဉ္စ။
၃၂။ သမထော စ။ ဝိပဿနာ စ။
၃၃။ သမထနိမိတ္တဉ္စ။ ပဂ္ဂါဟနိမိတ္တဉ္စ။
၃၄။ ပဂ္ဂါဟော စ။ အဝိက္ခေပေါ စ။
၃၅။ သီလဝိပတ္တိ စ။ ဒိဋ္ဌိဝိပတ္တိ စ။
၃၆။ သီလသမ္ပဒါ စ။ ဒိဋ္ဌိသမ္ပဒါ စ။
၃၇။ သီလဝိသုဒ္ဓိ စ။ ဒိဋ္ဌိဝိသုဒ္ဓိ စ။
၃၈။ ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပန။ ယထာဒိဋ္ဌိဿ စ ပဓာနံ။
၃၉။ သံဝေဂေါ စ သံဝေဇနီယေသု ဌာနေသု။ သံဝိဂ္ဂဿ စ ယောနိသော ပဓာနံ။
၄၀။ အသန္တုဋ္ဌိတာ စ ကုသလေသု ဓမ္မေသု။ အပ္ပဋိဝါနိတာ စ ပဓာနသ္မိံ။
၄၁။ ဝိဇ္ဇာ စ။ ဝိမုတ္တိ စ။
၄၂။ ခယေ ဉာဏံ။ အနုပ္ပါဒေ ဉာဏန္တိ။

သုတ္တန္တိကဒုကမာတိကာ။

**မာတိကာနိဋ္ဌိတာ။**

▲▲▲ ▲▲▲ ▲▲▲

www.dhammadownload.com



မာတိကာပါဠိတော်ကို ဦးစွာ ပူဇော်ပြီး၊ တိကမာတိကာ၊ ဒုကမာတိကာ၊ သုတ္တန္တိကမာတိကာ ပါဠိတော်များ၏ အနက်,အဓိပ္ပါယ်၊ သရုပ်သဘော၊ အရတရားများနှင့်တကွ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဖွဲ့ပုံများကို ဆက်လက်လေ့လာပွားများခြင်းအားဖြင့် အဘိဓမ္မာဉာဏ် ရင့်သန်လာစေပါမည်။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားလေးပါးကို ထိုးထွင်းသိမြင်ဆင်ခြင်၍ လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာဘာဝနာ အဆုံးတိုင် ပရိယတ်, ပဋိပတ် အကျင့်မြတ်တို့ဖြင့် ထူးမြတ်သောအကျိုးကျေးဇူးကို ခံစားကြ ဧကန်ရရှိနိုင်ပါသည်။

မာတိကာပါဠိတော်များ၏ အနက်,အဓိပ္ပါယ်၊ သရုပ်သဘော၊ အရတရားများနှင့်တကွ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဖွဲ့ပုံများကို လေ့လာရာတွင် တိကမာတိကာ၌ တိက်ပုဒ်တစ်ခုစီ၏ အနက်, သရုပ်, အရတရားများကို ပိုင်းပိုင်းခြားခြား ကြေညက်ပိုင်နိုင်စွာ လေ့လာမှတ်သားရပါသည်။ တိက် တစ်ခုစီ၏သဘောအထူးများကိုနားလည် သဘောပါပြီးမှ၊ သဘောတူရာတိက်ပုဒ်တို့ကို နှိုင်းယှဉ်၍လည်း လေ့လာမှတ်သားရပါသည်။ ပြီးလျှင်လည်း တိက်ပေါင်း ၂၂–တိက်အတွင်း မည်သို့တူသည် ထူးသည် ကိုလည်း သဘောပါအောင် လေ့လာသင့်ပါသည်။ ဤသို့ တရားအားလုံးကို ခြုံငုံလေ့လာနိုင်လျှင် မာတိကာဒေသနာတော်၌ ခက်သည်မမြင်တော့ဘဲ သဘောတွေ့ကာ ရင့်ကျက်၍အကျိုးထူးရရှိနိုင်မည်။

ဤနည်းတူ ဒုကမာတိကာ၊ သုတ္တန္တိကမာတိကာတို့ကိုလည်း လေ့လာသွားပါမည်။ ဤကဲ့သို့လေ့လာခြင်းအားဖြင့် 'နိဗ္ဗာန်၏အထူးများ'ကို အောက်ပါအတိုင်း ဆင်ခြင်သုံးသပ်နိုင်ပါသည်။

? နိဗ္ဗာန်သည် အဇ္ဈတ္တတရားလော, ဗဟိဒ္ဓတရားလော။
– တိကမာတိကာ – အဇ္ဈတ္တတိက် အရ 'ဗဟိဒ္ဓါ ဓမ္မာ' ဟူ၍လည်းကောင်း၊
ဒုကမာတိကာ – အဇ္ဈတ္တတိကဒုက် အရ 'ဗာဟိရာ ဓမ္မာ' ဟူ၍လည်းကောင်း ဟောတော်မူ သောကြောင့် နိဗ္ဗာန်သည် ဗဟိဒ္ဓတရား ဖြစ်ပါသည်။

? နိဗ္ဗာန်သည် ရုပ်တရားလော, နာမ်တရားလော။
– ဒုကမာတိကာ – စူဠန္တရဒုက် အရ 'အရူပိနော ဓမ္မာ' ဟူ၍လည်းကောင်း၊
သုတ္တန္တိကမာတိကာ – နာမရူပဒုက် အရ 'နာမဉ္စ' ဟူ၍လည်းကောင်း ဟောတော်မူသောကြောင့် နိဗ္ဗာန်သည် နာမ်တရား ဖြစ်ပါသည်။

? နိဗ္ဗာန်သည် မျက်စေ့ဖြင့် မြင်အပ်သောတရားလော, မမြင်အပ်သောတရားလော။
– တိကမာတိကာ – သနိဒဿနတိက် အရ 'အနိဒဿန အပ္ပဋိဃာ ဓမ္မာ' ဟူ၍လည်းကောင်း၊
ဒုကမာတိကာ – စူဠန္တရဒုက် အရ 'အနိဒဿနာ ဓမ္မာ' ဟူ၍လည်းကောင်း၊ ဟောတော်မူ သောကြောင့် နိဗ္ဗာန်သည် မျက်စေ့ဖြင့် မမြင်အပ်သောတရား ဖြစ်ပါသည်။

www.dhammadownload.com



# ၁။ ကုသလတိက်

(x ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | |
| ၁ | **ကုသလာ ဓမ္မာ**။ အနဝဇ္ဇ သုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိကုန်သော၊x ။ | ကု ၂၁၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၂ | ၂၉ - |
| ၃ | **အကုသလာ ဓမ္မာ**။ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိကုန်သော၊x ။ | အကု ၁၂၊ စေ ၂၇၊ | ၄ | ၂ | ၂ | ၂ | - |
| ၀ | **အဗျာကတာ ဓမ္မာ**။ ကု,အကုတို့၏အဖြစ်အားဖြင့် မဟောကြားအပ်ကုန်သော၊ တပါးသောအဖြစ်အားဖြင့်သာ ဟောကြားအပ်ကုန်သော၊x ။ | ဝိ ၃၆, ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ | ၅* | ၁၂ | ၁၈ | ၂ | - ၃၇ |
| အာဒိလဒ္ဓ / နိပ္ပဒေသ | | | | | | | |

(၁) ၄၊၂၊၂၊၂၊(၂၉-)

မနောဝိညာဏ ဓမ္မ
ကု ၂၁၊ စေ ၃၈
ကိ-၁၇ မဂ် ၄ = ၃၆ စေ(အပွကြည်)
စေ-၃၈ ၂၈ ၈ (မဂ္ဂ)
၂၉

(၃) ၄၊၂၊၂၊၂၊(-)

မနောဝိညာဏ ဓမ္မ
အကု ၁၂၊ စေ ၂၇
လောဘ စေ ၂၆

(၀) ၅*၊၁၂၊၁၈၊၂၊(-၃၇)

၁၀, သံ ၂, ၂၄
၅, ၁, ၁ ပဋ္ဌ၊, ၁၉, ဓမ္မ * သုခုမ ၁၆ နိ
ဝိ ၃၆, ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၈ / နိ၊
ကိ ၃၂ ဖိုလ် ၄ ဩ ၁၂
(တိကြဉ်)၃၅ ၃၆(အပွကြည်) ပသာ ၅ ဓါ(၇)၅
၃၇
(အဗျာကတ ၄ မျိုး= ဝိပါက်, ကြိယာ, ရုပ် ၂၈, နိဗ္ဗာန်)

ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာဖွဲ့ပုံ

(၁-ပဒ) ကုသလာ ဓမ္မာ = ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး၊ မဂ်စိတ္တုပ္ပါဒ်-၂၉ သည် သစ္စာဝိမုတ် ဖြစ်ကုန်၏။

- ခန္ဓာအားဖြင့် ၄-ပါးဟူသော်ကား – စေတသိက် အဋ္ဌတိံသ(၃၈)တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာ မည်၏။ ဝေဒနာ၊ သညာမှကြွင်းသော စေတသိက် ဆတ္တိံသ(၃၆)သည် သင်္ခါရက္ခန္ဓာ မည်၏။ ကုသိုလ်စိတ် ဧကဝီသ(၂၁)သည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်၏။
- အာယတနအားဖြင့် ၂-ပါးဟူသော်ကား – ကုသိုလ်စိတ် ဧကဝီသသည် မနာယတန မည်၏။ စေတသိက် အဋ္ဌတိံသသည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်၏။

www.dhammadownload.com



- ဓာတ်အားဖြင့် ၂-ပါးဟူသော်ကား - ကုသိုလ်စိတ် ကေဝီသသည် မနောဝိညာဏဓာတ် မည်၏။ စေတသိက် အဋ္ဌတိံသသည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါး ဖြစ်၏။
- သစ္စာအားဖြင့် ၂-ပါးဟူသော်ကား - လောကီကုသိုလ်သတ္တရသ(၁၇)၊ စေတသိက်အဋ္ဌတိံသသည် ဒုက္ခသစ္စာ မည်၏။ မဂ်စိတ် ၄-ခုၓ်ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး, ၇-ပါး။ သကဒါဂါမိမဂ် ၈-ပါး, ၇-ပါး။ အနာဂါမိမဂ် ၈-ပါး, ၇-ပါး။ အရဟတ္တမဂ် ၈-ပါး, ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်၏။

(ဒု-ပဒ) အကုသလာ ဓမ္မာ = ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး၊ ဖြစ်ကုန်၏။

- ခန္ဓာအားဖြင့် ၄-ပါးဟူသော်ကား - စေတသိက် သတ္တဝီသ(၂၇)တို့တွင်၊ ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ သညာသည် သညာက္ခန္ဓာ။ ဝေဒနာ၊သညာမှကြွင်းသော စေတသိက် ပဉ္စဝီသ(၂၅)သည် သင်္ခါရက္ခန္ဓာ။ အကုသိုလ်စိတ် ဒွါဒသ(၁၂)သည် ဝိညာဏက္ခန္ဓာ မည်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်၏။
- အာယတနအားဖြင့် ၂-ပါးဟူသော်ကား - အကုသိုလ်စိတ် ဒွါဒသသည် မနာယတန။ စေတသိက်သတ္တဝီသသည် ဓမ္မာယတန။ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်၏။
- ဓာတ်အားဖြင့် ၂-ပါးဟူသော်ကား - အကုသိုလ်စိတ် ဒွါဒသသည် မနောဝိညာဏဓာတ်၊ စေတသိက် သတ္တဝီသသည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါး ဖြစ်၏။
- သစ္စာအားဖြင့် ၂-ပါးဟူသော်ကား - အကုသိုလ်စိတ် ဒွါဒသ၊ လောဘကြဉ်သော စေတသိက်ဆဗ္ဗီသ(၂၆)သည် ဒုက္ခသစ္စာ။ လောဘသည် သမုဒယသစ္စာ မည်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်၏။

(တ-ပဒ) အဗျာကတာ ဓမ္မာ = ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး၊ ဖိုလ်စိတ္တုပ္ပါဒ်(၁၇)သည် သစ္စာဝိမုတ်၊ ဖြစ်ကုန်၏။

- ခန္ဓာအားဖြင့် ၅-ပါး = ရုပ် အဋ္ဌဝီသ(၂၈)သည် ရူပက္ခန္ဓာ။ စေတသိက်အဋ္ဌတိံသ တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ သညာသည် သညာက္ခန္ဓာ။ ဝေဒနာ၊ သညာမှကြွင်းသော စေတသိက် ဆတ္တိံသ(၃၆)သည် သင်္ခါရက္ခန္ဓာ။ ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ(၂၀)သည် ဝိညာဏက္ခန္ဓာ မည်၏။ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်၏။
- အာယတန ၁၂-ပါး= ရုပ် အဋ္ဌဝီသ(၂၈)တို့တွင်၊ စက္ခုပသာဒသည် စက္ခာယတန။ သောတပသာဒသည် သောတာယတန။ ဃာနပသာဒသည် ဃာနာယတန။ ဇိဝှာပသာဒသည် ဇိဝှာယတန။ ကာယပသာဒသည် ကာယာယတန။ ရူပါရုံသည် ရူပါယတန။ သဒ္ဒါရုံသည် သဒ္ဒါယတန။ ဂန္ဓာရုံသည် ဂန္ဓာယတန။ ရသာရုံသည် ရသာယတန။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန။ ဝိပါက်စိတ် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)သည် မနာယတန။ စေတသိက် အဋ္ဌတိံသ၊ အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ (တစ်နည်း- ဇရတာ၊ အနိစ္စတာ)အားဖြင့် သုခုမရုပ်သောဠသ(၁၆)၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၁၂)ပါး ဖြစ်၏။

www.dhammadownload.com



- ဓာတ် ၁၈-ပါး = ရုပ်အဋ္ဌဝီသတို့တွင်၊ စက္ခုပသာဒသည် စက္ခုဓာတ်။ သောတပသာဒသည် သောတဓာတ်။ ဃာနပသာဒသည်ဃာနဓာတ်။ ဇိဝှာပသာဒသည်ဇိဝှာဓာတ်။ ကာယပသာဒသည်ကာယဓာတ်။ ရူပါရုံသည် ရူပဓာတ်။ သဒ္ဒါရုံသည်သဒ္ဒဓာတ်။ ဂန္ဓာရုံသည်ဂန္ဓဓာတ်။ ရသာရုံသည်ရသဓာတ်။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည်ဖောဋ္ဌဗ္ဗဓာတ်။ စက္ခုဝိညာဉ်ဒွေသည်စက္ခုဝိညာဏဓာတ်။ သောတဝိညာဉ်ဒွေသည် သောတဝိညာဏဓာတ်။ ဃာနဝိညာဏ်ဒွေသည်ဃာနဝိညာဏဓာတ်။ ဇိဝှာဝိညာဏ်ဒွေသည်ဇိဝှာဝိညာဏဓာတ်။ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏဓာတ်။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေသည် မနောဓာတ်။ ကြွင်းသောဝိပါက်စိတ် စတုဝီသ(၂၄)၊ ကြိယာစိတ် ဧကူနဝီသ(၁၉)သည် မနောဝိညာဏဓာတ်။ စေတသိက် အဋ္ဌတိံသ၊ အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊(တစ်နည်း-ဇရတာ၊ အနိစ္စတာ)အားဖြင့် သုခုမရုပ်သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါး ဖြစ်၏။
- သစ္စာအားဖြင့် ၂-ပါးဟူသော်ကား - လောကီဝိပါက် ဗာတ္တိံသ(၃၂)၊ ကြိယာစိတ်ဝီသ(၂၀)၊ စေတသိက် ပဉ္စတိံသ(၃၅)၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာ။ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်၏။

## ကုသလတိက်-

'ကုသလာဓမ္မာ'၊ 'အကုသလာဓမ္မာ'၊ 'အဗျာကတာဓမ္မာ' ဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါ အစဉ်သည် ပရမတ္ထတရားတို့ကို သုံးစုပြု၍ ဟောရာဟောကြောင်းဖြစ်သောကြောင့် 'တိက်' မည်၏။ ထိုတိက်သည် အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက်အားဖြင့် နှစ်ပါးတို့တွင် အစဦတည်သော ကုသလသဒ္ဒါဖြင့် ကုသလတိက်ဟူ၍ ရအပ်သောအမည်ရှိသည်၏အဖြစ်ကြောင့် 'အာဒိလဒ္ဓနာမတိက်' မည်၏။ သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့် နှစ်ပါးအပြားတွင်လည်း ကုသလတိက်သည် ကြွင်းသော ပရမတ္ထတရား မရှိသည်၏အဖြစ်ကြောင့် 'နိပ္ပဒေသတိက်' မည်၏။

## ကုသလတိက်ကို ရှေးဦးစွာဟောကြောင်း -

အဘိဓမ္မာ တိကမာတိကာ၊ တိက်ပေါင်း ၂၂-တိက်တို့တွင် ကုသလတိက်သည်-

- အလုံးစုံသော ပရမတ္ထတရားတို့ကို သိမ်းမိသောကြောင့်လည်းကောင်း၊
- ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့ အချင်းချင်း မရောယှက်သောကြောင့်လည်းကောင်း၊
- ကုသိုလ်ဟူသော အာဒိကလျာဏနှင့် ယှဉ်သောကြောင့်လည်းကောင်း၊

ကုသလတိက်ကို ရှေးဦးစွာဟောပါသည်။

## ကုသိုလ်(ပဒ)ကို ရှေးဦးစွာဟောကြောင်း -

မြတ်သည်၏အဖြစ်၊ ချီးမွမ်းအပ်သည်၏အဖြစ်၊ (ပစ္စုပ္ပန်၊ တမလွန်ဟူသော)နှစ်ပါးသောဘဝတို့၌ အကျိုးစီးပွားကို ဖြစ်စေတတ်သည်၏အဖြစ်ကြောင့် ကုသိုလ်(ပဒ)ကို ရှေးဦးစွာ ဟောပါသည်။

www.dhammadownload.com


ကုသလတိက် နှင့် သေက္ခတိက် အထူး

? သေက္ခတိက်၌ တတိယပုဒ်ကို ပထမပုဒ်နှင့် ဒုတိယပုဒ်ကိုပယ်၍ "နေဝသေက္ခာ နာသေက္ခာ" ဟုဟောတော်မူသကဲ့သို့ ကုသလတိက်၌လည်း တတိယပုဒ်ကို 'နေဝကုသလာနာကုသလာ'ဟု ဟောတော်မမူဘဲ အဘယ်ကြောင့် 'အဗျာကတာ ဓမ္မာ'ဟု ဟောတော်မူပါသနည်း။

ဖြေ။ သေက္ခာ၊ အသေက္ခာ သဘောရှိသောတရားတို့မှာ အကြောင်းတစုံတရာရှိစေကာမူ အခြားသောသဘောဖြင့်၊ အခြားသောအမည်ဖြင့် ဟောတော်မူအပ်သည် မရှိ။ မိမိတို့၏သဘောဖြင့်သာ မိမိတို့၏အမည်ဖြင့်သာ ဟောတော်မူအပ်သည်။ - ကုသိုလ်, အကုသိုလ် သဘောရှိသော တရားတို့မှာကား အရဟတ္တဖိုလ် ဖြစ်သောအခါ အခြားသော သဘောအားဖြင့်၊ အခြားသောအမည်အားဖြင့် ဟောတော်မူအပ်၏ဟု အနက်ထူးကိုပြလို၍ 'နေဝကုသလာနာကုသလာ'ဟု ဟောတော်မမူဘဲ 'အဗျာကတာ' ဟုသာ ဟောတော်မူပါသည်။

(တစ်နည်း) ကုသိုလ်,အကုသိုလ်တို့မည်သည် ပုထုဇဉ်,သေက္ခတို့ သန္တာန်၌ ဖြစ်သော်သာလျှင် ကုသိုလ်, အကုသိုလ်အရာ၌ တည်သည်။ ရဟန္တာသန္တာန်၌ဖြစ်သောအခါ ကုသိုလ်,အကုသိုလ်အရာ၌မတည်ဘဲ 'အဗျာကတာ'အရာ၌တည်သောကြောင့် 'နေဝကုသလာနာကုသလာ'ဟု ဟောတော်မမူဘဲ 'အဗျာကတာ' ဟုသာ ဟောတော်မူပါသည်။

(တစ်နည်း) 'နေဝကုသလာ နာကုသလာ' နှင့် 'အဗျာကတာ' တို့သည် သဒ္ဒါအားဖြင့်သာ ထူးခြားကွဲပြားသော်လည်း အနက်အားဖြင့်တူသောကြောင့် 'အဗျာကတာ'ဟုသာ ဟောတော်မူပါသည်။

ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ

- ကုသလာ - ပဟာယက - ပယ်တတ်သောတရား၊
- အကုသိုလ် - ပဟာတဗ္ဗ - ပယ်အပ်သောတရား၊

ဤသို့ ပဟာယက, ပဟာတဗ္ဗအားဖြင့် ဆန့်ကျင်သည်။

- အကုသလာ၌ 'အ'သဒ္ဒါကား 'ဝိရုဒ္ဓ'အနက်ကို ဟော၏။
- အဗျာကတာ၌ 'အ'သဒ္ဒါကား 'အညု'အနက်ကို ဟော၏။

ကုသိုလ်,အကုသိုလ်တို့မှတပါးဖြစ်သည်ဟု ဆိုလိုသည်။

အဗျာကတ ၄-မျိုး

ဝိပါက်စိတ်၊ ကြိယာစိတ်၊ ရုပ် ၂၈ ပါး၊ နိဗ္ဗာန် အားဖြင့် အဗျာကတ(၄)မျိုး ဖြစ်သတည်း။

အနဝဇ္ဇ

(န+အဝဇ္ဇ) ပြောဆိုကဲ့ရဲ့ထိုက်သောကြောင့် ကိလေသာတရားတို့ကို 'ဝဇ္ဇ(အဝဇ္ဇ)'ဟု ခေါ်သည်။ ကိလေသာအပြစ် မရှိသော ကုသိုလ်,ဝိပါက်,ကြိယာ(ကုသိုလ်,အဗျာကတတရား)တို့ကို 'အနဝဇ္ဇ'ဟု ခေါ်သည်။

အနဝဇ္ဇ သုခဝိပါကလက္ခဏာ - အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာ၊

သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ - အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာ၊

www.dhammadownload.com



## ၂။ ဝေဒနာတိက်

(x ခမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် |
|---|---|---|---|---|---|---|---|
| ပ | **သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။** သုခဖြစ်သောဝေဒနာနှင့်အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော၊x ။ | သုခသဟဂုတ် ၆၃၊ ဝေ,ဒေါစတုက်,ဝိစိ ကြဉ်စေ ၄၆၊ | ၃ | ၂ | ၃ | ၃ | ၂၈–၃၆ |
| ဒု | **ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။** ဒုက္ခဖြစ်သောဝေဒနာနှင့်အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော၊x ။ | ဒုက္ခသဟဂုတ် ၃၊ ဝေ,ပီ,လောတြိ,ဝိစိ ကြဉ်စေ ၂၁၊ | ၃ | ၂ | ၃ | ၁ | – |
| တ | အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ။ ဒုက္ခလည်းမဟုတ်,သုခလည်းမဟုတ်သော၊ (ဝါ) ဒုက္ခမှလည်းတစ်ပါး, သုခမှလည်းတစ်ပါးသော၊ အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော၊x ။ | ဥပေက္ခာ ၅၅၊ ဝေ,ပီ,ဒေါစတုက် ကြဉ်စေ ၄၆၊ | ၃ | ၂ | ၇ | ၃ | ၂၆–၃၃ |

သဗ္ဗလဒ္ဓ / သပ္ပဒေသ (တိတ်မှတ်– သုခသ ဝေ ၆၃, ဒုက္ခ ဝေ ၃, ဥပေက္ခာ ဝေ ၅၅၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ )

| စိတ် ၁၂၁ | သုခ+သော | ဒုက္ခ+ဒေါ | ဥပေက္ခာ |
|---|---|---|---|
| လောမူ ၈ | ၄ | – | ၄ |
| ဒေါမူ ၂ | – | ၂ | – |
| မောမူ ၂ | – | – | ၂ |
| အကုဝိ ၇ | – | ဒုက္ခ ၁ | ၆ |
| အဟိတ်ကုဝိ ၈ | သုခ,သောသံ | – | ၆ |
| အဟိတ်ကြိ ၃ | ဟသိ | – | အာ ၂ |
| ကာမသော ၂၄ | ၁၂ | – | ၁၂ |
| ရူပ ၁၅ | ၁၂$^{ပ,ဒု,တ,စ}$ | – | ၃$^{မ}$ |
| အရူပ ၁၂ | – | – | ၁၂$^{မ}$ |
| လောကုတ် ၄၀ | ၃၂$^{ပ,ဒု,တ,စ}$ | – | ၈$^{မ}$ |
| ဝေဒနာ ၁၂၁ | သုခ ၆၃ | ဒုက္ခ ၃ | ဥ– ၅၅ |

(ပ) ၃၊၂၊၃၊၃၊(၂၈–၃၆) (ဝေဒနာက္ခန္ဓာ မရပ္ပါ။)

သုခကာယဝိ, ၆၂

၁, ၁ ဓမ္မ

သုခသဟဂုတ် ၆၃၊ ဝေ,ဒေါ ၄,ဝိစိကြဉ်စေ ၄၆၊

လောကီ ၃၁ ကုတ် ၃၂$^{ပ,ဒု,တ,စ}$

ဝေ,ဒေါ၄,ဝိစိကြဉ်စေ၄၆ ဖိုလ်၁၆ မဂ် ၁၆

လောဘ ၄၅ ၃၅(ဝေ,အပ္ပကြဉ်) ၃၅(ဝေ,အပ္ပကြဉ်)

၃၆ ၂၇ ၈(မဂ္ဂ)

၂၈

(ဒု) ၃၊၂၊၃၊၁၊(–)

ဒုက္ခကာယဝိ, ၂ (ဝေဒနာက္ခန္ဓာ မရပ္ပါ။)

၁, ၁ ဓမ္မ

ဒုက္ခသဟဂုတ် ၃၊ ဝေ,ပီ,လောတြိ,ဝိစိကြဉ် ၂၁၊

လောကီ ၃ (ကုတ်X)

ဝေ,ပီ,လောတြိ,ဝိစိကြဉ် ၂၁ (လောဘX)

www.dhammadownload.com



| | |
|---|---|
| ပ–ပဒ ၆၃ ၄၆ ကြည့်–ဝေ, ဒေါ ၄, ဝိစိ<br>ဒု–ပဒ ၃ ၂၁ ကြည့်–ဝေ,ပီ, လော၃,ဝိစိ<br>တ–ပဒ ၅၅ ၄၆ ကြည့်–ဝေ,ပီ, ဒေါ ၄, | (တ) ၃၊၂၊၇၊၃၊(၂၆–၃၃) (ဝေဒနာက္ခန္ဓာ မရပ္ပါ။)<br>စက်,သော,ဃာ,ဇိ ၈, မနော ၃, ၄၄<br>၄, ၁, ၁ ဓမ္မ<br>ဥပက္ခာသဟဂုတ် ၅၅၊ ဝေ,ပီ,ဒေါ ၄ ကြည့် ၄၆၊ |
| ဝေ–တိက်တွင် သုံး–ပဒလုံး၌ စေ–၆ ခု ကြည့်၏။ | လောကီ ၄၇ ကုတ် ၈<br>ဝေ,ပီ,ဒေါစတုတ်ကြည့် ၄၆ ဖိုလ် ၄ မဂ် ၄ |
| တိက်မှတ် သုခဝေဒနာ ၆၃<br>ဒုက္ခဝေဒနာ ၃<br>ဥပေက္ခဝေဒနာ ၅၅<br>(ဝေဒနာ ၁၂၁)<br>ရုပ် ၂၈၊ နိဗ္ဗာန် | လောဘ စေ၄၅ ၃၂ ၃၂(ဝေ,ပီ,တက်,စာ,အပ္ပကြည့်)<br>၃၃ ၂၅ ၇(သမ္မသက်ပ္ပကြည့် မဂ္ဂ)<br>၂၆ |

ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာဖွဲ့ပုံ

(ပ–ပဒ) သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။ = ထိုတရားတို့သည် ခန္ဓာ ၃–ပါး၊ အာယတန ၂–ပါး၊ ဓာတ် ၃–ပါး၊ သစ္စာ ၃–ပါး။ မဂ်စိတ္တုပ္ပါဒ်–၂၈ နှင့် ဖိုလ်စိတ္တုပ္ပါဒ်–၃၆ သည် သစ္စာဝိမုတ် ဖြစ်ကုန်၏။

- ခန္ဓာအားဖြင့် ၃–ပါးဟူသော်ကား– စေတသိက်–၄၆ တွင်၊ သညာသည် သညာက္ခန္ဓာ။ သညာမှကြွင်းသော စေတသိက်–၄၅ သည် သင်္ခါရက္ခန္ဓာ။ သုခသဟဂုတ်စိတ် ၆၃–ခုသည် ဝိညာဏက္ခန္ဓာ မည်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၃–ပါး ဖြစ်၏။
- အာယတန ၂–ပါး – သုခသဟဂုတ်စိတ် ၆၃–ခုသည် မနာယတန။ စေတသိက်–၄၆ သည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၂–ပါး ဖြစ်၏။
- ဓာတ် ၃–ပါး– သုခသဟဂုတ်ကာယဝိညာဉ်သည် ကာယဝိညာဏဓာတ်။ ကြွင်းသောသုခစိတ် ၆၂–ခုသည် မနောဝိညာဏဓာတ်။ စေတသိက်–၄၆ သည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၃–ပါး ဖြစ်၏။
- သစ္စာ ၃–ပါး – လောကီသုခသဟဂုတ်စိတ်–၃၁၊ လောဘကြည့်သောစေတသိက်–၄၅ သည်၊ ဒုက္ခသစ္စာ။ လောဘသည် သမုဒယသစ္စာ။ မဂ်သုခသဟဂုတ်စိတ်(၁၆)ရှိ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟုဆိုအပ်သော၊ သောတာပတ္တိမဂ် ၈–ပါး, ၇–ပါး၊ သကဒါဂါမိမဂ် ၈–ပါး, ၇–ပါး၊ အနာဂါမိမဂ် ၈–ပါး, ၇–ပါး၊ အရဟတ္တမဂ် ၈–ပါး, ၇–ပါးသည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသောမဂ်စိတ္တုပ္ပါဒ်–၂၈ နှင့် ဖိုလ်စိတ္တုပ္ပါဒ်–၃၆ သည် သစ္စာဟူသောအရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၃–ပါး ဖြစ်၏။

www.dhammadownload.com



(၃-ပဒ) ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။ = ထိုတရားတို့သည် ခန္ဓာ ၃-ပါး၊ အာယတန ၂-ပါး၊ ဓာတ် ၃-ပါး၊ သစ္စာ ၁-ပါး ဖြစ်ကုန်၏။

- ခန္ဓာ ၃-ပါးဟူသော်ကား - စေတသိက်-၂၁ တွင်၊ သညာသည် သညာက္ခန္ဓာ။ သညာမှကြွင်းသော စေတသိက်-၂၀ သည် သင်္ခါရက္ခန္ဓာ။ ဒုက္ခသဟဂုတ်စိတ် ၃-ခုသည် ဝိညာဏက္ခန္ဓာ။ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါး ဖြစ်၏။
- အာယတန ၂-ပါး - ဒုက္ခသဟဂုတ်စိတ်-၃ သည် မနာယတန။ စေတသိက်-၂၁ သည် ဓမ္မာယတန။ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်၏။
- ဓာတ် ၃-ပါး - ဒုက္ခသဟဂုတ်ကာယဝိညာဉ်သည် ကာယဝိညာဏဓာတ်။ ဒေါသမူ-၂ သည် မနောဝိညာဏဓာတ်။ စေတသိက်-၂၁ သည် ဓမ္မဓာတ်။ ဤသို့လျှင် ဓာတ်အားဖြင့် ၃-ပါး ဖြစ်၏။
- သစ္စာ ၁-ပါး - ဒုက္ခစိတ် ၃-ခု၊ ဝေ၊ ပီ၊ လော-၃၊ ဝိစိကြဉ်စေတသိက်-၂၁ သည်၊ ဒုက္ခသစ္စာ။ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်၏။

(တ-ပဒ) အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ။ = ခန္ဓာ ၃-ပါး၊ အာယတန ၂-ပါး၊ ဓာတ် ၇-ပါး၊ သစ္စာ ၃-ပါး၊ မဂ်စိတ္တုပ္ပါဒ် ၂၆-ပါးနှင့် ဖိုလ်စိတ္တုပ္ပါဒ် ၃၃-ပါးသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏။

- ခန္ဓာ ၃-ပါးဟူသော်ကား - စေတသိက်(၄၆)တွင်၊ သညာသည် သညာက္ခန္ဓာ။ သညာမှကြွင်းသော စေတသိက်-၄၅ သည် သင်္ခါရက္ခန္ဓာ။ ဉပေက္ခာသဟဂုတ်စိတ်-၅၅ သည် ဝိညာဏက္ခန္ဓာ မည်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါး ဖြစ်၏။
- အာယတန ၂-ပါး - ဉပေက္ခာစိတ် ၅၅-ခုသည် မနာယတန။ စေတသိက်-၄၆ သည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်၏။
- ဓာတ် ၇-ပါး - စက္ခုဝိညာဉ်ခွေသည် စက္ခုဝိညာဏဓာတ်။ သောတဝိညာဏ်ခွေသည် သောတဝိညာဏဓာတ်။ ဃာနဝိညာဏ်ခွေသည် ဃာနဝိညာဏဓာတ်။ ဇိဝှာဝိညာဏ်ခွေသည် ဇိဝှာဝိညာဏဓာတ်။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းခွေသည် မနောဓာတ်။ ကြွင်းသော ဉပေက္ခာသဟဂုတ်စိတ် ၄၄-ခုသည် မနောဝိညာဏဓာတ်။ စေတသိက်-၄၆ သည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၇-ပါး ဖြစ်၏။
- သစ္စာ ၃-ပါး - လောကီဉပေက္ခာသဟဂုတ်စိတ်-၄၇၊ လောဘကြဉ်သောစေတသိက်-၄၅ သည် ဒုက္ခသစ္စာ။ လောဘသည် သမုဒယသစ္စာ။ မဂ်ဉပေက္ခာသဟဂုတ်စိတ်-၄ ၌ရှိသော သမ္မာဒိဋ္ဌိ၊ (*Xသမ္မာသင်္ကပ္ပX*) သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ သကဒါဂါမိမဂ် ၇-ပါး၊ အနာဂါမိမဂ် ၇-ပါး၊ အရဟတ္တမဂ် ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသောမဂ်စိတ္တုပ္ပါဒ် ၂၆-ခုနှင့် ဖိုလ်စိတ္တုပ္ပါဒ်-၃၃ သည် သစ္စာဟူသောအရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါး ဖြစ်၏။ (တ-ပဒ အရ ဖြစ်သော ပဋ္ဌမစျာန် မဂ်ဉပေက္ခာသဟဂုတ်စိတ် ၄-ပါး၌ ဝိတက်မယှဉ်သောကြောင့် သမ္မာသင်္ကပ္ပမဂ္ဂင် မရပါ။)

www.dhammadownload.com



ဝေဒနာတိက်

'သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။' 'ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။' 'အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။' ဟူ၍ဟောတော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို သုံးစု ပြု၍ဟောရာဟောကြောင်းဖြစ်ခြင်းကြောင့် 'တိက်' မည်၏။ ဝေဒနာတိက်သည် အာဒိလဒ္ဓနာမတိက်၊ သဗ္ဗလဒ္ဓနာမတိက်အားဖြင့် နှစ်ပါးအပြားတွင် သုံးပုဒ်လုံး၌တည်သော ဝေဒနာသဒ္ဒါဖြင့် ဝေဒနာတိက် ဟူ၍ ရအပ်သောအမည်ရှိသောကြောင့် 'သဗ္ဗလဒ္ဓနာမတိက်' မည်၏။

သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့် နှစ်ပါးအပြားတွင်လည်း ဝေဒနာတိက်သည်ကြွင်းသော ပရမတ္ထတရား (သုခဝေဒနာ ၆၃၊ ဒုက္ခဝေဒနာ ၃၊ ဥပေက္ခဝေဒနာ ၅၅၊ ရုပ် ၂၈၊ နိဗ္ဗာန်)ရှိသည်၏အဖြစ်ကြောင့် 'သပ္ပဒေသတိက်' မည်၏။

ဝေဒနာ – အာရုံ၏အရသာကို ခံစားတတ်သောကြောင့် 'ဝေဒနာ' မည်၏။ ဝေဒနာစေတသိက်သည် စိတ် (၈၉/၁၂၁)ပါး နှင့်ယှဉ်သောကြောင့် ဝေဒနာလည်း (၈၉/၁၂၁)ပါး ဖြစ်ပါသည်။

မှတ်ရန်။ ရုပ် ၂၈–ပါးနှင့် နိဗ္ဗာန်သည် သုံးပဒလုံး၌ မဟောသောကြောင့် တိက်မုတ် ထုတ်၏။

ဝေဒနာကြဉ်ပုံ

* ပထမ–ပဒ၌ ဝေဒနာသည် တစ်ပါးတည်းသာဖြစ်၍ ဝေဒနာနှင့်ယှဉ်သော ဝေဒနာတစ်ခု မရကောင်း သောကြောင့် ဝေဒနာကို ကြဉ်ရပါသည်။ (ဒု–ပဒ)(တ–ပဒ)တို့၌လည်း ဤနည်းတူဝေဒနာကိုကြဉ်ပါသည်။

အခြားစေတသိက်များကြဉ်ခြင်း

- ပ–ပဒ နှင့် ဒု–ပဒ တွင် မောဟမူဒွေစိတ်မပါသောကြောင့် ဝိစိကိစ္ဆာစေတသိက် ကြဉ်ပါသည်။
- ပ–ပဒ နှင့် တ–ပဒ တွင် ဒေါမူဒွေစိတ်မပါသောကြောင့် ဒေါစတုက် ကြဉ်ပါသည်။
- ဒု–ပဒ နှင့် တ–ပဒ တွင် ဥပေက္ခာဖြစ်သောကြောင့် ပီတိစေတသိက် ကြဉ်ပါသည်။
- ဒု–ပဒ တွင် လောဘမူမပါသောကြောင့် လောတိ ကြဉ်ပါသည်။

ဒွေပဉ္စဝိညာဉ်(၁၀)ပါးနှင့် မနောဓာတ်

| | | | |
|---|---|---|---|
| - ပ–ပဒတွင် | သုခ–ကာယဝိညာဉ် | မနောဓာတ်မပါ။ | (ဓာတ် ၃ ပါး ရ၏။) |
| - ဒု–ပဒတွင် | ဒုက္ခ–ကာယဝိညာဉ် | မနောဓာတ်မပါ။ | (ဓာတ် ၃ ပါး ရ၏။) |
| - တ–ပဒတွင် | စက်,သော,ဃာ,ဇိ | မနောဓာတ်ရှိ။ | (ဓာတ် ၇ ပါး ရ၏။) |

ဈာန်စိတ်ဖြင့် လောကီ, လောကုတ် အခွဲ

ဈာန် ပ–ပဒတွင် ပ.ဒု.တ.စ–ဈာန်။ ဒု–ပဒတွင် ဈာန်မပါ။ တ–ပဒတွင် ပဉ္စမဈာန်(ဥပေက္ခာ) ဝေဒနာတိက်တွင် စိတ်အကျယ် ၁၂၁–ပါးဟောထား၍ လောကီ,လောကုတ်ခွဲရာတွင် ဈာန်စိတ် တစ်မျိုးလျှင် လောကုတ်အတွက် ၈–ပါးစီတွက်၍ ခွဲထုတ်ပါမည်။

ပ–ပဒ စိတ် ၆၃ တွင် ဈာန်စိတ် ၄ မျိုးအတွက် လောကုတ် ၃၂ ထုတ်လျှင်၊ လောကီ ၃၁ ရ၏။

တ–ပဒ စိတ် ၅၅ တွင် ပဉ္စမ–ဈာန်သာရှိ၍ လောကုတ် ၈ ထုတ်လျှင်၊ လောကီ ၄၇ ရ၏။

(ဝိတိတိက်ကို ဆက်လက်လေ့လာမှတ်သားခြင်းဖြင့် ပိုမိုလွယ်ကူစေနိုင်ပါသည်။) (စေတသိက် ၆ ခုစီကြဉ်)

www.dhammadownload.com



## ၃။ ဝိပါကတိက်

(× မွှာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန္ဓ | အာ | ဓာ | သစ် | |
| ၁ | **ဝိပါကာ ဓမ္မာ**။ အချင်းချင်း ထူးကုန်သော၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်သော၊× ။ | ဝိပါက် ၃၆၊ စေ ၃၈၊ | ၄ | ၂ | ၈ | ၁ | – ၃၇ |
| ၂ | **ဝိပါကဓမ္မဓမ္မာ**။ အကျိုးကို ဖြစ်စေခြင်းသဘောရှိကုန်သော၊× ။ | အကု ၁၂, ကု ၂၁၊ စေ ၅၂၊ | ၄ | ၂ | ၂ | ၃ | ၂၉ – |
| ၃ | **နေဝဝိပါကနဝိပါကဓမ္မဓမ္မာ**။ အချင်းချင်း ထူးကုန်သော၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်၊ အကျိုးကို ဖြစ်စေခြင်းသဘော ရှိသည်လည်း မဟုတ်ကုန်သော၊× ။ | ကြိ ၂၀၊ ဝိရတိကြဉ်စေ ၃၅၊ ရုပ် ၂၈၊ **နိဗ္ဗာန်**၊ | ၅* | ၁၂ | ၁၃ | ၂ | – |
| အာဒိလဒ္ဓ / နိပ္ပဒေသ | | | | | | | |

(ခန္ဓာ,အာယတန,ဓာတ်,သစ္စာ ဖွဲ့ပုံတို့ကို ထူးရာမျှကိုသာ တင်ပြပါမည်။)

(၁)ပဒ၌ ကမ္မဇရုပ်ကို မကောက်ခြင်း

မြတ်စွာဘုရားသည် မုချအကျိုး၊ သာမန်အကျိုး နှစ်ပါးတို့တွင် ဤအရာ၌ မုချအကျိုးကိုရည်တော်မူသည်။ သာမန်အကျိုးကို ရည်တော်မမူသောကြောင့် ကမ္မဇရုပ်ကိုမကောက်မူ၍၊ ဝိပါက်ကိုသာကောက်တော်မူပါသည်။ (တစ်နည်း) အကြောင်းတရားနှင့် နာမ်အဖြစ်၊ အာရုံယူတတ်သည်၏အဖြစ် စသည့်တူမှ မုချအကျိုး ဖြစ်ရကား၊ မုချအကျိုးကို အလိုရှိခြင်း၊ ဝိပါကမှာလည်း နာမ်တရားတို့၏အမည်ဖြစ်ခြင်းကြောင့်၊ (၁) ကုသိုလ်,အကုသိုလ်(နာမ်တရား)တို့၏ အကျိုးလည်းဖြစ်ရမည်၊ (၂) ဝိပါက်နာမ်ဟူသောအမည် လည်းရရမည်၊ ဤအင်္ဂါနှစ်ပါးနှင့် ညီညွတ်သော ဝိပါက်စိတ် ၃၆ ကိုသာ ကောက်တော်မူခြင်းဖြစ်ပါသည်။ (ကမ္မဇရုပ်မှာ – ရုပ်တရားဖြစ်၍ အထက်ဖော်ပြပါ အချက်များနှင့် မညီညွတ်ပါ။)

– ကမ္မဇရုပ်တို့သည် ကုသိုလ်, အကုသိုလ်တို့၏အကျိုးပင်ဖြစ်သော်လည်း ဝိပါက်ဟူသောအမည်ကို မရသောကြောင့် မကောက်ရ (ဋီကာကျော်)။

** ဥပမာ – သလေးစေ့ကိုစိုက်၍ အပင်မှ အသီးသီးသောကာလ၊ စိုက်သောမျိုးစေ့နှင့်တူသော အသီးကိုမှီ၍ အကိုင်း, အခက်, အရွက်, အသီးတို့သည် ထိုမျိုးစေ့တည်းဟူသော အကြောင်းကြောင့် ဖြစ်ကြသော်လည်း မျိုးစေ့နှင့်တူသော ဝိပါက်ကိုသာ ကောက်၍၊ အကိုင်း, အခက်, အရွက်နှင့်တူသော ကမ္မဇရုပ်ကို မကောက်ရပါ။

www.dhammadownload.com



ဝိပါကတိက် ဝိပါကဓမ္မာ

(ပ-ပဒ) အချင်းချင်းထူးကုန်သော - 'ဝိ' သဒ္ဒါသည် မတူထူးခြား ကွဲပြားခြားနားသော ကုသိုလ်, အကုသိုလ်ဟူသော(ဝိသိဋ္ဌ)အနက်ကို ဟော၏။ ကုသိုလ်သည် အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်း (ဖြူစင်သော-သုက္က)သဘောရှိ၏။ အကုသိုလ်သည် အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသော အကျိုးကိုပေးခြင်း(မည်းညစ်သော-ကဏှ)သဘောရှိ၏။ ဤသို့ မတူထူးခြား ကွဲပြား ခြားနားကြသည်။

ဤသို့ မတူထူးခြား ကွဲပြားခြားနားကြသော ကုသိုလ်, အကုသိုလ်တို့၏အကျိုးကို 'ဝိပါက'ဟု ခေါ်သည်။ ဤဝိပါကတိက်၌ ကုသိုလ်, အကုသိုလ်တို့ကြောင့်ဖြစ်သော ဝိပါက်နာမက္ခန္ဓာဟူသော နာမ်အကျိုး၊ ကမ္မဇရုပ်ဟူသော ရုပ်အကျိုး နှစ်မျိုးတို့တွင် ဝိပါက်နာမက္ခန္ဓာဟူသော နာမ်အကျိုးကိုသာ ဟောသည်။

ဝိပါကတိက် (တူသည်၊ ထူးသည်။)

ဝိပါကတိက်(ပ)ပုဒ်၌ အချင်းချင်းတူသည်ဆိုသည်မှာ - ကုသိုလ်လည်းနာမ်၊ အကုသိုလ်လည်းနာမ် အကြောင်းခြင်း တူသည်ကို ရည်သည်။ ထူးသည်မှာ- အကျိုးခြင်းထူးသည်ကိုရည်သည်။ ကုသိုလ်မှာ ကောင်းသောအကျိုး (အနဝဇ္ဇ သုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာ)၊ အကုသိုလ်မှာ မကောင်းသောအကျိုး (သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာ)၊ ပေး၏။ အကျိုးခြင်း ထူးသည်ကို ဆိုပါသည်။

(ဒု-ပဒ) ဝိပါကဓမ္မ ဓမ္မာ

ဤ(ပဒ)၌ 'ဓမ္မ'သဒ္ဒါ နှစ်ခုတို့တွင် - ရှေ့ဓမ္မသဒ္ဒါသည် သဘာဝအနက်ကို ဟော၏။ နောက်ဓမ္မသဒ္ဒါမူကား ကုသလာဓမ္မာ စသည်တို့၌ပါသော ဓမ္မသဒ္ဒါကဲ့သို့ နိဿတ္တနိဇ္ဇီဝအနက်ကို ပင်ဟော၏။ (× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရား တို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။) ထို့ကြောင့် "ဝိပါက သဘာဝဓမ္မာ"ဟု အဋ္ဌကထာဆရာက ဖွင့်ဆိုထားပါသည်။

(ဒု-ပဒ) အကျိုးကိုဖြစ်စေတတ်သောသဘောရှိသောတရားမှာ ကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်များတည်း၊ အဘိညာဉ် ကုသိုလ်, အထက်မဂ်တို့ကပယ်သော အကုသိုလ်တို့မှာ အကျိုးကိုဖြစ်ခြင်း မရှိလည်း၊ သေက္ခ,ပုထုဇဉ်တို့၏သန္တာန်ဝယ် ကြောင်းကြဲဗျာပါရအဖြစ်ဖြင့် ဖြစ်ရကား၊ အကျိုးကိုဖြစ်စေခြင်းသဘော မကင်းကြသေးသဖြင့် ၎င်းတို့ကိုပါကောက်သင့်ကြောင်း 'မူလဋီကာ'ဆရာ မိန့်ဆို၏။

(တ-ပဒ) နေဝဝိပါကနဝိပါကဓမ္မဓမ္မာ သည် ကုသိုလ်, အကုသိုလ်တို့၏ အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သော သဘာဝတရားဖြစ်သည်။

မနောဓာတ် အထူး (မနောဓာတ်ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်ဒွေနှင့် ပဉ္စဒွါရာဝဇ္ဇန်းသည် (၂)ပဒတွင် ခွဲ၍ပါနေသဖြင့်၊)

-(ပ-ပဒ) ဝိပါက်စိတ် ၃၆ တွင် သမ္ပဋိစ္ဆိုင်းစိတ်ဒွေသည် (ပ-ပဒ ၏) မနောဓာတ် မည်၏။

-(တ-ပဒ) ကြိယာစိတ် ၂၀ တွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် (တ-ပဒ ၏) မနောဓာတ် မည်၏။

www.dhammadownload.com



## ၄။ ဥပါဒိန္နတိက်

(x မွာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် |
|---|---|---|---|---|---|---|---|
| ၁ | **ဥပါဒိန္နုပါဒါနိယာ ဓမ္မာ။** အာရုံပြုသောအားဖြင့် တဏှာ၊ ဒိဋ္ဌိတို့သည်ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏အစီးအပွားဖြစ်ကုန်သော၊ x ။ | ကာဝိ ၃၂၊ ဝိရတိကြဉ်စေ ၃၅၊ ကမ္မရုပ် ၂၀၊ (သဒ္ဒရုပ်မပါ) | ၅ | ၁၁ | ၁၇ | ၁ | - |
| ၂ | **အနုပါဒိန္နုပါဒါနိယာ ဓမ္မာ။** အာရုံပြုသောအားဖြင့် တဏှာ၊ ဒိဋ္ဌိတို့သည်ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်သည်ဖြစ်၍ဥပါဒါန်တို့၏အစီးအပွားသာဖြစ်ကုန်သော၊ x ။ | အကု ၁၂,ကီကု ၁၇, ကြိ ၂၀၊ စေ ၅၂၊ စိတ္တဇ ၁၇, ဥတုဇ ၁၅, အာဇ ၁၄၊ | ၅ | ၇ | ၈ | ၂ | - |
| ၃ | **အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ။** အာရုံပြုသောအားဖြင့် တဏှာ၊ဒိဋ္ဌိတို့သည်ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ယူအပ်သည်လည်း မဟုတ်၊ ဥပါဒါန်တို့၏ အစီးအပွားလည်း မဟုတ်ကုန်သော၊ | လောကုတ် ၈၊ အပ္ပကြဉ်စေ ၃၆၊ **နိဗ္ဗာန်၊** | ၄* | ၂ | ၂ | ၂ | ၂၆-၃၇ |
| | အာဒိလဒ္ဓ / နိပ္ပဒေသ | ( ပ-ပဒ၌ သဒ္ဒရုပ်မပါ၍ ဓာတ် ၁၇ ) | | | | | |

ဥပါဒိန္နုပါဒါနိယာ = ဥပ + အာဒိန္န + ဥပါဒါန + ဏ္ဍယ၊

ဥပ = ဥပေတအနက်ကိုဟော၏။ တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် ဥပ(ဥပေတ) မည်၏။

အာဒိန္န = အကျိုး၏အဖြစ်ဖြင့်(အကျိုးအနေအားဖြင့်) ယူအပ်သောတရားသည် 'အာဒိန္န' မည်၏။

ဥပါဒိန္န = အာရုံပြုသောအားဖြင့် တဏှာ,ဒိဋ္ဌိတို့သည် ကပ်အပ်သောကံ(လောကီကု ၁၇, အကု ၁၂- စေတနာ)က အကျိုး၏အဖြစ်ဖြင့် ယူအပ်သောတရားဟူသည်မှာလည်း တဏှာ,ဒိဋ္ဌိတို့၏ အာရုံပြုခံရသော လောကီကုသိုလ်,အကုသိုလ်တို့၏ အကျိုးဖြစ်သော လောကီဝိ-၃၂, စေ-၃၅, ကမ္မဇရုပ်-၂၀ သည် 'ဥပါဒိန္န'မည်၏။ (တဏှာ,ဒိဋ္ဌိသည်အကုသိုလ်တို့သည် လောကီကိုသာအာရုံပြုနိုင်၏။)

အနုပါဒိန္န = ဥပါဒိန္န မမည်သောတရား = အကု,ကု,ကြိ,ဖိုလ် ၄, စေ ၅၂, စိတ္တဇရုပ် ၁၇, ဥဇ ၁၅, အာဇ ၁၄, နိဗ္ဗာန်၊

ဥပါဒါန = မလွှတ်နိုင်ဘဲ ခိုင်မြဲပြင်းထန်စွာ အာရုံကိုယူတတ်သော လောဘ,ဒိဋ္ဌိတို့သည် 'ဥပါဒါန' မည်၏။

ဥပါဒါနိယ = ဥပါဒါန်တို့၏ အစီးအပွားဖြစ်သောတရားတို့သည် 'ဥပါဒါနိယ' မည်၏။

ဥပါဒါန်တို့၏ စီးအပွားဟူသည်မှာ ဥပါဒါန်တို့၏ အာရုံပြုခံရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လောဘ,ဒိဋ္ဌိဟုဆိုအပ်သော ဥပါဒါန်တရားတို့၏အာရုံဖြစ်သော လောကီစိတ် ၈၁, စေ ၅၂, ရုပ် ၂၈ သည် 'ဥပါဒါနိယ' မည်၏။

အနုပါဒါနိယာ = ဥပါဒါနိယ မမည်သောတရား = လောကုတ်-၈, အပ္ပကြဉ် စေ-၃၆, နိဗ္ဗာန်၊

ဥပါဒိန္နုပါဒါနိယာ = ဥပါဒိန္နလည်းမည်၊ ဥပါဒါနိယလည်းမည်သော လောကီဝိ ၃၂, စေ ၃၅, ကမ္မဇရုပ် ၂၀ တို့သည် 'ဥပါဒိန္နုပါဒါနိယာ' မည်သောတရားများ ဖြစ်၏။

www.dhammadownload.com



- အာဒိန္နဓမ္မ သာဖြစ်၍ ဥပါဒိန္နဓမ္မ မဖြစ်သောတရား = ဖိုလ်-၄, အပ္ပကြဉ်စေ ၃၆၊
- ဥပါဒိန္နဓမ္မ သာဖြစ်၍ ဥပါဒါနိယ မဖြစ်သောတရား = မရှိပါ။ (ဥပါဒိန္န အနုပါဒါနိယ)
- ဥပါဒိန္နကား မဖြစ် ဥပါဒါနိယာသာ ဖြစ်သောတရား = အကု ၁၂, ကြိကု ၁၇, ကြိ ၂၀, စေ ၅၂, တိဇရုပ်၊
- နှစ်ပါးစုံ မဖြစ်သောတရား = လောကုတ် ၈, အပ္ပကြဉ်စေ ၃၆, နိဗ္ဗာန်၊
- နှစ်ပါးစုံ ဖြစ်သောတရား = လောကီဝိပါက်စိတ်-၃၂, တိကြဉ်စေ ၃၅, ကမ္မဇရုပ်၊
- ဝိပါကဓမ္မာသာဖြစ်၍ ဥပါဒိန္နဓမ္မ မဖြစ်သောတရား = ဖိုလ် ၄, အပ္ပကြဉ် စေ ၃၆၊
- ဥပါဒိန္နဓမ္မာသာဖြစ်၍ ဝိပါကဓမ္မာ မဖြစ်သောတရား = ကမ္မဇရုပ် ၂၀၊
- နှစ်ပါးစုံ ဖြစ်သောတရား = လောကီဝိပါက်-၃၂, တိကြဉ်စေ-၃၅၊
- နှစ်ပါးစုံ မဖြစ်သောတရား = အကု၊ ကု၊ ကြိယာ၊ စေ ၅၂၊ (ကမ္မဇကြဉ်)တိဇရုပ်၊ နိဗ္ဗာန်၊

(ပ-ပဒ) ဥပါဒိန္နုပါဒါနိယာ ဓမ္မာ- ဓာတ် ၁၇ ပါးသာ ရခြင်း

ဓာတ် ၁၇-ပါးဟူသော်ကား -- ကမ္မဇရုပ် ဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်။ သောတပသာဒသည် သောတဓာတ်။ ဃာနပသာဒသည် ဃာနဓာတ်။ ဇိဝှာပသာဒသည်ဇိဝှာဓာတ်။ ကာယပသာဒသည်ကာယဓာတ်။ ရူပါရုံသည် ရူပဓာတ်။ ဂန္ဓာရုံသည် ဂန္ဓဓာတ်။ ရသာရုံသည် ရသဓာတ်။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်။ - လောကီဝိပါက်စိတ် ဗာတ္တိံသ(၃၂)တွင် စက္ခုဝိညာဉ်နွေသည် စက္ခုဝိညာဏဓာတ်။ သောတဝိညာဉ်နွေသည် သောတဝိညာဏဓာတ်။ ဃာနဝိညာဏ်နွေသည် ဃာနဝိညာဏဓာတ်။ ဇိဝှာဝိညာဏ်နွေသည်ဇိဝှာဝိညာဏဓာတ်။ ကာယဝိညာဏ်နွေသည် ကာယဝိညာဏဓာတ်။ သမ္ပဋိစ္ဆိုင်းနွေသည် မနောဓာတ်။ ကြွင်းသော လောကီဝိပါက်စိတ်ဝီသ(၂၀)သည် မနောဝိညာဏဓာတ်။ စေတသိက် ပဉ္စတိံသ(၃၅)၊ အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဥပစယ၊ သန္တတိ၊ (တစ်နည်းကား-ဇရတာ၊ အနိစ္စတာ)အားဖြင့်၊ သုခုမရုပ် ၉ ခု၊ ၁၁ ခုသည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၁၇-ပါး ဖြစ်၏။

(ဥပါဒိန္နုပါဒါနိယာ ဓမ္မာ တွင် သဒ္ဒရုပ်မပါသောကြောင့် သဒ္ဒဓာတ် မရ၍ ဓာတ် ၁၇ ပါးသာ ရပါသည်။)

ဝိပါကတိက် နှင့် ဥပါဒိန္နတိက် (ကမ္မဇရုပ်ကို ကောက်ပုံ အထူး)

? ဝိပါကသဒ္ဒါလည်း ကုသိုလ်,အကုသိုလ်တို့၏ အကျိုးကို ဟောသည်။
ဥပါဒိန္နသဒ္ဒါလည်း ကုသိုလ်,အကုသိုလ်တို့၏ အကျိုးကိုပင်ဟောသည်။ ထိုသို့ဖြစ်လျက် ဝိပါကတိက်၌ ကမ္မဇရုပ်ကို မကောက်ဘဲ အဘယ်ကြောင့် ဥပါဒိန္နတိက်၌သာ ကောက်ပါသနည်း။

ဖြေ။ ဝိပါကသဒ္ဒါလည်း ကုသိုလ်,အကုသိုလ်တို့၏ အကျိုးကို ဟော၏။
ဥပါဒိန္နသဒ္ဒါလည်း ကုသိုလ်,အကုသိုလ်တို့၏ အကျိုးကိုပင် ဟော၏။

- ဝိပါကတိက်၌ မုချအကျိုးကိုသာရည်၍ ဟောတော်မူသောကြောင့် ကမ္မဇရုပ်ကို မကောက်ရပါ။
- ဥပါဒိန္နတိက်၌ကား မုချအကျိုး၊ သာမန်အကျိုး နှစ်မျိုးလုံးကိုရည်၍ ဟောတော်မူအပ်သောကြောင့် ကမ္မဇရုပ်ကိုပါ ကောက်ပါသည်။ ဤသို့ လူးပါသည်။

www.dhammadownload.com



# ၅။ သံကိလိဋ္ဌတိက်

(× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန္ဓ | အာ | ဓာ | သစ် | |
| ပ | **သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ**။<br>ပူပန်စေ<u>တတ်</u> နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေ<u>အပ်</u> နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ပူပန်စေ<u>တတ်</u>နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှာ ထိုက်ကုန်သော၊ ×။ | အကု ၁၂၊<br>စေ ၂၇၊ | ၄ | ၂ | ၂ | ၂ | – |
| ဒု | **အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ**။<br>ပူပန်စေ<u>တတ်</u> နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေ<u>အပ်</u> နှိပ်စက်အပ်ကုန်သည် မဟုတ်ကုန်သည်ဖြစ်၍ ပူပန်စေ<u>တတ်</u>နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာ ထိုက်ကုန်သော၊ ×။ | ကာကု ၁၇, ကာဝိ ၃၂, ကြိ ၂၀၊<br>စေ ၃၈၊<br>ရုပ် ၂၈၊ | ၅ | ၁၂ | ၁၈ | ၁ | – |
| တ | **အသံကိလိဋ္ဌအသံကိလေသိကာ ဓမ္မာ**။<br>ပူပန်စေ<u>တတ်</u> နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေ<u>အပ်</u> နှိပ်စက်အပ်ကုန်သည်လည်း မဟုတ်၊ ပူပန်စေ<u>တတ်</u> နှိပ်စက်တတ်သော ကိလေသာကို ရခြင်ငှာထိုက်သည်လည်း မဟုတ်ကုန်သော၊ ×။ | လောကုတ် ၈၊<br>အပ္ပကြဉ်စေ ၃၆၊<br>**နိဗ္ဗာန်**၊ | ၄* | ၂ | ၂ | ၂ | ၂၉-၃၇ |

အာဒိလဒ္ဓ / နိပ္ပဒေသ (ဟီနတိက်နှင့် တူ၏။)

ကိလေသာ(၁၀)ပါး – လောဘ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ၊, ဝိစိကိစ္ဆာ,ထိန၊ ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပ၊ တို့ဖြစ်၏။ (လော,ဒေါ,မော,မာ,ဒိ၊ ဝိ,ထိ, ဥဒ်,ဟိ,နော သာဆယ်ဝ ကိလေသာ။)

ဟောပုဒ်အခွဲ – ကိလေသာ(အကုစေတသိက်)၏အာရုံ(သံကိလေသိက)သည် လောကီသာဖြစ်ကောင်းသောကြောင့်

– ပ-ပဒတွင် သံကိလေသိကာ၏အရ အကြောင်းအာရုံ အကု-၁၂၊ စေ-၂၇၊
– ဒု-ပဒတွင် သံကိလေသိကာ၏အရ အကျိုးအာရုံ ကာကု ၁၇, ကာဝိ ၃၂, ကြိ ၂၀၊ စေ-၃၈၊ ရုပ်-၂၈၊
– တ-ပဒတွင် သံကိလေသိကာ မရကောင်းသောကြောင့် လောကုတ် ၈၊ အပ္ပကြဉ်စေ-၃၆၊ နိဗ္ဗာန်၊

** ကိလေသာ(၁၀)ပါးသည် ပူပန်စေတတ်,နှိပ်စက်တတ်၊ ပူပန်စေအပ်,နှိပ်စက်အပ်၍ 'ကိလေသာ'မည်၏။ (တတ်, အပ် ရသော မူချတရား) ပူပန်စေတတ်,နှိပ်စက်တတ်၍ ပူပန်စေအပ်,နှိပ်စက်အပ်သော 'မူချတရား' ကား 'ကိလေသာ ၁၀-ပါး' ဖြစ်ပါသည်။

www.dhammadownload.com



သံကိလိဋ္ဌ = ပူပန်စေတတ်,နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ်,နှိပ်စက်အပ် ကုန်သော ကိလေသာတို့နှင့်ယှဉ်ကုန်သော အကုသိုလ်စိတ္တုပ္ပါဒ်(အကု၁၂, စေ၂၇)သည် 'သံကိလိဋ္ဌ'မည်၏။(=ကိလေသသမ္ပယုတ္တ)

အသံကိလိဋ္ဌ = သံကိလိဋ္ဌ မမည်သောတရား= ကု ၂၁, ဝိ ၃၆, ကြိ ၂၀, စေ ၃၈, ရုပ် ၂၈, နိ။ (=ကိလေသဝိပ္ပယုတ္တ)

သံကိလေသ = ကိလေသာ ၁၀-ပါးသည် ပူပန်စေတတ်,နှိပ်စက်တတ်၊ ပူပန်စေအပ်,နှိပ်စက်အပ်၍ 'သံကိလေသ' မည်၏။

သံကိလေသိက = ကိလေသာ၏အာရုံဖြစ်ကောင်းသော၊ ပူပန်စေတတ်,နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာ ထိုက်သော၊ လောကီစိတ်စိတ္တုပ္ပါဒ်(ကီစိတ် ၈၁၊ စေ ၅၂)၊ ရုပ် ၂၈ တရားတို့သည် 'သံကိလေသိက'မည်ပါသည်။

| | |
|---|---|
| သံကိလိဋ္ဌ | ၁၂၊ ၁၀+၁၇ |
| သံကိလေသိကာ | ၈၁၊ ၅၂၊ ၂၈ |
| ၆-ပဒ | ၁၂၊ ၂၇ |

| | |
|---|---|
| အသံကိလိဋ္ဌ | ၂၁,၃၆,၂၀၊ ၃၈၊ ၂၈၊ နိ၊ |
| သံကိလေသိကာ | ၁၂,၁၇,၃၂,၂၀၊ ၅၂၊ ၂၈၊- |
| ၃-ပဒ | ၁၇,၃၂,၂၀၊ ၃၈၊ ၂၈၊- |

| | |
|---|---|
| အသံကိလိဋ္ဌ | ၂၁,၃၆,၂၀၊ ၃၈၊ ၂၈၊ နိ |
| အသံကိလေသိကာ | ၈၊ ၃၆၊ -၊ နိ |
| ၀-ပဒ | ၈၊ ၃၆၊ -၊ နိ |

* ဇာတိက်မှတ်မထွက်-

သံကိလိဋ္ဌ အသံကိလေသိကာ = မရှိ

(သံကိလိဋ္ဌသာမည်ပြီး၊ သံကိလေသိကာ မမည်သောတရား မရှိ၍ တိက်မှတ်မထွက်ပါ။)

သံကိလိဋ္ဌ စိတ္တုပ္ပါဒ်သည် ကိလေသာနှင့် ပြည့်စုံပုံ -

- လောဘမူစိတ္တုပ္ပါဒ်သည် လောဘကိလေသာနှင့် ပြည့်စုံသည်။ - ဒေါသမူစိတ္တုပ္ပါဒ်သည် ဒေါသကိလေသာနှင့် ပြည့်စုံသည်။
- အကုသိုလ်-၁၂ စိတ္တုပ္ပါဒ်သည် မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ ကိလေသာတို့နှင့် ပြည့်စုံသည်။
- ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ဒိဋ္ဌိကိလေသာနှင့်ပြည့်စုံသည်။ - ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်သည် မာနကိလေသာနှင့်ပြည့်စုံသည်။
- သသင်္ခါရိကစိတ္တုပ္ပါဒ်သည် ထိနကိလေသာနှင့် ပြည့်စုံသည်။ - ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်သည် ဝိစိကိစ္ဆာကိလေသာနှင့်ပြည့်စုံသည်။

ကိလေသာ ၁၀-ပါး တတ် အပ် ရပုံ -

* ကိလေသာ(၁၀)ပါးသည် ပူပန်စေတတ်,ပူပန်စေအပ် နှစ်မျိုးလုံးပင် ရ၏။
- လောဘကို ပူပန်တတ်ယူလျှင် ကြွင်းကိလေသာ ၉-ပါးသည် ပူပန်စေအပ် ရ၏။ ပ ။
- အနောတ္တပ္ပကို ပူပန်တတ်ယူလျှင် ကြွင်း ၉-ပါးသည် ပူပန်စေအပ် ရ၏။
- ၅-ပါးကိုပူပန်တတ်ယူလျှင် ကြွင်း ၅-ပါးသည် ပူပန်စေအပ် ရ၏။

*** *** ***

- အကုသိုလ်စိတ် ၁၂-ပါး, ကိလေသာ ၁၀-ပါးကြဉ်စေတသိက် ၁၇-ပါးမှာ ပူပန်အပ်သာ ရ၏။ ပူပန်တတ် မရ။
- ကိလေသာ ၁၀-ပါးမှာ ပူပန်စေတတ်သောတရား မည်၏။
- အကု ၁၂, ကြွင်းသော စေတသိက် ၁၇-ပါးသည် မိမိကိုယ်ကမပူပန်တတ်သော်လည်း ပူပန်စေတတ်သော ကိလေသာနှင့် တကွဖြစ်ခြင်းကြောင့် ပူပန်စေအပ် ရလေသည်။

ဥပမာ- 'ထင်း'သည် မပူတတ်။ ထိုသို့မပူတတ်သော်လည်း ပူတတ်သော'မီး'နှင့်ယှဉ်သောကာလ မီးနှင့်တကွ ဖြစ်ခြင်းကြောင့် ထင်းပါပူရလေသကဲ့သို့ မီးနှင့်ကိလေသာ၊ ထင်းနှင့်အကုစိတ်-၁၂, စေတသိက် ၁၇-ပါး သည်တူ၏။

www.dhammadownload.com



# ၆။ ဝိတက္ကတိက်

(× မွှာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျမွှ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | တ | သတ် | |
| ပ | **သဝိတက္ကသဝိစာရာ မွှာ။** ဝိတက်နှင့်လည်းတကွ,ဝိစာရနှင့်လည်းတကွဖြစ်ကုန်သော၊× ။ | သဝိတက္က,သဝိစာရ ၅၅၊ တက်,စာကြဉ် စေ ၅၀၊ | ၄ | ၂ | ၃ | ၃ | ၂၈-၃၅ |
| ဒု | **အဝိတက္ကဝိစာရမတ္တာ မွှာ။** ဝိတက်ကားမရှိ, ဝိစာရမျှသာ ရှိကုန်သော၊× ။ | ဒုဈာန် ၁၁၊ တက်,စာကြဉ်စေ ၃၆၊ သဝိ,သစာ ၅၅ ၌ရှိ တက် ၅၅၊ | ၄ | ၂ | ၂ | ၂ | ၂၈-၃၅ ဖိုလ်-ပ.၄၃၌ တက် ၄ |
| တ | **အဝိတက္ကအဝိစာရာ မွှာ။** ဝိတက်လည်းမရှိ, ဝိစာရလည်း မရှိကုန်သော၊× ။ | အဝိ,အစာ ၅၅၊ တက်,စာကြဉ် ၃၆, ဒုဈာန် ၁၁ ၌ရှိ ဝိစာရ ၁၁၊ ရုပ် ၂၈၊ **နိဗ္ဗာန်၊** | ၅* | ၁၂ | ၁၇ | ၃ | ၂၈-၃၅ ဒု.၈ ၌ တ ၈ |
| အာဒိလဒ္ဓ / သပ္ပဒေသ (တိက်မုတ်- သဝိ,သစာ ၅၅ ၌ရှိ ဝိစာရ ၅၅) (တ-ပဒ၌ မနောဓာတ်မပါ၍ ဓာတ် ၁၇ ) | | | | | | | |

| (ပ) သဝိ သစာ + + | ကာမ | မဟာဂ် | ကုတ် |
|---|---|---|---|
| သဝိ | ၄၄ | ၃[ပ] | ၈[ပ] |
| သစာ | ၄၄ | ၆[ပဒု] | ၁၆[ပဒု] |
| သဝိသစာ | ၄၄ | ၃[ပ] | ၈[ပ] |

| (တ) အဝိ အစာ - - | ကာမ | မဟာဂ် | ကုတ် |
|---|---|---|---|
| အဝိ | ၁၀ | ၂၄[ဒုတစမ] | ၃၂[ဒုတစမ] |
| အစာ | ၁၀ | ၂၀[တစမ] | ၂၄[တစမ] |
| အဝိအစာ | ၁၀ | ၂၀[တစမ] | ၂၄[တစမ] |

| (ဒု) အဝိ သစာ - + | ကာမ | မဟာဂ် | ကုတ် |
|---|---|---|---|
| အဝိ | ၁၀ | ၂၄[ဒုတစမ] | ၃၂[ဒုတစမ] |
| သစာ | ၄၄ | ၆[ပဒု] | ၁၆[ပဒု] |
| အဝိသစာ | - | ၃[ဒု] | ၈[ဒု] |

(ပ-ပဒ) သဝိသစာ ၅၅၊ တက်,စာကြဉ် ၅၀၊
(ဒု-ပဒ) ဒုဈာန် ၁၁၊ တက်,စာကြဉ် ၃၆, သဝိ,သစာ ၅၅ ၌ရှိ တက် ၅၅၊
(တ-ပဒ) အဝိ,အစာ ၅၅၊ တက်,စာကြဉ် ၃၆, ဒုဈာန် ၁၁ ၌ရှိ ဝိစာရ ၁၁၊ ရုပ်၂၈၊ နိဗ္ဗာန်၊
(တိက်မုတ်) သဝိ,သစာစိတ် (၅၅)ပါး၌ရှိ ဝိစာရ စေတသိက်(၅၅)ပါး။

သဝိတက္ကသဝိစာရစိတ် ၅၅-ပါး၌ရှိသော ဝိစာရစေတသိက် ၅၅-ပါးမှာ ဝိတက်နှင့်သာယှဉ်၍ ဝိစာရနှင့် မယှဉ်သောကြောင့် သဝိတက္ကအဝိစာရသာရေးသာ ဖြစ်၏။ သုံးပုဒ်လုံး၌မဝင်နိုင်သောကြောင့် တိက်မုတ်ထုတ်ရပါသည်။ တက်,စာ၊ ဝိတက္ကတိက်တွင် ဝိတက်စေတသိက် ၅၅-ပါးနှင့် ဝိစာရစေတသိက်(၆၆)ပါးတို့သည် -

- ဒုတိယပုဒ်တွင် ဝိတက်စေတသိက် ၅၅-ပါး သက်ဝင်၏။
- တတိယပုဒ်တွင် ဝိစာရစေတသိက် ၁၁-ပါး သက်ဝင်၏။
- ဝိစာရစေတသိက် ၅၅-ပါးကြွင်းကျန်သောကြောင့် တိက်မုတ် ထုတ်ရပါသည်။

www.dhammadownload.com



| ဘုရား | | တက် | စာ | (ပဒ) |
|---|---|---|---|---|
| ဒွေပဉ္စ | ၁၀ | − | − | တ |
| ကာမ | ၄၄ | + | + | ပ |
| ပ ဈာန် | ၁၁ | + | + | ပ |
| ဒု ဈာန် | ၁၁ | − | + | ဒု |
| တ.စ.မ | ၄၅ | − | − | တ |
| သဝိသစာ ၅၅ရှိ ဝိ | ၅၅ | − | + | ဒု |
| သဝိသစာ ၅၅ရှိ စာ | ၅၅ | + | − | × |
| ဒု.ဈာန် ၁၁ရှိ စာ | ၁၁ | − | − | တ |
| ရုပ် ၂၈ / နိဗ္ဗာန် | − | − | − | တ |

သဘောပြရန်။ (ဝိတက်တိက် သုံး-ပဒလုံး၌ စေ-တက်,စာ ကြဉ်၏။)
ပ-ပဒတွင် ပ.ဈာန် နှင့် မနောဓာတ်။ ဒု.ပဒတွင် ဒု.ဈာန်။
တ-ပဒတွင် တ.စ.ပဉ္စမဈာန် နှင့် ဒွေပဉ္စ(၁၀)ပါး။
(လောကီ,လောကုတ်ခွဲရာတွင် ဈာန်စိတ် တစ်မျိုးလျှင် လောကုတ်အတွက် ၈ ပါးစီတွက်၍ ခွဲထုတ်ပါမည်။)

(ပ-ပဒ) ၄၊ ၂၊ ၃၊ ၃၊ (၂၈-၃၅)
မနော ၃ − ၁ (ပ.ဈာန် ၁၁ နှင့် မနောဓာတ်ပါသည်။)

၅၂ − ၁ မဓ္ဓ
သဝိသစာစိတ် ၅၅၊ တက်,စာကြဉ်စေ ၅၀

ကာ ၄၇ ကုတ် ၈ ပ
တက်,စာကြဉ်၅၀ ဖိုလ်၄ မဂ် ၄-- ၃၄(အပ္ပ,တက်,စာကြဉ်)
လော ၄၉ ၃၄ ၂၇ ၇(သက်ပ္ပကြဉ်)
၃၅ ၂၈

(ပ-ပဒ)-သစ္စာ ၃-ပါးကား- လောကီ သဝိသစာ-၄၇၊ လောဘကြဉ်စေ-၄၉ သည်၊ ဒုက္ခသစ္စာ။
လောဘသည် သမုဒယသစ္စာ။ မဂ်သဝိတက္ကသဝိစာရစိတ် ၄-ခု၌ရှိသော၊ သမ္မာသင်္ကပ္ပကြဉ် မဂ္ဂင်တရားကိုယ်
၇-ပါး ဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ (ပ)၊ အရဟတ္တမဂ် ၇-ပါးသည်၊ မဂ္ဂသစ္စာ။
ကြွင်းသော မဂ်စိတ္တုပ္ပါဒ်-၂၈၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်၊ သစ္စာဝိမုတ်။

(ဒု-ပဒ) ၄၊ ၂၊ ၂၊ ၂၊ (၂၈-၃၅၊ ဖိုလ် ပ.ဈာန် ၄ ၌ တက် ၄) (ဒု.ဈာန် ၁၁ နှင့် ပ.ဈာန်ရှိ ဝိတက်)
မနောဝိညာဏ ၁ မဓ္ဓ
ဒုဈာန် ၁၁၊ တက်,စာကြဉ်စေ ၃၆, သဝိ,သစာ ၅၅ ၌ရှိ တက် ၅၅၊ (စေတသိက်)

ကာ ၃ (ဒု) ကုတ်၈ လောကီဝိတက် ၄၇ ၈ ကုတ်(ပ.ဈာန်)
တိ,တက်စာကြဉ်၃၃ ဖိုလ် ၄ မဂ် ၄ ဖိုလ်၄ မဂ် ၄
လော × ၃၄ ၃၄(အပ္ပ,တက်,စာကြဉ်) တက် ၄ သမ္မာသင်္ကပ္ပမဂ္ဂင်
၂၇ ၇(သက်ပ္ပကြဉ်) (သစ္စာဝိမုတ်)
၃၅ ၂၈

(ဒု-ပဒ)သစ္စာ(၂)ပါး -လောကီ(ဒု)ဈာန်စိတ် ၃-ခု တိ,တက်စာကြဉ်စေ-၃၃၊ လောကီဝိတက်စေတသိက်-၄၇
သည် ဒုက္ခသစ္စာ။ မဂ်-ဒု.ဈာန်စိတ် ၄-ခု၌ရှိသော သမ္မာသင်္ကပ္ပကြဉ်သော မဂ္ဂင်တရားကိုယ် ၇-ပါးဟုဆိုအပ်သော
သောမဂ် ၇-ပါး၊ (ပ)၊ အရဟတ္တမဂ် ၇-ပါးသည်လည်းကောင်း၊ မဂ်-ပ.ဈာန်စိတ် ၄-ခု၌ရှိသော သမ္မာသင်္ကပ္ပမဂ္ဂင်
ဟုဆိုအပ်သော သောတာပတ္တိမဂ် ၁-ပါး။ (ပ)။ အရဟတ္တမဂ် ၁-ပါးသည်လည်းကောင်း၊ မဂ္ဂသစ္စာ။
ကြွင်းသောမဂ်စိတ္တုပ္ပါဒ်-၂၈၊ ဖိုလ်စိတ္တုပ္ပါဒ်-၃၅ သည်လည်းကောင်း၊ ဖိုလ်ပဌမဈာန်စိတ် ၄-ခုရှိ ဝိတက်စေတသိက်
၄-ခုသည်လည်းကောင်း သစ္စာဝိမုတ်။

www.dhammadownload.com



(တ) ၅*၊ ၁၂၊ ၁၇၊ ၃၊ (၂၈–၃၅၊ လောကုတ် ဒုစျာန် ၈ ဌ်ရှိသော ဝိစာရ ၈)

(တ.စ.ပဥ္စမစျာန်၊ ဒွေပဥ္စ(၁၀)၊ ဒု.စျာန်ရှိ ဝိစာရ)

ဒွေပဥ္စ ၁၀ – ၅ (ပဥ္စဒွါရနှင့်သံ၂ မပါ၍ မနောဓာတ် မရပ်ါ။)

၅၅ – ၁ ဓမ္မ ဓမ္မ * သုခုမ ၁၆ နိ

အဝိ,အစာ ၅၅၊ တက်,စာကြဉ် ၃၆, ဒုစျာန် ၁၁ ဌ်ရှိ ဝိစာရ ၁၁၊ ရုပ် ၂၈၊ နိဗ္ဗာန်

ကီ ၃၁ ၂၄ကုတ်(တ.စ.မ) ကီ ၃ ၈ကုတ် ဖြ၁၂

တိ,တက်စာကြဉ် ၃၃ ဖိုလ်၁၂ ၁၂ မဂ် (ဝိစာရ) ပသာ ၅ ဂေါ(၇) ၅

၃၄(အပ္ပ,တက်,စာကြဉ်)

၃၄ ၂၇ ၇(သက်ပ္ပကြဉ်)

၃၅ ၂၈

* အဝိ အစာစိတ်(၅၅) = လောကီ အဝိအစာ(၃၁)+ မဂ် အဝိအစာ(၁၂) + ဖိုလ် အဝိအစာ(၁၂) ဖြစ်၏။

* (ဒု)စျာန်စိတ်(၁၁)ရှိ ဝိစာရစေတသိက်(၁၁)၌ လောကီ ဝိစာရစေတသိက်(၃)နှင့် လောကုတ် ဒု–စျာန်(၈)ရှိ ဝိစာရစေတသိက်(၈) ပေါင်း ဝိစာရစေတသိက် ၁၁–ခု။
(ဤတွင် လောကုတ္တရာဝိစာရစေတသိက် ၈–ခုသည် သစ္စာဝိမုတ်။)

ဓာတ် ၁၇–ပါး၊ (ပဥ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေတို့ မပါသောကြောင့် မနောဓာတ် မရနိုင်ပါ။)

– ဓာတ် ၁၇–ပါး = ရုပ်အဋ္ဌဝီသတိတွင်၊ စက္ခုပသာဒသည် စက္ခုဓာတ်။ သောတပသာဒသည် သောတဓာတ်။ ဃာနပသာဒသည်ဃာနဓာတ်။ ဇိဝှာပသာဒသည်ဇိဝှာဓာတ်။ ကာယပသာဒသည်ကာယဓာတ်။ ရူပါရုံသည် ရူပဓာတ်။ သဒ္ဒါရုံသည်သဒ္ဒဓာတ်။ ဂန္ဓာရုံသည်ဂန္ဓဓာတ်။ ရသာရုံသည်ရသဓာတ်။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည်ဖောဋ္ဌဗ္ဗဓာတ်။ စက္ခုဝိညာဉ်ဒွေသည်စက္ခုဝိညာဏဓာတ်။ သောတဝိညာဉ်ဒွေသည် သောတဝိညာဏဓာတ်။ ဃာနဝိညာဏ်ဒွေသည်ဃာနဝိညာဏဓာတ်။ ဇိဝှာဝိညာဏ်ဒွေသည်ဇိဝှာဝိညာဏဓာတ်။ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏဓာတ်။ ကြွင်းသော အဝိတက္ကအဝိစာရစိတ် ၄၅–ပါး သည် မနောဝိညာဏဓာတ်။ စေတသိက် ဆတ္တိံသ၊ ဝိစာရစေတသိက် ၁၁ ခု၊ အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ(တစ်နည်း– ဇရတာ၊ အနိစ္စတာ) အားဖြင့်၊ သုခုမရုပ်သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၁၇–ပါး ဖြစ်၏။

ဝိတက္ကတိက်(တ–ပဒ) ဓာတ် ၁၇ပါးသာဖြစ်

အဝိတက္ကအဝိစာရ တရားတို့ကို ဓာတ်ဖွဲ့ရာတွင် ပဥ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေတို့ မပါသောကြောင့် မနောဓာတ် မရနိုင်ပါ။ ထို့ကြောင့် ဓာတ် ၁၇–ပါးသာ ဖြစ်ရပါသည်။

www.dhammadownload.com



(တ–ပဒ)– သစ္စာအားဖြင့် ၃–ပါး–

လောကီအဝိအစာစိတ် ၃၁–ပါး၊ တိ,တက်စာကြဉ် စေတသိက် ၃၃–ပါး၊ ဒု–ဈာန်–၁၁ ၌ရှိသော လောကီဝိစာရစေတသိက် ၃–ခု၊ ရုပ်–၂၈ သည် ဒုက္ခသစ္စာ။ နိဗ္ဗာန်သည် နိရောဓသစ္စာ။ မဂ် အဝိအစာစိတ်–၁၂ ၌ရှိသော သမ္မာသင်္ကပ္ပကြဉ်သော မဂ္ဂင်တရားကိုယ် ၇–ပါး ဟုဆိုအပ်သော၊ သောတာပတ္တိမဂ် ၇–ပါး၊ (ပ)။ အရဟတ္တမဂ် ၇–ပါးသည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ်–၂၈၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅–ခုသည် လည်ကောင်း၊ လောကုတ်(ဒု)ဈာန်–၈၌ရှိသော ဝိစာရစေတသိက် ၈–ခုသည်လည်းကောင်း သစ္စာဝိမုတ်။

***

- ဝိတက်သာရှိ၍ ဝိစာရမရှိသောတရား = မရှိပါ။ ( + – )
- ဝိစာရသာရှိ၍ ဝိတက်မရှိသောတရား = ဒုဈာန် ၁၁၊ တက်,စာကြဉ်စေ ၃၆၊ သဝိသစာ ၅၅ ၌ရှိ တက် ၅၅၊
- နှစ်ပါးစုံ မရှိသောတရား = အဝိအစာ ၅၅၊ တက်,စာကြဉ် ၃၆၊ ဒုဈာန် ၁၁ ၌ရှိ ဝိစာရ ၁၁၊ ရုပ် ၂၈၊ နိဗ္ဗာန်၊
- နှစ်ပါးစုံ ရှိသောတရား = သဝိတက္ကသဝိစာရစိတ် ၅၅၊ တက်,စာကြဉ် စေ ၅၀၊

ဝိတက္ကတိက် –

ဝိတက္ကတိက် (ပ)ပဒ၌ **"သဝိတက္ကသဝိစာရာ ဓမ္မာ"**ဟူ၍ ဟောတော်မူရာတွင် (၁) ဝိတက်နှင့်လည်းတကွ ဖြစ်ခြင်း၊ (၂) ဝိစာရနှင့်လည်းတကွဖြစ်ခြင်းတည်းဟူသော အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော တရားတို့ကို ကောက်ရပါသည်။ ဝိတက်စေတသိက်သည် ဝိစာရနှင့် တကွဖြစ်နိုင်သော်လည်း မိမိဝိတက်နှင့်တကွ မဖြစ်နိုင်ပါ။ ဝိစာရလည်း ဝိတက်နှင့်တကွဖြစ်နိုင်သော်လည်း မိမိဝိစာရနှင့်တကွ မဖြစ်နိုင်ပါ။ ယင်းသို့အင်္ဂါတစ်ပါးစီချို့နိုင်သောကြောင့် (ပ)ပဒ၌ ဝိတက်၊ ဝိစာရကို ကြဉ်၍ ကောက်ရပါသည်။

(တစ်နည်း) ဝိတက္ကတိက်(ပ)ပုဒ်၌ ဝိတက်,ဝိစာရ နှစ်ပါးကို မဟော၊ ဝိတက်,ဝိစာရနှင့်ယှဉ်သောတရားကိုသာ ဟောသောကြောင့် ဝိတက်,ဝိစာရကို (ပ)ပုဒ်၌ ကြဉ်ရပါသည်။

ဒု–ပဒ၌ သဝိ,သစာ(၅၅) ၌ရှိ ဝိတက် ၅၅ ကိုကောက်ခြင်း

(ဒု)ပဒ–**"အဝိတက္ကဝိစာရမတ္တာ ဓမ္မာ"** ဖြစ်ရာ ဝိတက်နှင့်မယှဉ် ဝိစာရနှင့်ယှဉ်သောတရားကို ကောက်ရာ၌ ဝိတက်သည် မိမိဝိတက်နှင့် မယှဉ်သော်လည်း ဝိစာရနှင့် ယှဉ်သောကြောင့် (ဒု)ပဒ၌ ကောက်ရပါသည်။

မဂ်စိတ္တုပ္ပါဒ်(၂၈)၊ ဖိုလ်စိတ္တုပ္ပါဒ်(၃၅)၊

ဤဝိတက္ကတိက် သုံးပုဒ်လုံး၏အရကောက်မှာ ဝိတက်,ဝိစာရကို ကြဉ်ထားသည်။ သို့ဖြစ်၍ မဂ်စိတ်၌ ယှဉ်သောစေတသိက်မှာ ၃၄–ပါးမျှသာ ကျန်၏။ ထိုတွင် ဝိတက်မပါ၍ မဂ္ဂင်တရားကိုယ် ၇–ပါးသာ ရ၏။ မဂ်စိတ်၌ယှဉ်သောစေတသိက် ၃၄–ပါးထဲမှ ၎င်းမဂ္ဂင်တရားကိုယ်ကိုနုတ်သော်၊ ၂၇–ပါးကျန်ပြီး၊ မဂ်စိတ်တို့ကို တစ်ခုပြု၍ထည့်လျှင် မဂ်စိတ္တုပ္ပါဒ်–၂၈ ဖြစ်၏။

ဖိုလ်စိတ်များ၌လည်း ဝိတက်,ဝိစာရကိုကြဉ်ထားသော စေတသိက် ၃၄–ပါးမျှသာယှဉ်၏။ ဖိုလ်စိတ်တို့ကို တစ်ခုပြု၍ထည့်လျှင် ဖိုလ်စိတ္တုပ္ပါဒ်–၃၅ ဖြစ်၏။

(ဤဝိတက္ကတိက်ကား သဘောသကန် သိမ်မွေ့နက်နဲ ခက်ခဲသော်လည်း သဒ္ဒါပုဗ္ဗင်္ဂမ စိတ္တုပ္ပါဒ်ဖြင့် ကြိုးစားကြပါရန်။)

www.dhammadownload.com



# ၅။ ပီတိတိက်

(x ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | |
| ၁ | **ပီတိသဟဂတာ ဓမ္မာ။**<br>ပီတိနှင့်တကွဖြစ်ကုန်သော၊ (ဝါ)ပီတိနှင့် ဧကုပ္ပါဒအစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော၊ (ဝါ) ပီတိနှင့်ဧကုပ္ပါဒအစရှိသောအဖြစ်သို့ရောက်ကုန်သော၊x ။ | ပီတိသဟဂုတ် ၅၁၊<br>ဒေါစတုက်, ပီ, ဝိစိကြဉ် ၄၆၊ | ၄ | ၂ | ၂ | ၃ | ၂၈-၃၆ |
| ၃ | **သုခသဟဂတာ ဓမ္မာ။**<br>သုခဝေဒနာနှင့်တကွဖြစ်ကုန်သော၊ (ဝါ)သုခဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှောကုန်သော၊ (ဝါ)သုခဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအဖြစ်သို့ ရောက်ကုန်သော၊ x ။ | သုခသဟဂုတ် ၆၃၊<br>ဒေါစတုက်, ဝေ,ဝိစိကြဉ် ၄၆၊ | ၃ | ၂ | ၃ | ၃ | ၂၈-၃၆ |
| ၁ | **ဥပေက္ခာသဟဂတာ ဓမ္မာ။**<br>ဥပေက္ခာဝေဒနာနှင့်တကွဖြစ်ကုန်သော၊(ဝါ)ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှောကုန်သော၊ (ဝါ) ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒအစရှိသောအဖြစ်သို့ ရောက်ကုန်သော၊ x ။ | ဥပေက္ခာသဟဂုတ် ၅၅၊<br>ဒေါစတုက်,ဝေ, ပီကြဉ် ၄၆၊ | ၃ | ၂ | ၇ | ၃ | ၂၆-၃၃ |
| အာဒိလဒ္ဓ/သပ္ပဒေသ (တိက်မုတ်– သုခကာဝိ, စ–ချုန် ၁၁ ရှိ သုဝေ ၁၂၊ ဥဝေ ၅၅၊ ဒုက္ခ ၃၊ ဓေ ၂၂၊ ရုပ် ၂၈၊ နိဗ္ဗာန်) | | | | | | | |

(၁–ပဒ) ပီတိ (၅၁) = လောကီပီတိ(၂၇) + မဂ်ပီတိ(၁၂) + ဖိုလ်ပီတိ(၁၂) (ပ.ဒု.တ)

(၃–ပဒ) သုခ (၆၃) = လောကီ(၃၁) + မဂ်(၁၆) + ဖိုလ်(၁၆) (ပ.ဒု.တ.စ)

(၁–ပဒ) ဥပေက္ခာ(၅၅) = ကီဥပေက္ခာ(၄၇) + မဂ်ဥပေက္ခာ(၄) + ဖိုလ်ဥပေက္ခာ(၄) (ပဉ္စမ)

(၁–ပဒ) သစ္စာ ၃ ပါးကား – လောကီ–ပီတိသဟဂုတ်စိတ် ၂၇-ပါး၊ လောဘကြဉ်သော စေတသိက်–၄၅ ပဋိစတ္တာလီသသည် ဒုက္ခသစ္စာမည်၏။ လောဘသည် သမုဒယသစ္စာ မည်၏။ မဂ်ပီတိသဟဂုတ်စိတ် ၁၂-ပါး၌ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈–ပါး, ၇–ပါး၊ သကဒါဂါမိမဂ် ၈–ပါး, ၇–ပါး၊ အနာဂါမိမဂ် ၈–ပါး, ၇–ပါး၊ အရဟတ္တမဂ် ၈–ပါး, ၇–ပါးသည် မဂ္ဂသစ္စာမည်၏။ ကြွင်းသောမဂ်စိတ္တုပ္ပါဒ် ၂၈–ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆–ခုသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၃–ပါး ဖြစ်၏။

ဒုတိယပုဒ်၏အရသည် = ဝေဒနာတိက်–ပဌမပုဒ်၏အရနှင့် တူ၏။

တတိယပုဒ်၏အရသည် = ဝေဒနာတိက်–တတိယပုဒ်၏အရနှင့် တူ၏။

(စေတသိက် ၆ ခုစီ ကြဉ်၏။)

www.dhammadownload.com



ပီတိ (၅)မျိုး

(၁) ခုဒ္ဒကာပီတိ - အနည်းငယ် ကြက်သီးထရုံ နှစ်သက်ခြင်း။
(၂) ခဏိကာပီတိ - လျှပ်ပြက်သကဲ့သို့ တခဏမျှ နှစ်သက်ခြင်း။
(၃) ဩက္ကန္တိကာပီတိ - လှိုင်းတံပိုး ထသကဲ့သို့ဖြစ်သော နှစ်သက်ခြင်း။
(၄) ဥဗ္ဗေဂါပီတိ - ကောင်းကင်သို့ ခုန်ပျံတက်နိုင်အောင် နှစ်သက်ခြင်း။
(၅) ဖရဏာပီတိ - တစ်ကိုယ်လုံး ပျံ့နှံ့စေသော နှစ်သက်ခြင်း။

ပ-ပဒ ပီတိကိုကြဉ်ရခြင်း

ပီတိကားတစ်ပါးတည်းသာဖြစ်၍ ပီတိနှင့်ယှဉ်သော ပီတိတစ်ခု (အခြား သမ္ပယုတ္တပီတိ) မရကောင်း၊ ထို့ကြောင့် ပီတိသဟဂတာ၌ ပီတိကိုကြဉ်၍ ကောက်ရပါသည်။

ဥပေက္ခာသဟဂတာဓမ္မာ၌၊ ဥပေက္ခာ ၁၀-ပါး၊ တရားကိုယ် ၄-ပါး

၁။ ဆဠင်္ဂုပေက္ခာ ၂။ ဗြဟ္မဝိဟာရုပေက္ခာ ၃။ ဗောဇ္ဈင်္ဂုပေက္ခာ ၄။ ဝီရိယုပေက္ခာ ၅။ သင်္ခါရုပေက္ခာ
၆။ ဝိပဿနုပေက္ခာ ၇။ တတြမဇ္ဈတ္တုပေက္ခာ ၈။ ဈာနုပေက္ခာ ၉။ ပါရိသုဒ္ဓုပေက္ခာ ၁၀။ ဝေဒနုပေက္ခာ

* ဥပေက္ခာ ၁၀-ပါး၏တရားကိုယ် (၄-ပါး)

(၁) သင်္ခါရုပေက္ခာနှင့် ဝိပဿနာနုပေက္ခာကား- ပညာ။ (၂) ဝီရိယုပေက္ခာကား- ဝီရိယ။
(၃) ဝေဒနုပေက္ခာကား- ဝေဒနာ။ (၄) ကြွင်း(၆)ပါးကား- တတြမဇ္ဈတ္တတာ။

ဝေဒနာတိက်နှင့် ပီတိတိက် အထူး

? ပီတိတိက် ဒုတိယပုဒ်,တတိယပုဒ်တို့သည် ဝေဒနာတိက်နှင့် တူခဲ့ကြ၏။ ပထမပုဒ်သာ ထူးခြားခဲ့၏။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် ပီတိတိက်ကို ဟောတော်မူပြန်သနည်း။

စတုတ္ထဈာန်ဇကောဒသ(၁၁)နှင့် သုခသဟဂုတ် ကာယဝိညာဏ်တို့၌ရှိသော သုခသည် ပီတိကင်း(မယှဉ်)သောကြောင့် 'နိပ္ပီတိကသုခ' မည်၏။ ကြွင်းသော သုခသဟဂုတ်တို့၌ရှိသော သုခသည် ပီတိနှင့်တကွဖြစ်သောကြောင့် 'သပ္ပီတိကသုခ' ဖြစ်၏။ ဤသို့ သုခအပြားကိုပြလိုသောကြောင့် ဟောတော်မူပါသည်။(အဋ္ဌကထာ)
(တစ်နည်း) ပီတိ,သုခတို့၏ အထူးကို သိနိုင်ခဲရကား ၎င်းတို့၏အထူးကို သိစေလိုသောကြောင့်ဟောတော်မူပါသည်။(ဋီကာ)
(တစ်နည်း) စတုတ္ထဈာန်ဇကောဒသ(၁၁)၌ရှိသော သုခသည် အတိပဏီတသုခ ဖြစ်၏။ ရုန့်ရင်းသောဩဠာရိက သုခမှထုတ်နုတ်၍ သိမ်မွေ့နူးညံ့သော အတိပဏီတသုခကို ပြလိုသောကြောင့် ဟောတော်မူပါသည်။(အနုဋီကာ)

သုခဝေဒနာအချို့ တိက်မှတ်ထုတ်ရပုံ -

ဒု-ပဒမှကြဉ်လိုက်သော သုခဝေဒနာ ၆၃-ခုတွင် သပ္ပီတိကသုခ ၅၁-ခုသည် 'ပီတိသဟဂတာ ဓမ္မာ'ဟူ၍ ပ-ပဒတွင်ပါဝင်ပြီးဖြစ်သော်လည်း၊ စတုတ္ထဈာန်-၁၁ နှင့် သုခသဟဂုတ်ကာယဝိညာဏ်၌ရှိသော နိပ္ပီတိကသုခ ဝေဒနာ ၁၂-ခုသည် တိက်မှတ် ထုတ်ရပါသည်။(ဒု-ပဒမှကြဉ်ထားပြီး။ ပ-ပဒ၌လည်းမဝင်။ တ-ပဒနှင့်လည်းမဆိုင်။)

www.dhammadownload.com



## ၈။ ဒဿနတိက်

(x ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ ခန္ဓ | အာ | ဓာ | သစ္စ | ဝိမုတ် |
|---|---|---|---|---|---|---|---|
| ပ | ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။<br>သောတာပတ္တိမဂ်သည်<br>ပယ်အပ်ကုန်သော၊x ။ | သောမဂ် အကြွင်းမဲ့ပယ်– ဒိဋ္ဌိသံ ၄၊ ဝိစိသဟဂုတ်စိတ်၊ မာန,ဒေါစတုက်ကြဉ် စေ ၂၂၊<br>သောမဂ် တနုပယ်–အပါယဂမနီယဖြစ်သော ဒိဋ္ဌိဝိပ် ၄၊ ဒေါ ၂၊ ဒိဋ္ဌိ, ဝိစိကြဉ် စေ ၂၅၊ | ၄ | ၂ | ၂ | ၂ | – |
| ဒု | ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ၊<br>အထက်မဂ်သုံးခုသည်<br>ပယ်အပ်ကုန်သော၊x ။ | သကမဂ်တနုကရပယ်– ရုန့်ရင်း ဒိဋ္ဌိဝိပ် ၄၊ ဒေါ ၂၊ ဒိဋ္ဌိ, ဝိစိကြဉ် စေ ၂၅၊<br>အနာမဂ် အကြွင်းမဲ့ပယ်– ကာမရာဂသံ ဒိဋ္ဌိဝိပ် ၄၊ ဒေါ ၂၊ ဒိဋ္ဌိ, ဝိစိကြဉ် စေ ၂၅၊<br>အရဟတ္တမဂ်အကြွင်းမဲ့ပယ်– ရူ,အရူပရာဂသံ ဒိဋ္ဌိဝိပ် ၄၊ ဥဒ္ဓစ္စ၊ ဒိဋ္ဌိ,ဒေါစတုက်,ဝိစိကြဉ်စေ ၂၁၊ | ၄ | ၂ | ၂ | ၂ | – |
| တ | **နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။**<br>သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သည်လည်း မဟုတ်၊<br>ထက်မဂ်သုံးခုသည်ပယ်အပ်ကုန်သည်လည်းမဟုတ်ကုန်သော၊x ။ | ကု ၂၁၊ ဝိ ၃၆၊ ကြိ ၂၀၊<br>စေ ၃၈၊<br>ရုပ် ၂၈၊ **နိဗ္ဗာန်**၊ | ၅* | ၁၂ | ၁၈ | ၃ | ၂၉–၃၇ |
| | အာဒိလဒ္ဓ / နိပ္ပဒေသ | | | | | | |

(ပ–ပဒ) သောတာပတ္တိမဂ်ပယ် – ဒိသံ–၄၊ ဒိဋ္ဌိဝိပ်–၄၊ ဒေါ–၂၊ ဝိစိ–၁ = အကု ၁၁၊ စေ ၂၇၊
(ဒု–ပဒ) အထက်မဂ် ၃–ခုပယ် – ဒိဋ္ဌိဝိပ်–၄၊ ဒေါ–၂၊ ဥဒ္ဓစ္စ–၁ = အကု ၇၊ ဒိဋ္ဌိ,ဝိစိကြဉ်စေ ၂၅၊
(တ–ပဒ) ကု ၂၁၊ ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊
(✱သောတာပတ္တိမဂ်၏အနေကန်ပယ် အပါယဂမနီယတရား၌ဥဒ္ဓစ္စမပါသဖြင့် ထိုဥဒ္ဓစ္စသည် အပါယ်ပဋိသန္ဓေကို မပေးနိုင်ပြီ။)

ဒဿန = နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သောကြောင့် သောတာပတ္တိမဂ်သည် "ဒဿန" မည်၏။

**?** နိဗ္ဗာန်ကိုမြင်သောကြောင့် 'ဒဿန'ဟုခေါ်လျှင် အထက်မဂ်သုံးခုလည်း နိဗ္ဗာန်ကို မြင်ပါသော်လည်း အဘယ့်ကြောင့် 'ဒဿန'ဟု မခေါ်ပါသနည်း။

အထက်မဂ်သုံးခုတို့ နိဗ္ဗာန်ကိုမြင်ပါသော်လည်း ရှေးဦးစွာ မြင်သည်မဟုတ်။ သောတာပတ္တိမဂ်မြင်ပြီးသော နိဗ္ဗာန်ကိုပင် ထပ်ကာထပ်ကာ မြင်ရသည့်အတွက် ပွားများသောသဘောဖြစ်သောကြောင့် 'ဘာဝနာ'ဟုသာ ခေါ်ပါသည်။ နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သောကြောင့် သောတာပတ္တိမဂ်သည် "ဒဿန" မည်၏။

www.dhammadownload.com



ဒဿန အမည်ရခြင်း

ဂေါတြဘူသည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သော်လည်း ကိလေသာကို ပယ်ခြင်းကိစ္စ မပြီးသောကြောင့် "ဒဿန"ဟု အမည်မရပါ။ သောတာပတ္တိမဂ်သည်ကား နိဗ္ဗာန်ကိုလည်းမြင် ကိလေသာပယ်ခြင်းကိစ္စလည်းပြီး သောကြောင့် "ဒဿန" အမည်ရ၏။

ဥပမာ– တစ်စုံတစ်ယောက်သောသူသည် ဘုရင်မင်းမြတ်ထံ တစ်စုံတစ်ခုသောကိစ္စကိုပြောဆိုလိုသောကြောင့် သွားရောက်ခစားရာ၊ လမ်းခရီးတွင် ဆင်စီး၍လာသောမင်းကိုမြင်လျှက် လမ်းခရီးအကြားဖြစ်၍ မိမိကိစ္စမပြီးစီး ဘဲပြန်လာရာ တယောက်သောသူက"ဘုရင်မင်းမြတ် တွေ့ခဲ့ပါရဲ့လား"ဟုမေးရာ တွေ့ခဲ့ပြီးသော်လည်း မိမိကိစ္စ မပြီးသဖြင့် "မတွေ့ခဲ့ပါ"ဟုဆိုသကဲ့သို့ ဂေါတြဘူသည် နိဗ္ဗာန်ကို မြင်သော်လည်း ကိလေသာပယ်ခြင်းကိစ္စ မပြီးသောကြောင့် မြင်သည်ဟုမဆိုပါ။

* (သောတာပတ္တိမဂ်ခဏမှာ အမြင်စင်ကြယ်ဆဲ၊ ဖိုလ်ခဏမှာ စင်ကြယ်ပြီးဖြစ်၍၊ မဂ် ၄–ပါးပင် ဒဿန မည်ကြောင်း တနည်းကားအနေဖြင့် သံယုတ်ကိသုကောပမသုတ်၌ ဖွင့်ဆို၏။)

(ဒု–ပဒ) * *ဘာဝနာ*

အဘန်ဘန်အထပ်ထပ်ပွါးစေမှု ဖြစ်မှုပင်တည်း။ အထက်မဂ် ၃–ခုသည် သောတာပတ္တိမဂ် မြင်ပြီး နိဗ္ဗာန်ကို (ဝါ)သစ္စာလေးပါးကိုသာ ထပ်ခါထပ်ခါ မြင်၏။ မမြင်ဘူးသည်ကို မမြင်။ မြင်အပ်ပြီးသောသစ္စာ ၄–ပါး၌ ဘာဝနာအစွမ်းဖြင့် ထပ်၍မြင်သောကြောင့် 'ဘာဝနာ'ဟု ဆိုရ၏။

? သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိသံ ၄ နှင့် ဝိစိကိစ္ဆာပယ်နိုင်ပါလျှက် အဘယ်ကြောင့် အပါယ်မလားသနည်း။

– သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိသံ ၄ နှင့် ဝိစိကိုပယ်ပြီး။ အပါယဂမနိယဖြစ်သော ဒိဋ္ဌိဝိပ် ၄၊ ဒေါ ၂ စိတ္တုပ္ပါဒ်တို့ကို တနုကရအားဖြင့် ပယ်သောကြောင့် သောတာပန်ပုဂ္ဂိုလ်သည် အပါယ်မလားခြင်း ဖြစ်ပါသည်။

? ရဟန္တာပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရန် စိတ္တက္ခဏတစ်ချက်အလိုတွင် မည်သည့်စိတ္တုပ္ပါဒ်နှင့် ကိလေသာ တို့အား ပယ်သတ်သည်ကို ဖော်ပြပါ။

– ပယ်သတ်သည့်စိတ္တုပ္ပါဒ် = ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော–
ဒိဋ္ဌိဝိပ် ၄, ဥဒ္ဒစ္စ ၁၊ ဒိဋ္ဌိ,ဒေါစတုက်,ဝိစိကြဉ်စေတသိက် ၂၁၊

– ပယ်သတ်သည့်ကိလေသာ = ရူပရာဂ, အရူပရာဂ သမ္ပယုတ်ဖြစ်သော လောဘတစ်ပိုင်း၊
မောဟ,မာန,ထိန, ဥဒ္ဒစ္စ, အဟိရိက, အနောတ္တပ္ပတို့ကို အကြွင်းမဲ့ပယ်။

? မဂ်လေးပါးတို့ အကြွင်းမရှိပယ်သော တရားတို့ကိုဖော်ပြပါ။

– သောတာပတ္တိမဂ် အကြွင်းမရှိပယ် = ဒိဋ္ဌိသံ ၄, ဝိစိသဟဂုတ်စိတ် ၁၊ မာန, ဒေါစတုက်ကြဉ်စေ ၂၂၊

– သကဒါဂါမိမဂ် အကြွင်းမရှိပယ် = မရှိ။

– အနာဂါမိမဂ် အကြွင်းမရှိပယ် = ကာမရာဂနှင့်သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဝိပ် ၄, ဒေါ ၂၊ ဒိဋ္ဌိ, ဝိစိကြဉ်စေ ၂၅၊

– အရဟတ္တမဂ် အကြွင်းမရှိပယ် = ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော–
ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄–ခု၊ ဥဒ္ဒစ္စသဟဂုတ်စိတ် ၁–ခု။
ဒိဋ္ဌိ,ဒေါစတုက်,ဝိစိကြဉ် စေတသိက် ၂၁၊

www.dhammadownload.com



## ၉။ ဒဿနေဟေတုတိက်

(x ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|---|
| | | | | ခန် | အာ | ဓာ | သစ် | |
| ၁ | ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ယှဉ်ဘက်သမ္ပယုတ်ဟိတ်ရှိကုန်သော၊x ။ | သောမဂ် အကြွင်းမရှိပယ်– ဒိဋ္ဌိသံ ၄၊ ဝိစိ၊ မာန,ဒေါစတုက်, ဝိစိသဟဂုတ်၌မောဟကြွင်စေ ၂၂၊<br>သောမဂ်တနုကရပယ်– အပါယဂမနီယဖြစ်သော ဒိဋ္ဌိဝိပ် ၄၊ ဒေါ ၂၊ ဒိဋ္ဌိ, ဝိစိကြွင် စေ ၂၅၊ | | ၄ | ၂ | ၂ | ၂ | – |
| ၃ | ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊ အထက်မဂ်သုံးခုသည် ပယ်အပ်သော ယှဉ်ဘက်သမ္ပယုတ်ဟိတ်ရှိကုန်သော၊x ။ | သကမဂ်၊အနာမဂ်၊အရဟတ္တမဂ် (မဂ်သုံးပါးပယ်) ဒိဋ္ဌိဝိပ် ၄၊ ဒေါ ၂၊ ဥဒ္ဓစ္စ၊ ဒိဋ္ဌိ, ဝိစိ, ဥဒ္ဓစ္စသဟဂုတ်၌မောဟ၊ ကြွင်စေ ၂၅၊ | | ၄ | ၂ | ၂ | ၂ | – |
| ၇ | နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်သောယှဉ်ဘက်သမ္ပယုတ် ဟိတ်ရှိသည်လည်းမဟုတ်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သောယှဉ်ဘက် သမ္ပယုတ်ဟိတ်ရှိသည်လည်း မဟုတ်ကုန်သော၊ x ။ | ကု ၂၁၊ ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈၊ မောဒွေး၌မောဟ၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ | | ၅* | ၁၂ | ၁၈ | ၃ | ၂၉-၃၇ |
| | အာဒိလဒ္ဓ / နိပ္ပဒေသ | (ဝိစိ+ဥဒ္ဓစ္စ=မော၂=ဧကဟိတ်=သံဟိတ်x ) | | | | | | |

ဒဿနေန ပဟာတဗ္ဗဟေတုက – သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသောကြောင့် 'ဒဿနေန ပဟာတဗ္ဗဟေတုက' မည်၏။

(၁–ပဒ) သောမဂ် အကြွင်းမဲ့ပယ်– ဒိဋ္ဌိသံ ၄၊ ဝိစိ၊ မာန,ဒေါစတုက်, ဝိစိသဟဂုတ်၌မောဟကြွင် စေ–၂၂၊
(ယှဉ်ဘက်ဟိတ်မရှိ၍ ဝိစိကိစ္ဆာသဟဂုတ်၌ မောဟကြွင်၏။)(ဧကဟိတ်)

(၃–ပဒ) အထက်မဂ်(၃)ခုပယ် – ဒိဋ္ဌိဝိပ် ၄၊ ဒေါ ၂၊ ဥဒ္ဓစ္စ ၁၊ ဒိဋ္ဌိ,ဝိစိ, ဥဒ္ဓစ္စ၌မောဟကြွင်စေ–၂၅၊
(ယှဉ်ဘက်ဟိတ်မရှိ၍ ဥဒ္ဓစ္စသဟဂုတ်၌ မောဟကြွင်၏။)(ဧကဟိတ်)

(၇–ပဒ) ကု ၂၁၊ ဝိ ၃၆၊ ကြိ ၂၀၊ စေ–၃၈, မောဒွေး၌ မောဟ၊ ရုပ်–၂၈၊ နိဗ္ဗာန်၊
(နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာဓမ္မာ။ – ၌၊ ယှဉ်ဘက်သမ္ပယုတ်ဟိတ်မရှိ၍ ကြွင်ထားသော ပထမပဒ၏ ဝိစိကိစ္ဆာသဟဂုတ်၌မောဟနှင့် ဒုတိယပဒ၏ ဥဒ္ဓစ္စသဟဂုတ်၌ မောဟ၊ ထိုမောဟ ၂–ပါးကို တတိယပဒ၌ ထည့်သွင်း၍ကောက်ရပါသည်။)

www.dhammadownload.com



တ–ပဒ–သစ္စာ ၃–ပါးဟူသော်ကား– ဒုက္ခသစ္စာ။ နိရောဓသစ္စာ။ မဂ်စိတ် ၄–ခု၌ရှိသော မဂ္ဂင်တရားကိုယ် ၈–ပါး/၇–ပါးစီသည် မဂ္ဂသစ္စာ။ ကြွင်းသောမဂ်စိတ္တုပ္ပါဒ်–၂၉၊ ဖိုလ်စိတ္တုပ္ပါဒ်–၃၇ သည် သစ္စာဝိမုတ်မည်၏။

ဒဿနဟေတုတိက်၌ မောဟ

(ပ) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသောမောဟသည် မိမိနှင့်ယှဉ်ဘက် သမ္ပယုတ်ဟိတ်တရားတစ်ပါး မရှိသောကြောင့် ကြဉ်ရပါသည်။

(ဒု) အရဟတ္တမဂ်သည် ပယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသောမောဟသည်လည်း မိမိနှင့်ယှဉ်ဘက် သမ္ပယုတ်ဟိတ်တရားတစ်ပါး မရှိသောကြောင့် ကြဉ်ရပါသည်။

(တ) မောဟမူဒွေ၌ရှိသောမောဟသည် မဂ်လေးခုတို့ကပယ်အပ်သော ဟိတ်ကား မှန်ပါ၏။ သို့သော် ယှဉ်ဘက်သမ္ပယုတ်ဟိတ်တရားကား မရှိပါ။ မဂ်လေးခုတို့သည် ပယ်အပ်သောဟိတ်ရှိသောတရားဟု တတိယပဒ အရ ယူရမည်ဖြစ်သောကြောင့် တတိယပဒ၌ ထည့်သွင်းကောက်ရပါသည်။ (မောဒွေသည် မောဟဟိတ်သာရှိ၊)

ယှဉ်ဘက်သမ္ပယုတ်ဟိတ်မရှိ၍ ကြဉ်ထားသော ပ–ပဒ၏ ဥဒ္ဓစ္စသဟဂုတ်၌မောဟနှင့် ဒု–ပဒ၏ ဥဒ္ဓစ္စသဟဂုတ်၌မောဟ။ ထိုမောဟမူဒွေ၌ရှိသော မောဟ ၂–ပါးကို တတိယ–ပဒ၌ ထည့်သွင်း၍ကောက်သည်။

ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ

သောတာပတ္တိမဂ် ပယ်အပ်သောတရားဖြစ်ခြင်း၊ ယှဉ်ဘက်သမ္ပယုတ်ဟိတ်ရှိခြင်းဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော တရားများသည် 'ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊' မည်၏။

ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ

အထက်မဂ်သုံးပါး ပယ်အပ်သောတရားဖြစ်ခြင်း၊ ယှဉ်ဘက်သမ္ပယုတ်ဟိတ်ရှိခြင်းဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော တရားများသည် 'ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ၊' မည်၏။

နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ

သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်ရှိသည်လည်းမဟုတ်၊(ဤစကားရပ်ဖြင့် ပ–ပဒအရတရားကိုပယ်၏။)၊ အထက်မဂ်သုံးပါးသည် ပယ်အပ်သောဟိတ်ရှိသည်လည်းမဟုတ်၊(ဤစကားရပ်ဖြင့် ဒု–ပဒအရတရားကိုပယ်၏။)၊ သော တရားတို့သည် 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊'တရားတို့ မည်၏။ ထို့ကြောင့် ပ–ပဒ, ဒု–ပဒတို့၌ မကောက်ဘဲ ကြွင်းကျန်နေသမျှသော တရားတို့ကို ဤ တ–ပဒအတွက် ကောက်ယူရမည်။(ထို့ကြောင့် မောဟမူဒွေ၌ရှိသော မောဟ ၂–ပါးကို ပြန်ကောက်ပါသည်။)

အရကောက်–

ဒဿတိက်၏အရကောက်နှင့် အနည်းငယ်မျှသာ ထူး၏။

- ပ–ပဒ၏အရကို ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသောမောဟကို ကြဉ်၍ကောက်၊ စေတသိက်အရေအတွက် မလျော့။
- ဒု–ပဒ၏အရကိုလည်း ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသောမောဟကို ကြဉ်၍ကောက်၊ စေတသိက်အရေအတွက် မလျော့။
- တ–ပဒတွင် ထိုဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသောမောဟနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသောမောဟကို တ–ပဒ ၏အရ စေတသိက်အဋ္ဌတ္တိံသ(၃၈) နောက်မှာ –"မောဟမူဒွေ၌မောဟ"ဟု ထည့်သွင်းကောက်ပါ။

www.dhammadownload.com



## ၁၀။ အာစယဂါမိတိက်

(× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | |
| ၁ | **အာစယဂါမိနော ဓမ္မာ။**<br>စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်ကုန်သော၊× ။ | အကု ၁၂, ကိုကု ၁၇၊<br>စေ ၅၂၊ | ၄ | ၂ | ၂ | ၂ | - |
| ၃ | **အပစယဂါမိနော ဓမ္မာ။**<br>နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော၊ × ။ | မဂ်စိတ် ၄၊<br>အပ္ပကြဉ်စေ ၃၆၊ | ၄ | ၂ | ၂ | ၁ | ၂၉- |
| ၃ | **နေဝါစယဂါမိ နာပစယဂါမိနော ဓမ္မာ။**<br>စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ်,<br>နိဗ္ဗာန်သို့ ရောက်ကြောင်းလည်းမဟုတ်ကုန်သော၊× ။ | ဝိ ၃၆, ကြိ ၂၀၊<br>စေ ၃၈၊<br>ရုပ် ၂၈၊ နိဗ္ဗာန်၊ | ၅* | ၁၂ | ၁၈ | ၂ | -၃၇ |
| | အာဒိလဒ္ဓ / နိပ္ပဒေသ | | | | | | |

အာစယ = ကံ၊ ကိလေသာတို့သည် ပွားစေအပ်သော စုတိ–ပဋိသန္ဓေတို့ကို 'အာစယ'ဟု ခေါ်၏။
စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်းတရားမှာ လောကီကုသိုလ်, အကုသိုလ်တို့ ဖြစ်ကြ၏။
– (ဤ၌ ဥဒ္ဒစ္စစေတနာမှာ ဒဿနတိက်အရ၊ ပဋိသန္ဓေအကျိုးမပေးသော်လည်း၊ ပဝတ္တိအကျိုးကို ပေးခြင်း၊ ဇနကသတ္တိမရှိသော်လည်း ဥပထမ္ဘကသတ္တိရှိခြင်းတို့ကြောင့် အရတရား၌ ထည့်၍ ကောက်ပါသည်။)

အာစယဂါမိနော = စုတိ, ပဋိသန္ဓေဟူသော အာစယသို့ ရောက်ကြောင်းဖြစ်ကုန်သော၊
အကု ၁၂, လောကီ ကု ၁၇၊ စေ ၅၂၊

အပစယ = နိဗ္ဗာန်သည် ကံ,ကိလေသာတို့က ပွားစေအပ်သော စုတိ, ပဋိသန္ဓေတို့မှ ကင်း၏။
ထို့ကြောင့် 'အပစယ'ဟူသော အမည်ရ၏။

အပစယဂါမိ = အရိယာမဂ်တို့သည် ကံ,ကိလေသာတို့ကပွားစေအပ်သော စုတိ, ပဋိသန္ဓေတို့မှ ကင်းသော နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တတ်သောကြောင့် 'အပစယဂါမိ' မည်၏။
မဂ်စိတ် ၄–ပါးတို့မှာ ပရိညာစသော ကိစ္စလေးပါးကိုပြီးစေခါ နိဗ္ဗာန်ကို အာရုံပြုသဖြင့် 'အပစယဂါမိ' မည်၏။ နိဗ္ဗာန်ရောက်ကြောင်း နီးလှ၏။ မဂ်စိတ် ၄၊ အပ္ပကြဉ်စေ ၃၆၊
* (ဒါန၊သီလစသည်မှာ မဂ်ကိစ္စ ၄–ပါးကို မပြီးစေနိုင်။ အကြောင်းဝေး၍ မကောက်ပါ။)

(တ–ပဒ) လောကုတ္တရာစိတ်ဖြစ်သော ဖိုလ်စိတ်တို့မှာ မဂ်ကဲ့သို့ ကိစ္စ ၄–ပါးကို မပြီးစေနိုင်။ စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ် နိဗ္ဗာန်သို့ရောက်ကြောင်းလည်းမဟုတ်သောကြောင့် ဖိုလ်ကို ထည့်ကောက်၏။

www.dhammadownload.com



? အာစယ–အရ အကျိုး၊ ဂါမိ–အရ အကြောင်း၊ အပစယ–အရ အကျိုး ၊ ဂါမိ–အရ အကြောင်းတရား။

* အာစယ–အရ(အကျိုး) – ကံ၊ ကိလေသာတို့သည် ဆည်းပူးအပ်သော လောကီဝိပါက်နှင့် နာမက္ခန္ဓာ၊ ကဋတ္တာရုပ်။

* ဂါမိ–အရ(အကြောင်း) – လောကီကုသိုလ်–၁၇၊ အကုသိုလ်–၁၂ ရ၏။

* အပစယ–အရ(အကျိုး) – နိဗ္ဗါန်။

* ဂါမိ–အရ(အကြောင်း) – မဂ်စိတ္တုပ္ပါဒ် (မဂ်စိတ် ၄၊ အပ္ပကြဉ်စေ ၃၆၊)။

နိဗ္ဗါန်ရောက်ကြောင်းတရား

? အာစယဂါမိတိက်(ဒု)ပုဒ်၌ နိဗ္ဗာန်သို့ရောက်ကြောင်းတရားတို့ကို ကောက်သည်ဖြစ်ပါလျက် အဘယ်ကြောင့် မဂ်ကုသိုလ်ကိုသာ ကောက်ရပါသနည်း။ လောကီကုသိုလ်တို့သည်လည်း နိဗ္ဗာန်သို့ရောက်ကြောင်းတရား မဟုတ်ပါသလော။

* နိဗ္ဗာန်သို့ရောက်ကြောင်းတရားအများရှိရာတွင် 'မဂ်ကုသိုလ်'တို့မှာ နီးသောအကြောင်းဖြစ်သောကြောင့် ကောက်ရပါသည်။ လောကီကုသိုလ်တို့မှာ နိဗ္ဗာန်ရောက်ကြောင်းလည်း ရှိ၏။ ရောက်ကြောင်းမဟုတ်သည်လည်းရှိ၏။ ရောက်ကြောင်းပင်ဖြစ်စေကာမူ ဝေးသောအကြောင်းဖြစ်သောကြောင့် မကောက်ရပါ။

'အပ္ပစ္စယာ ဓမ္မာ' နှင့် 'အပစယဂါမိနော ဓမ္မာ'

? နိဗ္ဗာန်သည် အကြောင်းကင်းသောကြောင့် 'အပ္ပစ္စယာ ဓမ္မာ'ဟု ဟောရာ၊ 'အပစယဂါမိနော ဓမ္မာ'ဟု ဟောသောပုဒ်၏အရ မဂ် ၄–ပါးသည် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်၍ မဆန့်ကျင်ပြီလော။

* နိဗ္ဗာန်သည် ကံ,စိတ်,ဥတု,အာဟာရစသော တစ်စုံတစ်ခုသောအကြောင်းတရားတို့ကြောင့် ဖြစ်လာသည်မဟုတ်။ ပရမတ္ထသဘာဝအားဖြင့် အလိုလို သယံဇာတဖြစ်နေသော သဘာဝတရားဖြစ်ရာ၊ ဖြစ်စေတတ်သော ဇနကအကြောင်း မရှိသည်ကို 'အပ္ပစ္စယာ ဓမ္မာ'ဟု ဟောတော်မူပါသည်။

* မဂ်စိတ် ၄–ပါးတို့သည် နိဗ္ဗာန်သို့ရောက်စေတတ်သောအကြောင်း ဖြစ်ပါသည်။ နိဗ္ဗာန်သို့ ရောက်လိုသောသူသည် မဂ်တည်းဟူသော အကြောင်းကိုရှာဖွေရမည်။ ထို့ကြောင့် မဂ် ၄–ပါးကို 'အပစယဂါမိနော ဓမ္မာ' ဟု ဟောတော်မူပါသည်။

ဒု–ပဒ 'အပစယဂါမိနော ဓမ္မာ' သည် မိစ္ဆတ္တတိက် ဒု–ပဒ 'သမ္မတ္တနိယတာ ဓမ္မာ' နှင့် အရတူ၏။

**နိဗ္ဗာန်** – (အစ္စုတ+အစ္စန္တ၊ အသင်္ခတနှင့်၊ အနုတ္တရဲ+ပဒံ၊ ဤငါးတန် မှတ်ရန် သင်္ဂြိုဟ်ကျမ်းလာ နိဗ္ဗာန်တည်း။)

အစ္စုတံ = သေခြင်းမရှိသောတရား၊ အစ္စန္တံ = စုတိခြင်းအဆုံးကို လွန်သောတရား၊

အသင်္ခတံ = ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သောတရား၊

အနုတ္တရံ = မိမိထက်လွန်မြတ်သောတရားမရှိ၊ အမြတ်ဆုံးဖြစ်သောတရား၊

ပဒံ = အရိယာပုဂ္ဂိုလ်တို့သာ အာရုံပြုသောအားဖြင့် ရောက်အပ်သည့် သန္တိလက္ခဏာ(အငြိမ်းဓာတ်သဘောတရား၊) တစ်မျိုးကို တဏှာမှလွတ်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့က 'နိဗ္ဗာန်'ဟူ၍ ဟောတော်မူခဲ့ကြပေသည်။

www.dhammadownload.com



# ၁၁။ သေက္ခတိက်

(× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် |
|---|---|---|---|---|---|---|---|
| ပ | **သေက္ခာ ဓမ္မာ**။ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ဥစ္စာ ဖြစ်ကုန်သော၊×။ | (အရဟတ္တဖိုလ်ကြဉ်) လောကုတ်စိတ် ၇၊ အပ္ပကြဉ်စေ ၃၆၊ | ၄ | ၂ | ၂ | ၁ | ၂၆-၃၇ |
| ဒု | **အသေက္ခာ ဓမ္မာ**။ ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာ ဖြစ်ကုန်သော၊×။ | အရဟတ္တဖိုလ် ၁၊ အပ္ပကြဉ်စေ ၃၆၊ | ၄ | ၂ | ၂ | × | -၃၇ |
| တ | **နေဝသေက္ခနာသေက္ခာ ဓမ္မာ**။ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ဥစ္စာလည်းမဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်ကုန်သော၊×။ | ကာမီစိတ် ၈၁၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ | ၅* | ၁၂ | ၁၈ | ၃ | - |
| | အာဒိလဒ္ဓ / နိပ္ပဒေသ | | | | | | |

အရိယာတို့၏ ဥစ္စာ

* (ပ)ပဒအရ သေက္ခပုဂ္ဂိုလ်တို့၏ သီးခြားဥစ္စာကား မဂ် ၄-ပါး၊ အောက်ဖိုလ် ၃-ပါးတည်း။ ၎င်းတို့သည် သိက္ခာ ၃-ပါးကို ကျင့်လေ့ရှိ၏။ ထို့ကြောင့် "မုချသေက္ခ" မည်၏။

* (ဒု)ပဒအရ ရဟန္တာ၏ဥစ္စာမှာ အရဟတ္တဖိုလ်တည်း။

* လောကုတ္တရာစိတ် ၈-ပါးသည် သေက္ခ၊ အသေက္ခ ပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်ကြ၏။

* နိဗ္ဗာန်ကား ဗဟိဒ္ဓတရားဖြစ်၍ အသေက္ခာဓမ္မာနှင့်မဆိုင်၍ နိဗ္ဗာန်ကို ရဟန္တာတို့၏ဥစ္စာအဖြစ် မကောက်ရပါ။

သိက္ခာ - သီလ, သမာဓိ, ပညာတို့သည် ကျင့်သင့်ကျင့်ထိုက်သောတရားများဖြစ်၍ 'သိက္ခာ' မည်၏။
သေက္ခာ - သိက္ခာသုံးပါးတို့၌ဖြစ်သောတရားတို့သည် 'သေက္ခ' မည်၏။ ဖြစ်ခြင်းဟူသည် ပါဝင်ခြင်းဖြစ်သည်။

- အဓိပညာသိက္ခာ၌ - သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ မဂ္ဂင်တို့ပါဝင်၏။
- အဓိသီလသိက္ခာ၌ - သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်တို့ပါဝင်၏။
- အဓိစိတ္တသမာဓိသိက္ခာ၌ - သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်တို့ပါဝင်၏။

အသေက္ခ - တိုးပွားခြင်းသို့ ရောက်ကုန်ပြီးသော သေက္ခတရားတို့သည် 'အသေက္ခ'မည်၏။(အရဟတ္တဖိုလ်)။

* ဒု-ပဒ 'အသေက္ခာ ဓမ္မာ'သည် သစ္စာအားဖြင့် တစ်ပါးမျှ မရပါ

သစ္စာတပါးမျှဖွဲ့၍မရသောတရားကို မြတ်စွာဘုရားရှင်သည် သေက္ခတိက် ဒုတိယပဒ 'အသေက္ခာ ဓမ္မာ'တွင် ဟောကြားခဲ့ပါသည်။ အသေက္ခအရ- အရဟတ္တဖိုလ်-၁၊ စေတသိက်-၃၆ ကို ရခဲ့ရာ လောကီတရားများမဟုတ်သောကြောင့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ၂-ပါးကို မရနိုင်။ မဂ်တရားများ(မဂ်စိတ္တုပ္ပါဒ်)မပါ၍ မဂ္ဂသစ္စာ မဖွဲ့နိုင်၊ နိဗ္ဗာန်မပါ၍ နိရောဓသစ္စာ မဖွဲ့နိုင်ပါ။ သစ္စာ ၄-ပါးစလုံး မဖွဲ့နိုင်သောကြောင့် သစ္စာတပါးမျှ မရပါ။

www.dhammadownload.com



# ၁၂။ ပရိတ္တတိက်

(× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အတိဓေယျဓမ္မ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် |
|---|---|---|---|---|---|---|---|
| ပ | **ပရိတ္တာ ဓမ္မာ။**<br>နည်းသော အာနုဘော်ရှိကုန်သော၊ × ။ | ကာမစိတ် ၅၄၊<br>စေ ၅၂၊ ရုပ် ၂၈၊ | ၅ | ၁၂ | ၁၈ | ၂ | – |
| ဒု | **မဟဂ္ဂတာ ဓမ္မာ။**<br>မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော၊(ဝါ) မြတ်ကုန်သောဈာနလာဘီပုဂ္ဂိုလ်တို့သည်ရောက်အပ်ကုန်သော၊× ။ | မဟဂ္ဂုတ် ၂၇၊<br>ဝိရတီကြဉ်စေ ၃၅၊ | ၄ | ၂ | ၂ | ၁ | – |
| တ | **အပ္ပမာဏာ ဓမ္မာ။**<br>နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂအစရှိသော ကိလေသာတို့၏ဆန့်ကျင်ဘက် ဖြစ်ကုန်သော၊× ။ | လောကုတ် ၈၊<br>အပ္ပကြဉ်စေ ၃၆၊<br>**နိဗ္ဗာန်**၊ | ၄* | ၂ | ၂ | ၂ | ၂၉–၃၇ |
| | အာဒိလဒ္ဓ / နိပ္ပဒေသ | | | | | | |

ပရိတ္တ = ကိလေသာကို တဒင်္ဂမျှသာပယ်ခွါနိုင်၍ နည်းသောအာနုဘော်ရှိကြသော ကာမစိတ်၊ စေတသိက်၊ ရုပ်၊ တို့သည် 'ပရိတ္တ' မည်၏။
(ကာမတရားတို့သည် မဟဂ္ဂုတ်တရားတို့ကဲ့သို့– ကိလေသာကို မပယ်ခွာနိုင်ခြင်း။ –ကြီးကျယ်ဖွံ့ဖြိုးသောအကျိုးကို မပေးနိုင်ခြင်း။– ကြာရှည်လေးမြင့် မတည်နိုင်ခြင်းတို့ကြောင့် တန်ခိုးပါဝါ နည်းပါးရကား သေးငယ်သောအရာဝတ္ထုနှင့်တူကြ၏။ ထို့ကြောင့် 'ပရိတ္တ'အမည်ရရှိလေသည်။)

မဟဂ္ဂတ = ကိလေသာကို ကာမတရားတို့ထက် ကြာရှည်စွာပယ်ခွါတတ်သော၊ မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော၊ မြတ်သော ဈာနလာဘီပုဂ္ဂိုလ်တို့ရအပ်သော မဟဂ္ဂုတ်စိတ်၊ စေတသိက်များမှာ မြတ်သည်၏အဖြစ်သို့ရောက်ကြ၍ 'မဟဂ္ဂတ' မည်၏။
(ရူပ,အရူပတရားတို့သည် ကိလေသာကို ပယ်ခွာနိုင်ခြင်း။ –ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးရှိခြင်း။ ရှည်သောအစဉ်ရှိခြင်းကြောင့် ကြီးကျယ်ခမ်းနားသည်၏အဖြစ်သို့ ရောက်သောတရားများဖြစ်ကြ၏။ ထို့ကြောင့် 'မဟဂ္ဂတ'ဟူသော အမည်ရရှိလေသည်။)

အပ္ပမာဏ = နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ရာဂအစရှိသောကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားတို့သည် 'အပ္ပမာဏ' မည်၏။(* ရာဂစသည်= ဤသူမှာ ဂုဏ်အနည်းငယ်သာရှိ၏။ စသည်ဖြင့် နှိုင်းယှဉ်ခြင်းကိုပြုတတ်သော်လည်း လောကုတ္တရာတို့မှာ အာရုံအားဖြင့်၎င်း၊ သမ္ပယုတ်အားဖြင့်၎င်း၊ နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ရာဂစသော ကိလေသာ မရှိ။)
(လောကုတ္တရာတရားတို့ကို ရာဂစသောတရားတို့က အာရုံလည်းမပြုနိုင်၊ ယှဉ်လည်းမယှဉ်နိုင်ကြချေ။ ထို့ကြောင့် လောကုတ္တရာတရားတို့သည် 'အပ္ပမာဏ'ဟူသော အမည်ရရှိလေသည်။)

www.dhammadownload.com



## ၁၃။ ပရိတ္တာရမ္မဏတိက် (တိက်ဝင်တိက်မုတ်)

(x ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် |
|---|---|---|---|---|---|---|---|
| ၁ | **ပရိတ္တာရမ္မဏာ ဓမ္မာ။**<br>ပရိတ္တတရားလျှင် အာရုံရှိကုန်သော၊ (ဝါ)ပရိတ္တတရားကို အာရုံပြုကုန်သော၊x ။ | မြဲ- ဒွေပဉ္စ ၁၀၊နောဓာတ် ၃၊ သန္တီ ၃၊ ဟသိ၊ မဟာဝိ ၈၊ ဝိရတီ,အပ္ပကြဉ်စေ ၃၃၊<br>ခိုက်-အကု၁၂၊ မနောဒွါ၊ မဟာကု ၈, ကြိ ၈၊ အဘိဉ် ၂၊ အပ္ပကြဉ်စေ ၅၀၊ | ၄ | ၂ | ၈ | ၂ | - |
| ၂ | **မဟဂ္ဂတာရမ္မဏာ ဓမ္မာ။**<br>မဟဂ္ဂုတ်တရားလျှင်အာရုံရှိကုန်သော၊ (ဝါ)မဟဂ္ဂုတ်တရားကို အာရုံပြုကုန်သော၊x ။ | မြဲ- ဝိညာ ၃၊ နေဝ ၃၊ တက်,စာ,ပီ, ဝိရတီ,အပ္ပကြဉ်စေ ၃၀၊<br>ခိုက်-အကု၁၂၊ မနောဒွါ၊ မဟာကု ၈, ကြိ ၈၊ အဘိဉ် ၂၊ ဝိရတီ,အပ္ပကြဉ်စေ ၄၇၊ | ၄ | ၂ | ၂ | ၂ | - |
| ၃ | **အပ္ပမာဏာရမ္မဏာ ဓမ္မာ။**<br>အပ္ပမာဏတရားလျှင်အာရုံရှိကုန်သော (ဝါ) အပ္ပမာဏတရားကို အာရုံပြုကုန်သော x ။ | မြဲ- လောကုတ် ၈၊ အပ္ပကြဉ်စေ ၃၆၊<br>ခိုက်-မနောဒွါ၊ မဟာကုသံ၄, ကြိသံ ၄၊ အဘိဉ် ၂၊ အပ္ပကြဉ်စေ ၃၆၊ (ဦးတိလောက ၃၃) | ၄ | ၂ | ၂ | ၂ | ၂၉-၃၇ |

အာဒိလဒ္ဓ / သပ္ပဒေသ (တိက်မုတ်- ပညတ်မြဲ-အာကာ ၃၊ အာကိံ ၃၊ အဘိညာဉ် ၂ မှတပါး ရူပ ၁၅ / စေ ၃၅၊ ပညတ်အာရုံပြုခိုက်- အကု ၁၂၊ မနောဒွါ၊ဟာကု ၈၊ ကြိ ၈၊ အဘိဉ် ၂၊ တိကြဉ်စေ ၄၉။ **ရုပ် ၂၈၊ နိဗ္ဗာန်။**

| | | |
|---|---|---|
| ၅၆ (ကာမ ၅၄ + ဘိံ ၂) | ဧကန် ၁၃ | ဒွေပဉ္စ ၁၀, မနောဓာတ် ၃၊ |
| | အနေကန် ၄၃ | မနောဒွါ, ကာဇော ၂၉, ရုံ ၁၁, ဘိံ ၂၊ |

? (တ)ပုဒ်၌ ကုသိုလ်, အကုသိုလ်, ကြိယာ, မနောဒွါရာဝဇ္ဇန်း, အဘိညာဉ်တို့အား အဘယ်ကြောင့် တိက်ဝင်တိက်မုတ် ဖြစ်ပါသနည်း။ (= တိက်ဝင်တိက်ထွက်)

- တကောင်သောနွားသည်ပင် မိခင်၏နို့ကိုစို့စဉ် 'ဝစ္ဆ'၊ ဆုံးမသင့်သောအခါ 'ဒမ္မ'၊ ဝန်ကိုရွက်ဆောင်နိုင်သောအခါ 'ဗလိဗဒ္ဒ'ဟု ခေါ်ရသကဲ့သို့ ၎င်းတရားတို့လည်း ကာမ, မဟဂ္ဂုတ်, အပ္ပမာဏတို့ကိုအာရုံပြုသောအခိုက် တိက်ဝင်၊ အာရုံမပြုသောအခိုက် တိက်မုတ် ဖြစ်ရပါသည်။(အကု မနော၊ မဟာဇော၊ မှတ်လော့ အဘိညာဉ်၊)

ဇော ၅၅ = ကာမဇော ၂၉(၁၂+ဟသိ+၈+၈) + အပ္ပနာဇော ၂၆(၉+၉+၄+၄)

ပဥ္စဒွါရဝိထိ - တီ န ဒ၊ ပ စ သံ ဏ ဝုံ၊ ဇဇဇ ဇဇဇ ဇ ရုံ ရုံ

ဈာနဝိထိ - န ဒ၊ မ၊ ပ ဥ နု ဂေါ၊ ဈာန် -----

မဂ္ဂဝိထိ - န ဒ၊ မ၊ ပ ဥ နု ဂေါ၊ မဂ် ဖိုလ် ဖိုလ် ---

အကု ၁၂၊ ဒွေပဥ္စ ၁၀၊ သံ၂၊ ဏ၃၊ ပဥ္စဒွါ၊ မနောဒွါ၊ ဟသိ၊ / မဟာကု ၈၊ ဝိ ၈၊ ကြိ ၈၊ / ကုဘိံ, ကြိဘိံ = ၅၆ (၅၄+၂)

www.dhammadownload.com



(ပ–ပဒ)ပရိတ္တာရမ္မဏာ ဓမ္မာ။ (ပ–ပဒ ၅၆–၅၀) ⇆ (၄၊ ၂၊ ၈၊ ၂၊ – )
–ဇကန် ၂၅ မြဲ – ဒွေပဥ္စ ၁၀၊ သမ္ပဋိစ္ဆ ၃၊ သန္တီ ၃၊ ဟသိ၊ မဟာဝိ ၈ ဝီရတီ,အပ္ပမညာကြဉ်စေ ၃၃၊
–အနေကန် ၃၁ ခိုက် – အကု ၁၂၊ မနောဒွါ၊ မဟာကု ၈, ကြိ ၈၊ အဘိဉ် ၂ အပ္ပကြဉ်စေ ၅၀၊

ပရိတ္တာရမ္မဏာ ၅၆ အကု ၁၂၊ အဟိတ် ၁၈၊ ကာသော ၂၄၊ အဘိ ၂ အပ္ပကြဉ်စေ ၅၀၊

(ဒု–ပဒ)မဟဂ္ဂတာရမ္မဏာ ဓမ္မာ။ (ဒု–ပဒ ၃၇–၄၇) ⇆ (၄၊ ၂၊ ၂၊ ၂၊ – )
–ဇကန် ၆ မြဲ – (ရူပ၁၅× ၊ အာကာ× ၊ အာကိ×) ဝိညာ ၃၊ နေဝ ၃ ဝီရတီ,အပ္ပ,တက်,စာ,ပီကြဉ် ၃၀
–အနေကန် ၃၁ ခိုက် – အကု ၁၂၊ မနောဒွါ၊ မဟာကု ၈, ကြိ ၈၊ အဘိဉ် ၂ ဝီရတီ,အပ္ပကြဉ်စေ ၄၇၊

မဟဂ္ဂတာရမ္မဏာ ၃၇ အကု ၁၂၊ မနောဒွါ၊ မဟာကု ၈, ကြိ ၈၊ အဘိဉ် ၂၊ ဝိညာ ၃၊ နေဝ ၃၊ ဝီရတီ,အပ္ပကြဉ်စေ ၄၇၊

(တ–ပဒ) အပ္ပမာဏာရမ္မဏာ ဓမ္မာ။ (တ–ပဒ ၁၉–၃၆) ⇆ (၄၊ ၂၊ ၂၊ ၂၊ ၂၉–၃၇)
–ဇကန် ၈ မြဲ – မဂ် ၄၊ ဖိုလ် ၄ အပ္ပကြဉ်စေ ၃၆၊
–အနေကန် ၁၁ ခိုက် – မနောဒွါ၊ မဟာကုသ် ၄၊ ကြိသံ ၄၊ အဘိဉ် ၂ ဝီရတီ,အပ္ပကြဉ်စေ ၃၃၊

အပ္ပမာဏာရမ္မဏာ ၁၉ မနောဒွါ၊ မဟာကုသ် ၄၊ ကြိသံ ၄၊ အဘိဉ် ၂၊ ကုတ် ၈ အပ္ပကြဉ်စေ ၃၆၊

တိက်မုတ် (သပ္ပဒေသ)
(က)ပညတ်မြဲ– အာကာ ၃၊ အာကိ ၃၊ အဘိညာဉ် ၂ မှတပါး ရူပ ၁၅၊ တိကြဉ်စေ ၃၅
(ခ) ပညတ်အာရုံပြုခိုက်– အကု ၁၂၊ မနောဒွါ၊ မဟာကု ၈၊ ကြိ ၈၊ အဘိဉ် ၂၊ တိကြဉ်စေ ၄၉။
(ဂ) ရုပ် ၂၈၊ နိဗ္ဗာန်၊

- အာကာ ၃၊ အာကိ ၃၊ အဘိညာဉ် ၂ မှတပါး ရူပ ၁၅ တို့သည် ပညတ်ကိုသာ ဧကန်အာရုံပြုသောစိတ်များ ဖြစ်၍ ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏာတို့ကို လုံးဝအာရုံမပြုကြသောကြောင့် တိက်မုတ် ထုတ်ရပါသည်။
- အကု ၁၂၊ မနောဒွါ၊ မဟာကု ၈၊ ကြိ ၈၊ အဘိဉ် ၂ တို့သည် ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏာတို့ကိုလည်း အာရုံပြုနိုင်, ပညတ်ကိုလည်းအာရုံပြုနိုင်ကြရာ၊ ပညတ်ကိုအာရုံပြုခိုက် ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏာတို့ကို အာရုံပြုသည်ဟု မဆိုနိုင်၍ တိက်မုတ် ထုတ်ရပါသည်။
- ရုပ် ၂၈, နိဗ္ဗာန်တို့သည် မည်သည့်တရားကိုမျှ အာရုံမပြုသဖြင့် တိက်မုတ် ထုတ်ရပါသည်။

? (ပ) ပုဒ်ဝယ် အဘယ့်ကြောင့် အပ္ပမညာကို ကြဉ်ပြီး ဝီရတီကို မကြဉ်ပါသနည်း။
- အပ္ပမညာသည် သုခိတ, ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုခဲ့၏။ ၎င်းတရားတို့ကား ကာမကိုအာရုံပြုခဲ့၏။ ဤသို့ အာရုံပြားသောကြောင့် ကြဉ်ရပါသည်။
- လောကုတ္တရာဝီရတီမှာ နိဗ္ဗာန်ကိုအာရုံပြုသော်လည်း လောကီဝီရတီမှာ ဝိရမိတဗ္ဗဝတ္ထုတည်းဟူသောကာမကိုအာရုံပြုသောကြောင့် မကြဉ်ရပါ။
? (ဒု) ပုဒ်ဝယ် အပ္ပမညာ၊ ဝီရတီ နှစ်မျိုးလုံးကို အဘယ်ကြောင့် ကြဉ်ရပါသနည်း။
- အပ္ပမညာသည် သုခိတ, ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုခဲ့၏။
- လောကီဝီရတီလည်း ဝိရမိတဗ္ဗဝတ္ထုတည်းဟူသော ကာမကို အာရုံပြုခဲ့၏။
  လောကုတ္တရာဝီရတီလည်း နိဗ္ဗာန်တည်းဟူသော အပ္ပမာဏာကို အာရုံပြုခဲ့၏။
  (ဒု–ပဒ)အရ တရားတို့ကား မဟဂ္ဂုတ်ကို အာရုံပြုခဲ့၏။ ဤသို့ အာရုံပြားသောကြောင့် ကြဉ်ရ၏။

www.dhammadownload.com



# ၁၄။ ဟီနတိက်

(× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် |
|---|---|---|---|---|---|---|---|
| ၁ | **ဟီနာ ဓမ္မာ**။<br>ယုတ်ကုန်သော၊ × ။ | အကု ၁၂၊<br>စေ ၂၇၊ | ၄ | ၂ | ၂ | ၂ | – |
| ၃ | **မဇ္ဈိမာ ဓမ္မာ**။<br>အလတ်ဖြစ်ကုန်သော၊(ဝါ)<br>အယုတ်,အမြတ်တို့၏အလယ်၌ဖြစ်ကုန်သော၊× ။ | ကီကု ၁၇, ကီဝိ ၃၂, ကြိ ၂၀၊<br>စေ ၃၈၊<br>ရုပ် ၂၈၊ | ၅ | ၁၂ | ၁၈ | ၁ | – |
| ၂ | **ပဏီတာ ဓမ္မာ**။<br>မြတ်ကုန်သော × ။ | ကုတ် ၈၊<br>အပ္ပကြဉ်စေ ၃၆၊ **နိဗ္ဗာန်**၊ | ၄* | ၂ | ၂ | ၂ | ၂၆–၃၇ |
| | အာဒိလဒ္ဒ / နိပ္ပဒေသ | | (သံကိလိဋ္ဌတိက်နှင့် တူ၏။) | | | | |

ဟီန = အကုသိုလ်တရားတို့သည် စွန့်ပယ်အပ်, စွန့်ပယ်ထိုက်သောတရားမျိုး ဖြစ်၏။ ယုတ်ညံ့အောက်ကျကုန်၏။ ထို့ကြောင့် 'ဟီန' မည်၏။

မဇ္ဈိမ = လောကီကုသိုလ်, လောကီဝိပါက်, ကြိယာနာမက္ခန္ဓာ, ရုပ်တရားတို့သည် ယုတ်ညံ့သော အကုသိုလ်နှင့် မြင့်မြတ်သော လောကုတ္တရာတရားတို့၏ အလယ်၌ ဖြစ်ကြ၏။ ထို့ကြောင့်(ထို လောကီကုသိုလ်, လောကီဝိပါက်, ကြိယာနာမက္ခန္ဓာ, ရုပ်တရားတို့ကို) 'မဇ္ဈိမ'ဟူသောအမည်ဖြင့် ဟောကြားတော်မူသည်။

ပဏီတ = မြင့်မြတ်သည်၏အဖြစ်သို့ ဆောင်အပ်သောကြောင့် 'ပဏီတာ' မည်၏။ 'မဂ်, ဖိုလ်, နိဗ္ဗာန်'ဟုဆိုအပ်သော လောကုတ္တရာတရားတို့သည် အမြင့်မြတ်ဆုံး, အထက်တန်းအကျဆုံးဖြစ်သောကြောင့်လည်းကောင်း၊ ပစ္စဝေက္ခဏာဝီထိဖြင့် တစ်နေကုန်ဆင်ခြင်ကြည့်သော်လည်း တင်းတိမ်အားရမှုကို မဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ ထို့ပြင် ဖိုလ်တရားတို့သည် တစ်နေကုန် ဖလသမာပတ်ဝင်စားနေသော်လည်း တင်းတိမ်အားရမှုကို မဖြစ်စေတတ်သောကြောင့် လည်းကောင်း၊ 'ပဏီတ'ဟူသော အမည်ကိုရကြသည်။

ဟောပုဒ် သုံးမျိုးအခွဲ

အယုတ်, အလတ်, အမြတ် ဟူ၍ သုံးမျိုးသုံးစား ခွဲခြား –

| | | | |
|---|---|---|---|
| ၁–ပဒ အယုတ်တရား | – အကုသိုလ်စိတ္တုပ္ပါဒ် | – | အကုသိုလ် ၁၂၊ စေ ၂၇၊ |
| ၂–ပဒ အမြတ်တရား | – လောကုတ္တရာစိတ္တုပ္ပါဒ်နှင့်နိဗ္ဗာန် | – | ကုတ် ၈၊ အပ္ပကြဉ်စေ ၃၆၊ နိဗ္ဗာန်၊ |
| ၃–ပဒ အလတ်တရား | – ၁–ပဒ နှင့် ၂–ပဒ မှတပါးဖြစ်သော တရားတို့ကိုကောက်– လောကီကုသိုလ် ၁၇, လောကီဝိပါက် ၃၂, ကြိယာ ၂၀၊ စေ ၃၈၊ ရုပ်၂၈၊ | | |

www.dhammadownload.com



## ၁၅။ မိစ္ဆတ္တတိက်

(× ဓမ္မာ= နိယတ္တ နိဗ္ဗိဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | |
| ၁ | **မိစ္ဆတ္တနိယတာ ဓမ္မာ။**<br>ဖောက်ပြန်သောသဘောရှိကုန်သည်ဖြစ်၍၊ စုတိ၏အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့် မြဲကုန်သော၊× ။ | နိယတမိစ္ဆာဒိဋ္ဌိကံစွမ်းဖြင့်ဖြစ် ဒိဋ္ဌိသံ ၄၊ သတ္တမဇော၊ မာန,ဒေါ်စတုက်,ဝိစိကြဉ်စေ ၂၁၊<br>ပဉ္စာနန္တရိယကံစွမ်းဖြင့်ဖြစ်သော ဒေါ ၂, သတ္တမဇော၊ ပီ,လောဘ,ဒိဋ္ဌိ,မာန,ဝိစိကြဉ်စေ ၂၂ | ၄ | ၂ | ၂ | ၂ | - |
| ၃ | **သမ္မတ္တနိယတာ ဓမ္မာ။**<br>မဖောက်ပြန်သောသဘောရှိကုန်သည်ဖြစ်၍၊ မိမိ၏အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့် မြဲကုန်သော၊× ။ | မဂ် ၄၊<br>အပ္ပကြဉ်စေ ၃၆၊ | ၄ | ၂ | ၂ | ၁ | ၂၉- |
| ၃ | **အနိယတာ ဓမ္မာ။**<br>နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲ ကုန်သော× ။ | (ပ-ပဒ)မှတပါး<br>အကု ၁၂၊ ကိကု ၁၇၊ ဝိ ၃၆၊ ကြိ ၂၀၊<br>စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ | ၅* | ၁၂ | ၁၈ | ၃ | -၃၇ |
| အာဒိလဒ္ဓ / နိပ္ပဒေသ | | | | | | | |

(ပ-ပဒ) နိယတမိစ္ဆာဒိဋ္ဌိသံ ၄၊သတ္တမဇော၊ ပဉ္စာနန္တရိယကံ ဒေါ ၂၊သတ္တမဇော = အကု ၆၊ မာန,ဝိစိကြဉ်စေ ၂၅၊

မိစ္ဆတ္တ- အနန္တရိယကံငါးပါး, နိယတမိစ္ဆာဒိဋ္ဌိတရားတို့သည် မှားယွင်းဖေါက်ပြန်သော သဘောရှိသောကြောင့် 'မိစ္ဆတ္တ' မည်၏။

– မိစ္ဆတ္တတရား(၁၀)ပါး = မှားယွင်းစွာဖြစ်သောတရားများမှာ –

၁။ မိစ္ဆာ-ဒိဋ္ဌိ၊မိစ္ဆာသင်္ကပ္ပ၊မိစ္ဆာဝါစာ၊မိစ္ဆာကမ္မန္တ၊မိစ္ဆာအာဇီဝ၊မိစ္ဆာဝါယာမ၊မိစ္ဆာသတိ၊မိစ္ဆာသမာဓိ = (၈)ပါး။

၂။ မိစ္ဆာ-ဝိမုတ္တိ= ကိလေသာမှထွက်သည်။ ------------------------------ = (၁)ပါး။

၃။ မိစ္ဆာဉာဏ=(မောဟ)=အကုသိုလ်အမှု၌ကြံစည်နိုင်ခြင်းကိုကောင်းသည်ဟုထင်ခြင်း။မှတ်ယူခြင်း။ = (၁)ပါး။

* မိစ္ဆတ္တနိယတာဓမ္မာ၌ အနိစ္စသည်ကို နိစ္စသည်ထင်မြင်မှုကား ဖောက်ပြန်သောသဘောပင် ဖြစ်၏။ အဟေတုက၊ အကိရိယ၊ နတ္ထိကဟု နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါးနှင့် ပဉ္စနန္တရိယကံတို့သည်ကား ဖောက်ပြန်သော သဘောလည်းရှိကြ၏။ ဒုတိယဘဝ၌လည်း အကျိုးပေးမြဲကြပေသည်။

သံဃဘေဒက၊ လောဟိတုပ္ပါဒက၊ အရဟန္တဃာတက၊ သီလဝန္တဖြစ်သော အမိ၊ အဘ ဟု အစဉ်အကျိုးပေးကြ၏။ သို့သော်လည်း ဗလဝကံတစ်ပါးသာ အကျိုးပေးနိုင်၏။ ကြွင်းစုမှာ အဟောသိကံဖြစ်၏။

* နိယတမိစ္ဆာဒိဋ္ဌိမှာကား မသေမီ အယူကိုစွန့်လျှင် အကျိုးမပေး။ မစွန့်မှ အကျိုးပေးရကား ၎င်းကို အနန္တရိယကံ၌ မထည့်သွင်းဘဲ သီးခြားဆိုရပါသည်။

www.dhammadownload.com



နိယတာ – ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိ တရားတို့သည်ပင် အကျိုးပေးခဲ့ပါလျှင် စုတိ၏အခြားမဲ့၌ အကျိုးပေးမြဲသောကြောင့် 'နိယတ'လည်း မည်ကြပြန်သည်။

မိစ္ဆတ္တနိယတာ– မှားယွင်းဖောက်ပြန်သောသဘောရှိခြင်း၊ စုတိ၏အခြားမဲ့၌ အကျိုးပေးမြဲခြင်း ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိ တရားတို့သည် 'မိစ္ဆတ္တနိယတ' ဟူသော အမည်ကိုရကြသည်။

နိယတမိစ္ဆာဒိဋ္ဌိ– အမှန်သဘောအတိုင်း မမြင်မူ၍ မှားယွင်းဖေါက်ပြန်သောအားဖြင့် မြင်တတ်သော ဒိဋ္ဌိ စေတသိက်သည်ပင် 'မိစ္ဆာဒိဋ္ဌိ' မည်၏။ စုတိ၏အခြားမဲ့၌ အကျိုးပေးမြဲသော နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ သုံးမျိုးတို့သာ 'နိယတမိစ္ဆာဒိဋ္ဌိ' မည်ကြသည်။

နိယတမိစ္ဆာဒိဋ္ဌိကံ – နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ ကံများကို ယူရပါသည်။

နိယတမိစ္ဆာဒိဋ္ဌိ အထူး

နတ္ထိကဒိဋ္ဌိ – နောက်နောက်သောဘဝ၌ အကျိုးမရှိဟု အကျိုးဝိပါက်ကို တားမြစ်သောအယူ။ အကျိုးကိုပယ်က အကြောင်းကံကိုလည်း ပယ်ပြီးဖြစ်တော့သည်။

အဟေတုကဒိဋ္ဌိ – အကြောင်းလည်းမရှိ၊ အကျိုးလည်းမရှိဟု အကြောင်းအကျိုးနှစ်ပါးကို ပယ်သောအယူ။ 'အဟေတုက' အကြောင်းမရှိဆိုသဖြင့် အကျိုးလည်းမရှိဟု ဆိုရာရောက်၏။

အကြိယဒိဋ္ဌိ – ကောင်းမှု၊မကောင်းမှုကိုပြုသော်လည်း ပြုသည်မမည်။ ပြုရာမရောက်ဟု အကြောင်းကံကို တားမြစ်သောအယူ။
အကြောင်းကံကိုတားမြစ်လျှင် ထိုကံ၏အကျိုးကိုလည်း တားမြစ်ရာရောက်၏။

ဤသို့ မိစ္ဆာအယူသုံးမျိုးပင် ကံနှင့် ကံ၏အကျိုးကို တားမြစ်ကြသည်။

ပဉ္စာနန္တရိယကံ – မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက၊ လောဟိတုပ္ပါဒက၊ သံဃဘေဒကကံ၊

ဇော ၇–ချက် ရှိသော်လည်း (လက်ရှိဘဝသည်– ပထမဘဝ။ စုတိ၏အခြားမဲ့–ဒုတိယဘဝ)

– ပထမဇောသည် ဒိဋ္ဌဓမ္မဝေဒနီယဖြစ်၍ အကြောင်းညီညွတ်လျှင် (ပစ္စုပ္ပန်)ပထမဘဝ၌ အကျိုးပေးသည်။
– အလယ်ဇော ၅–ချက်သည် အပရာပရိယဝေဒနီယကံဖြစ်၍ အကြောင်းညီညွတ်လျှင် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝ တိုင်အောင် အကျိုးပေးသည်။
– သတ္တမဇောသည်ကား ဥပပဇ္ဇဝေဒနီယကံဖြစ်၍ အကြောင်းညီညွတ်လျှင် စုတိ၏အခြားမဲ့(အနန္တရသတ္တိ) ဒုတိယဘဝ၌ အကျိုးပေးသည်။ ထို့ကြောင့် သတ္တမဇောကိုသာ ကောက်ရပါသည်။

(ပထမဇောနှင့် အလယ်ဇောငါးချက်တို့ကား တ–ပဒ၌ဝင်ကုန်၏။ 'သတ္တမဇောမှတစ်ပါး'ဟု ကောက်ရ၏။)

သမ္မတ္တနိယတာ မဖောက်မပြန် မှန်ကန်သောသဘောရှိခြင်း၊ မိမိ၏အခြားမဲ့(ကာလမခြားဘဲ) အကျိုးပေးမြဲခြင်း၊ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော မဂ်လေးပါးသည် 'သမ္မတ္တနိယတာ' မည်၏။

အနိယတာ 'မိစ္ဆတ္တ၊ သမ္မတ္တ နှစ်မျိုးစုံသောအခြင်းအရာဖြင့် မမြဲသောတရားတို့သည် 'အနိယတာ'မည်၏။

(ဒေဝဒတ် အပါယ်ငရဲသို့ ကျရောက်ရသည့် အကြောင်းတရားအမည်မှာ 'မိစ္ဆတ္တနိယတ ဓမ္မာ' ဖြစ်ပါသည်။
အရတရား– ပဉ္စာနန္တရိယကံစွမ်းဖြင့်ဖြစ်သော ဒေါ ၂, သတ္တမဇော၊ ပီ,လောဘ,ဒိဋ္ဌိ,မာန,ဝိစိကြိစ္ဆာ ၂၂၊ –(သစ္စာ – ဒုက္ခသစ္စာ)

www.dhammadownload.com



# ၁၆။ မဂ္ဂါရမ္မဏတိက်

(× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | |
| ပ | **မဂ္ဂါရမ္မဏာ ဓမ္မာ**။<br>မဂ်လျှင်အာရုံရှိကုန်သော၊ (ဝါ)မဂ်ကို အာရုံပြု ကုန်သော၊× ။ | သောတမဂ်အာရုံပြုသောသောတပန်၏ မနောဒွါ၊မဟာကုသံ ၄၊ ကုဘိ်,<br>မဂ်နှစ်ပါးအာရုံပြုသောသကဒါဂါမ်၏မနောဒွါ၊မဟာကုသံ ၄၊ကုဘိ်,<br>မဂ်သုံးပါးအာရုံပြုသောအနာဂါမ်၏မနောဒွါ၊မဟာကုသံ ၄၊ကုဘိ်,<br>မဂ်လေးပါးအာရုံပြုသောရဟန္တာ၏မနောဒွါ၊မဟာကြိသံ ၄၊ကြိဘိ်,<br>ဝိရတီ,အပ္ပကြဉ်စေ ၃၃၊ | ၄ | ၂ | ၂ | ၁ | - |
| ဒု | **မဂ္ဂဟေတုကာ ဓမ္မာ**။<br>မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်သော၊× ။<br>တစ်နည်း–မဂ်နှင့်ယှဉ်သောဟိတ်ရှိကုန်သော၊× ။<br>တစ်နည်း–မဂ်၌တည်သောဟိတ်ရှိကုန်သော၊× ။ | ပ–ယောဇနာ မဂ် ၄၊ မဂ္ဂင် ၈ ပါးကြဉ်စေ ၂၈<br>ဒု–ယောဇနာ မဂ် ၄၊ အလော,အဒေါ, အပ္ပကြဉ်စေ ၃၄၊<br>တ–ယောဇနာ မဂ် ၄၊ အမော,အပ္ပကြဉ်စေ ၃၅၊ | ၄ | ၂ | ၂ | ၁ | ၂၉- |
| တ | **မဂ္ဂါဓိပတိနော ဓမ္မာ**။<br>မဂ်ဟုဆိုအပ်သောအာရမ္မဏာဓိပတိ ပစ္စည်းရှိကုန်သော၊ × ။<br>တစ်နည်း–မဂ်ဟုဆိုအပ်သောသဟဇာတာဓိပတိပစ္စည်းရှိကုန်သော၊× ။<br>တစ်နည်း–မဂ်လျှင် သဟဇာတာဓိပတိပစ္စည်း ဖြစ်ကုန်သော၊ × ။ | ပထမယောဇနာ သောတမဂ်ကို အလေးအမြတ်အာရုံပြုသော....<br>သောတပန်၏မဟာကုသံ ၄၊ သကမဂ်ကို ..မဟာကုသံ ၄၊ အနာမဂ်ကို ..မဟာကုသံ ၄၊ အရဟတ္တမဂ်ကို .. ရဟန္တာ၏မဟာကြိသံ ၄၊<br>ဝိရတီ,အပ္ပကြဉ်စေ ၃၃၊<br>ဒုတိယယောဇနာ– မဂ် ၄, ဝီရိယတပ်ခိုက်ဝီရိယ,အပ္ပကြဉ်စေ၃၅<br>.. ဝီမံသတပ်ခိုက်– ဝီမံသ,အပ္ပကြဉ် စေ ၃၅<br>တတိယယောဇနာ– မဂ် အဓိပတိတပ်ခိုက်– ဝီရိယ,ဝီမံသ | ၄ | ၂ | ၂ | ၂ | ၂၉- |

အာဒိလဒ္ဓ / သပ္ပဒေသ (တိက်မှတ်– မဂ်ကို အာရုံမပြုနေ – အကု ၁၂၊ မနောဒွါမှတပါး အဟိတ် ၁၇၊ မဟာကုဝိပ် ၄၊ မဟာဝိ ၈၊ မဟာကြိဝိပ် ၄၊ အဘိ် ၂ မှတပါး ရူပစိတ် ၁၅၊ အရူပစိတ် ၁၂၊ ဖိုလ် ၄၊ စေ ၅၂၊ မဂ်ကို အာရုံမပြုခိုက် – မနောဒွါ၊ မဟာကုသံ၄၊ မဟာကြိသံ၄၊ အဘိ်ဒွေ၊ စေ ၃၈။ – **ရုပ် ၂၈၊ နိဗ္ဗာန်**။)

မဂ္ဂ – ကိလေသာတို့ကို ပယ်သတ်လျက်၊ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သွားရောက်တက်သောကြောင့် 'မဂ္ဂ' မည်၏။

ရဟန္တာသည် သောတာပတ္တိမဂ်ကို အလေးအနက် အာရုံမပြုပါ။ အဘယ့်ကြောင့်ဆိုသော် ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကိုသာ အလေးအနက် အာရုံပြု၏။ ကျန်မဂ်သုံးပါးကို အလေးအနက် အာရုံမပြုပါ။
– အောက်အောက်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် အထက်အထက်ဖြစ်သော မဂ်တို့ကို မိမိတို့သန္တာန်၌ မရဖူးသေး၊ မဖြစ်ဖူးသေးသောကြောင့် အာရုံမပြုနိုင်ပါ။ မိမိတို့သန္တာန်၌ ရဖူး၊ ဖြစ်ဖူးသော မဂ်များကိုသာ အာရုံပြုနိုင်ပါသည်။

www.dhammadownload.com



(ပ–ပဒ) မဂ္ဂါရမ္မဏာ ဓမ္မာ။ (ပ–ပဒ ၁၁–၃၃) ⇆ (၄၊ ၂၊ ၂၊ ၁၊ –)

- သောမဂ်အာရုံပြုသော သောတပန်၏ မနောဒွါ၊မဟာကုသ် ၄၊ ကုဘိ၊ ဝိရတိ,အပ္ပကြဉ်စေ ၃၃၊
- မဂ်နှစ်ပါးအာရုံပြုသော သကဒါဂါမ်၏ မနောဒွါ၊မဟာကုသ် ၄၊ကုဘိ၊ ဝိရတိ,အပ္ပကြဉ်စေ ၃၃၊
- မဂ်သုံးပါးအာရုံပြုသော အနာဂါမ်၏ မနောဒွါ၊မဟာကုသ် ၄၊ကုဘိ၊ ဝိရတိ,အပ္ပကြဉ်စေ ၃၃၊
- မဂ်လေးပါးအာရုံပြုသော ရဟန္တာ၏ မနောဒွါ၊မဟာကြိသ် ၄၊ကြိဘိ၊ ဝိရတိ,အပ္ပကြဉ်စေ ၃၃၊

မဂ်ကိုအာရုံပြုသောဖိုလ်ပုဂ္ဂိုလ်၏ မဂ္ဂါရမ္မဏစိတ်(၁၁) မနောဒွါ၊မဟာကုသ် ၄၊ကြိသ် ၄၊ဘိ ၂, ဝိရတိ,အပ္ပကြဉ်စေ ၃၃၊

(ဒု–ပဒ)မဂ္ဂဟေတုကာ ဓမ္မာ။ (ဒု–ပဒ ၄–၃၆ ) ⇆ (၄၊ ၂၊ ၂၊ ၁၊ –၂၉)

-(ပ–ယော) မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်သော၊ မဂ် ၄, မဂ္ဂင် ၈ ပါး၊ အပ္ပကြဉ်စေ ၂၈၊
(မဂ္ဂင် ၈ ပါးမှာ မဂ်သာမည်၊ မဂ္ဂဟေတု မမည်၍)

-(ဒု–ယော) တစ်နည်း–မဂ်နှင့်ယှဉ်သော ဟိတ်ရှိကုန်သော၊ မဂ် ၄၊ အလော,အဒေါ,အပ္ပကြဉ်စေ ၃၄၊
(မဂ္ဂင် ၈ ပါးနှင့်ယှဉ်သောဟိတ် အလော,အဒေါ ဖြစ်၍)

-(တ–ယော) တစ်နည်း–မဂ်၌တည်သော ဟိတ်ရှိကုန်သော၊ မဂ် ၄၊ အမော,အပ္ပကြဉ်စေ ၃၅၊
(မဂ်၌တည်သောဟိတ် အမော ဖြစ်၍)

မဂ္ဂဟေတုကစိတ် မဂ် ၄၊ အပ္ပကြဉ် စေ ၃၆၊

(တ–ပဒ) မဂ္ဂါဓိပတိနော ဓမ္မာ ။ (တ–ပဒ ၁၂–၃၃) ⇆ (၄၊ ၂၊ ၂၊ ၂၊ –၂၉)

-(ပ–ယော) မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းရှိကုန်သော၊ သောမဂ်ကို အလေးအမြတ် အာရုံပြုသော သောတပန်၏ မဟာကုသ် ၄
(မိမိမဂ်ကိုသာအလေးအမြတ်အာရုံပြုကြ) သကမဂ်ကို .. မဟာကုသ် ၄၊
အနာမဂ်ကို .. မဟာကုသ် ၄၊ အရဟတ္တမဂ်ကို .. ရဟန္တာ၏ မဟာကြိသ် ၄၊ ဝိရတိ,အပ္ပကြဉ်စေ ၃၃၊

-(ဒု–ယော) မဂ်ဟုဆိုအပ်သောသဟဇာတာဓိပတိပစ္စည်းရှိကုန်သော၊ (ပစ္စယုပ္ပန်) မဂ် ၄၊ ဝီရိယတပ်ခိုက် ဝီရိယ,အပ္ပကြဉ်စေ ၃၅၊
(အဓိပတိ ၄ပါး တစ်ပြိုင်နက် မရကောင်း၍) မဂ် ၄၊ ဝီမံသတပ်ခိုက် ဝီမံသ,အပ္ပကြဉ်စေ ၃၅၊

-(တ–ယော) မဂ်လျှင် သဟဇာတာဓိပတိပစ္စည်းဖြစ်ကုန်သော၊ (ပစ္စည်း) မဂ် အဓိပတိတပ်ခိုက် ဝီရိယ,ဝီမံသ
(မဂ္ဂလည်းမည်၊ သဟဇာတာဓိပတိလည်းမည်၊)

မဂ္ဂါဓိပတိစိတ်(၁၂) မဟာကုသ် ၄, ကြိသ် ၄, မဂ် ၄၊ အပ္ပကြဉ်စေ ၃၆၊

တိက်မှတ် (သပ္ပဒေသ)

(က) မဂ်ကိုအာရုံမပြုနေ – အကု ၁၂, မနောဒွါကြဉ် အဟိတ် ၁၇, မဟာကုဝိပ် ၄, ကြိဝိပ် ၄, အဘိ ၂ မှတပါးရူပ ၁၅, အရူပ ၁၂, ဖိုလ် ၄၊ စေတသိက် ၅၂၊

(ခ) မဂ်ကိုအာရုံမပြုခိုက် – မနောဒွါ၊ မဟာကုသ် ၄, ကြိသ် ၄, အဘိ ၂၊ စေတသိက် ၃၈၊

(ဂ) ရုပ်၊ နိဗ္ဗာန်၊

www.dhammadownload.com



(၃–ပဒ) မဂ္ဂဟေတုကာ ဓမ္မာ

* ပဌမနည်း၌ မဂ်ဟုဆိုအပ်သောအကြောင်းရှိကုန်သောဆိုရာ၀ယ်၊ မဂ်ဟုဆိုအပ်သောအကြောင်း(မဂ္ဂပစ္စည်း) တရားကို မလို။ မဂ်ဟုဆိုအပ်သောအကြောင်းရှိသော(မဂ္ဂပစ္စယုပ္ပန်)တရားကိုသာလိုသောကြောင့် မဂ္ဂင် ၈–ပါးကို ကြဉ်၍ကောက်သည်။

- မဂ္ဂင် ၈–ပါးတို့ကား မဂ်သာဖြစ်၍ မဂ္ဂဟေတုက မဖြစ်နိုင်။
- ဤပုဒ်၌လည်း မဂ်ကိုမဟောသောကြောင့် ကြဉ်ရပါသည်။

(ထို့ကြောင့် ပဌမယောဇနာနည်း၌ မဂ်စိတ် ၄–ပါး၊ မဂ္ဂင် ၈–ပါးကြဉ်သောစေတသိက် အဋ္ဌဝီသ ရ၏။)

* ဒုတိယနည်း၌လည်း မဂ်နှင့်ယှဉ်သော ဟိတ်ရှိကုန်သောဆိုရာ၀ယ် မဂ်စိတ်၌ စေတသိက် ၃၆–ပါး ယှဉ်၏။ ထို၌ဟိတ်မည်သောတရားသည် အလောဘ,အဒေါသ,အမောဟအားဖြင့် သုံးပါးဖြစ်၏။ ထိုသုံးပါးတို့တွင် မဂ်မည်သောတရားကား အမောဟ တစ်ပါးသာဖြစ်၏။ အမောဟသည်သာ မဂ်လည်းမည်, ဟိတ်လည်း မည်၏။ ထိုအမောဟ မဂ်နှင့်ယှဉ်သောဟိတ်ဟူသည် အလောဘ,အဒေါသ တို့သာတည်း။ မောဟသည် ဟိတ်မည်သော်လည်း 'မဂ်'အမည်ရနေပြန်၍ မဂ်နှင့်ယှဉ်သောဟိတ်ဟု မဆိုနိုင်။

- 'မဂ်'ဟုဆိုအပ်သောအကြောင်းရှိကုန်သောဆိုရာ၀ယ် ဤပုဒ်၌လည်းမဂ်နှင့်ယှဉ်သောဟိတ် ကိုမဟော၊
- မဂ်နှင့်ယှဉ်သော ဟိတ်ရှိသောတရားကိုသာဟောသောကြောင့် အလောဘ,အဒေါသတို့ ကြဉ်ရပါသည်။

* တတိယနည်း၌လည်း မဂ်၌တည်သောဟိတ်ရှိကုန်သောဟုဆိုရာ၊ မဂ်၌တည်သောဟိတ်သည် အမောဟတည်း။

- မဂ်၌တည်သောဟိတ်ကို မလို။ မဂ်၌တည်သောဟိတ်ကို မဟော။
- ဤပုဒ်၌လည်း မဂ်၌တည်သောဟိတ်ရှိသောတရားကိုသာလိုသောကြောင့် အမောဟကို ကြဉ်ရပါသည်။

(တ–ပဒ) မဂ္ဂါဓိပတိနော ဓမ္မာ

* ပဌမနည်း၌ အာရမ္မဏာဓိပတိပစ္စည်းကို ရည်ရွယ်၍ဟော၏။

* ဒုတိယနည်းနှင့် တတိယနည်းမှာ သဟဇာတာဓိပတိပစ္စည်း ရည်ရွယ်၍ဟော၏။ ထိုတွင်–
ဒုတိနည်း၌ သဟဇာတာဓိပတိပစ္စည်း၏ 'ပစ္စယုပ္ပန်'ကို ပဓာနထား၍ဟော၏။
သဟဇာတာဓိပတိ တရားကိုယ် ၄–ပါးသည် တစ်ပြိုင်နက် အဓိပတိ မတတ်ကောင်းသည်ဖြစ်၍ စိတ္တုပ္ပါဒ် တစ်ခုတည်း၌ အပြန်အလှန်အားဖြင့် ပစ္စည်းမဖြစ်နိုင်သောကြောင့် မဂ်လည်းမည်၊ သဟဇာတာဓိပတိ ပစ္စယုပ္ပန်လည်းထိုက်သောမဂ် ၄–ပါးနှင့်အဓိပတိတရားကိုယ်ကြဉ်သောစေတသိက်များကိုသာ ကောက်ပါသည်။

* တတိယနည်းတို့၌ သဟဇာတာဓိပတိပစ္စည်း၏ 'ပစ္စည်း'ကို ပဓာနထား၍ဟော၏။
အဓိပတိတတ်ခိုက်၊ သဟဇာတာဓိပတိပစ္စည်းကို ပဓာနထား၍ဟောခြင်းကြောင့် မဂ္ဂင်လည်းမည်၊ သဟဇာတပစ္စည်း တရားကိုယ်လည်းဖြစ်သော ဝီရိယဓိပတိ နှင့် ဝီမံသဓိပတိကို ကောက်ပါသည်။

? မဂ္ဂါရမ္မဏာတိက်တွင် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည် မည်သည့်တရားဖြင့် သောတာပတ္တိမဂ်ကို အာရုံပြုပါသနည်း။

- သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်ကို အာရုံမပြုနိုင်ပါ။

(သောတာပန်)သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မနောဒွါ၊ မဟာကုသံ ၄၊ ကုဘိ ကသာလျှင် သောတာပတ္တိမဂ်ကို အာရုံပြုနိုင်ပါသည်။ (သောတာပတ္တိမဂ်သည် **တစ်ကြိမ်သာ** ဖြစ်လိုက်ရသည်။)

www.dhammadownload.com



# ၁၅။ ဥပ္ပန္နတိက်

(× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် |
|---|---|---|---|---|---|---|---|
| ပ | **ဥပ္ပန္နာ ဓမ္မာ။**<br>ဥပါဒ်, ဌီ, ဘင် ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်သော၊ ×။ | ပစ္စုပ္ပန်ဖြစ်သော–<br>စိတ် ၈၉၊ စေ ၅၂၊<br>ရုပ် ၂၈၊ | ၅ | ၁၂ | ၁၈ | ၃ | ၂၉–၃၇ |
| ဒု | **အနုပ္ပန္နာ ဓမ္မာ။**<br>ဥပါဒ်, ဌီ, ဘင် ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်းမဟုတ်,ရောက်ဆဲလည်းမဟုတ် ကုန်သော၊ ×။ | အနာဂတ်ဖြစ်သော–<br>အကု ၁၂, ကု ၂၁, ကြိ ၂၀၊<br>စေ ၅၂၊<br>စိတ္တဇ ၁၇, ဥတုဇ ၁၅, အာဟာရဇ ၁၄၊ | ၅ | ၇ | ၈ | ၃ | ၂၉– |
| တ | **ဥပ္ပါဒိနော ဓမ္မာ။**<br>ပြီးပြီးသောအကြောင်းတစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ဖြစ်ကုန်သော၊×။ | အနာဂတ်ဖြစ်သော<br>ဝိပါက် ၃၆၊ စေ ၃၈၊<br>ကမ္မဇ ၂၀၊ (သဒ္ဒရုပ်မပါ) | ၅ | ၁၁ | ၁၇ | ၁ | –၃၇ |
| အာဒိလဒ္ဓ,သပ္ပဒေသ (တိက်မုတ်– နိဗ္ဗာန် ) (အတိတ်ကို မဟော) (တ–ပဒ၌ သဒ္ဒရုပ်မပါ၍ ဓာတ် ၁၇ ) | | | | | | | |

ဥပ္ပန္နာ ပစ္စုပ္ပန်ဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည် ဥပါဒ်၊ဌီ၊ဘင်ဟူသော ခဏတ္တယအခိုက်အတန့်၌ ဖြစ်ဆဲဖြစ်သောကြောင့် 'ဥပ္ပန္န'မည်၏။ (ခဏပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ဟောကြားတော်မူသည်။)

ဥပ္ပန္န ၄–မျိုး

(၁) ဝတ္တမာနုပ္ပန္န – ဖြစ်ဆဲ ပစ္စုပ္ပန် ဥပ္ပန္န၊
(၂) ဘုတွာပဂတုပ္ပန္န – အာရုံ၏အရသာကိုခံစားပြီး ကင်းချုပ်မှု၊ ခဏသုံးပါးရောက်ပြီးကင်းချုပ်မှု၊
(၃) ဩကာသကတုပ္ပန္န – ကံသည် ပြုအပ်သော အခွင့်ရှိမှု၊
(၄) ဘူမိလဒ္ဓုပ္ပန္န – ရအပ်သော ဖြစ်ရာဘုံရှိမှု။

အနုပ္ပန္နာ၊ ဥပ္ပန္န မဟုတ်သော အနာဂတ်တရားများသည် 'အနုပ္ပန္န' မည်၏။
(တိက်ပုဒ်အရကို ချန်၍ကောက်ရသောကြောင့် အနာဂတ်ဖြစ်သော ဝိပါက်စိတ္တုပ္ပါဒ်၊ကမ္မဇရုပ်တို့ကို ချန်၍ အကုသိုလ်, ကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်နှင့် ကမ္မဇကြဉ်တိဇရုပ်တို့ကိုသာ ကောက်ရသည်။)

ဥပ္ပါဒိနော၊ အကျိုးမပေးရသေးသော အကုသိုလ်, ကုသိုလ်ကံတို့၏ အကျိုးအနေဖြင့် ဖြစ်လတ္တံ့သော ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်၊ (ဝိပါက်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)တို့သည် 'ဥပ္ပါဒိနော' မည်၏။

တိက်မုတ်– နိဗ္ဗာန်
– နိဗ္ဗာန်သည်သာ ၎င်းကာလ ၂–ပါးမှ လွတ်၏။ (နိဗ္ဗာန်သည် ကာလဝိမုတ် ဖြစ်ပါသည်။)
***(ပစ္စုပ္ပန်၊အနာဂတ်၊ကာလ ၂–ပါးကိုသာဟောသော်လည်း အတိတ်နာမ်ရုပ်များကို တိက်မုတ် မထုတ်ရ။)

www.dhammadownload.com



(ကာလ) * ဥပ္ပန္နတိက်သည် ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ ၂-ပါးကိုသာ ဟောပါသည်။
* အတိတ်ဖြစ်သောတရားကို မဟောပါ။

(ပ-ပဒ) ဥပါဒ်၊ဋ္ဌီ၊ဘင်၊ သဘောရှိသောတရားတို့မှာ၊ ပစ္စုပ္ပန် စိတ်၊စေတသိက်၊ရုပ်တရားများ ဖြစ်ကြ၏။

(ဒု-ပဒ) ဖြစ်ပြီး၊ဖြစ်ဆဲ၊ မဟုတ်လျှင်အနာဂါတ်တရားအားလုံးကိုကောက်သင့်သော်လည်း တတိယပဒ၌ ကောက်လတ္တံ့သော ဝိပါက်စိတ္တုပ္ပါဒ်၊ ဝိပါက်ကမ္မဇရုပ်များကို ချန်ရမည်။

- (ဒု)ပဒ၌ အနာဂတ်တရား အားလုံးကို မကောက်။ တိက်ပုဒ်အရကို ချန်၍ကောက်ရသောကြောင့် အနာဂတ်ဖြစ်သော ဝိပါက်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်တို့ကို ဒုတိယပဒ၌ မကောက်ပါ။

(တ-ပဒ) ပြီးပြီးသောအကြောင်းတစ်စိတ်

- ရှေးကပြုပြီးသော ကုသိုလ်, အကုသိုလ်သည် ပြီးပြီးသောအကြောင်း မည်၏။ အကြောင်းနှင့်အကျိုးနှစ်မျိုးတို့တွင် ကုသိုလ်,အကုသိုလ်သည် အကြောင်းသာဖြစ်၍ အကျိုးမဖြစ်ရကား၊ ကစ်စိတ်မည်၏။ ထို့ကြောင့် ပြုပြီးသော ကုသိုလ်, အကုသိုလ်သည် ပြီးပြီးသော အကြောင်းကစ်စိတ် မည်၏။

- ဝိပါက် ကဋတ္တာရုပ်သည် ပြီးပြီးသောအကြောင်းကို မှီ၍ဖြစ်ရကား အကြောင်းတစ်စိတ်ရှိသည်ဟု ဆို၏။ ကုသိုလ်, အကုသိုလ်ဟုဆိုအပ်သော အကြောင်းတစိတ် ပြီးပြီးရကား အကျိုးလည်း မုချဖြစ်လတ္တံ့ ဟုဆိုရ၏။ ဝိပါက်စိတ္တုပ္ပါဒ်၊ ကဋတ္တာရုပ်သည် ပြီးပြီးသောအကြောင်းတစ်စိတ်ရှိသည်ဖြစ်၍ 'မချွတ်ဖြစ်လတ္တံ့' မည်၏။

ဓာတ် ၁၇-ပါးသာရ၊ = သဒ္ဒဓာတ်ကြဉ်သောဓာတ် ၁၇-ပါးတည်း။

ဓာတ် ၁၇ ပါးဟူသော်ကား- ကမ္မဇရုပ်ဝီသ(၂၀)တို့တွင် - စက္ခုပသာဒသည် စက္ခုဓာတ်။ သောတပသာဒသည် သောတဓာတ်။ ဃာနပသာဒသည်ဃာနဓာတ်။ ဇိဝှာပသာဒသည်ဇိဝှာဓာတ်။ ကာယပသာဒသည်ကာယဓာတ်။ ရူပါရုံသည် ရူပဓာတ်။ ဂန္ဓာရုံသည် ဂန္ဓဓာတ်။ ရသာရုံသည် ရသဓာတ်။ ပထဝီ, တေဇော, ဝါယော ဟုဆို အပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်။ -

ဝိပါက်စိတ် ဆတ္တိံသ(၃၆)တွင်- စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်။ သောတဝိညာဉ်ဒွေသည် သောတဝိညာဏဓာတ်။ ဃာနဝိညာဏ်ဒွေသည် ဃာနဝိညာဏဓာတ်။ ဇိဝှာဝိညာဏ်ဒွေသည် ဇိဝှာဝိညာဏဓာတ်။ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏဓာတ်။ သမ္ပဋိစ္ဆိုင်းဒွေသည် မနောဓာတ်။ ကြွင်းသော ဝိပါက်စိတ်-၂၄ သည် မနောဝိညာဏဓာတ်။ စေတသိက် အဋ္ဌတိံသ(၃၈)၊ အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဥပစယ၊ သန္တတိ၊ (တစ်နည်းကား-ဇရတာ၊ အနိစ္စတာ)အားဖြင့်၊ သုခုမရုပ် ၉-ခု၊ ၁၁-ခုသည် ဓမ္မဓာတ် မည်၏။

ဤသို့လျှင် ဓာတ်အားဖြင့် ၁၇-ပါး ဖြစ်၏။

(ဥပ္ပါဒိနော ဓမ္မာ၊ တွင် သဒ္ဒရုပ်မပါသောကြောင့် သဒ္ဒဓာတ် မရ၍ ဓာတ် ၁၇-ပါးသာရပါသည်။)

www.dhammadownload.com



## ၁၈။ အတီတတိက်

(× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | |
| ၁ | **အတီတာ ဓမ္မာ။**<br>အတိတ်ဖြစ်ကုန်သော၊ × ။ | အတိတ်ဖြစ်သော၊<br>စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ | ၅ | ၁၂ | ၁၈ | ၃ | ၂၉-၃၇ |
| ၃ | **အနာဂတာ ဓမ္မာ။**<br>အနာဂတ်ဖြစ်ကုန်သော၊ × ။ | အနာဂတ်ဖြစ်သော၊<br>စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ | ၅ | ၁၂ | ၁၈ | ၃ | ၂၉-၃၇ |
| ၃ | **ပစ္စုပ္ပန္နာ ဓမ္မာ။**<br>ပစ္စုပ္ပန်ဖြစ်ကုန်သော၊ × ။ | ပစ္စုပ္ပန်ဖြစ်သော၊<br>စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ | ၅ | ၁၂ | ၁၈ | ၃ | ၂၉-၃၇ |
| အာဒိလဒ္ဓသပ္ပဒေသ (တိက်မုတ်- နိဗ္ဗာန် ) (နိဗ္ဗာန်သည် ကာလဝိမုတ်။) | | | | | | | |

အတီတာ

ဥပါဒ်၊ဌီ၊ဘင် ဟုဆိုအပ်သော ခဏတ္တယကို လွန်၍ဖြစ်သောတရားများသည် 'အတီတ' မည်၏။

အနာဂတာ၊

ဥပါဒ်၊ဌီ၊ဘင် ဟုဆိုအပ်သော ခဏတ္တယသို့ မရောက်သေးသောတရားများသည် 'အနာဂတ' မည်၏။

ပစ္စုပ္ပန္နာ၊

ဥပါဒ်၊ဌီ၊ဘင် ဟုဆိုအပ်သော ခဏတ္တယအခိုက်အတန့်၌ ဖြစ်ဆဲတရားများသည် 'ပစ္စုပ္ပန္န' မည်၏။

၎င်းတို့မှာ စိတ်၊ စေတသိက်၊ ရုပ်များတည်း။

တိက်မုတ်၊

* နိဗ္ဗာန်သည် ကာလဝိမုတ် ဖြစ်ပါသည်။

နိဗ္ဗာန်သည် ကာလသုံးပါး၌ မပါဝင်။ ကာလသုံးပါးမှလွတ်သော ကာလဝိမုတ်တရား ဖြစ်၏။

ထို့ကြောင့် ကာလသုံးပါးဖြင့် ဝေဖန်ဟောကြားထားသော ဤတိက်၌ နိဗ္ဗာန်ကို တိက်မုတ် ထုတ်ရ၏။

www.dhammadownload.com



## ၁၉။ အတီတာရမ္မဏတိက်

(× ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ ခန္ဓ | အာ | ဓာ | သစ် | ဝိမုတ် |
|---|---|---|---|---|---|---|---|
| ၁ | **အတီတာရမ္မဏာ ဓမ္မာ**။<br>အတိတ်တရားလျှင်အာရုံရှိကုန်သော၊(ဝါ)<br>အတိတ်တရားကို အာရုံပြုကုန်သော၊× ။ | အတိတ်မြဲ–ဝိညာ ၃, နေဝ ၃၊ စေ ၃၀၊<br>ခိုက်– မနောဒွါ,ကာဓော ၂၉, ရုံ ၁၁,ဘိ ၂၊<br>ဝိရတီ,အပ္ပကြဉ်စေ ၄၇၊ | ၄ | ၂ | ၂ | ၂ | – |
| ၃ | **အနာဂတာရမ္မဏာ ဓမ္မာ**။<br>အနာဂတ်တရားလျှင်အာရုံရှိကုန်သော၊(ဝါ)<br>အနာဂတ်တရားကို အာရုံပြုကုန်သော၊× ။ | အနာဂတ်ကိုအာရုံပြု<br>ခိုက်– မနောဒွါ,ကာဓော ၂၉, ရုံ ၁၁,ဘိ ၂၊<br>အပ္ပကြဉ်စေ ၅၀၊ | ၄ | ၂ | ၂ | ၂ | – |
| ၁ | **ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ**။<br>ပစ္စုပ္ပန်တရားလျှင်အာရုံရှိကုန်သော၊(ဝါ)<br>ပစ္စုပ္ပန်တရားကို အာရုံပြုကုန်သော၊× ။ | ပစ္စုပ္ပန်မြဲ– ဒွေပဉ္စ ၁၀, မနောဓာတ် ၃၊<br>အညသမာန်းစေ ၁၀၊<br>ခိုက်– မနောဒွါ,ကာဓော ၂၉, ရုံ ၁၁,ဘိ ၂၊<br>အပ္ပကြဉ်စေ ၅၀၊ | ၄ | ၂ | ၈ | ၂ | – |

အာဒိလဒ္ဓ,သပ္ပဒေသ (တိက်မှတ်– ပညတ်မြဲ–အာကာ ၃၊အာကိ ၃၊ အဘိညာဉ် ၂ မှတပါး ရူပ ၁၅၊ တိကြဉ်စေ ၃၅၊ **ရုပ် ၂၈၊ နိဗ္ဗာန်**။ ပညတ်အာရုံပြုခိုက်– အကု ၁၂၊ မနောဒွါ၊ဟာကုဓ၊ ကြိ ၈၊ အဘိ ၂၊ တိကြဉ်စေ ၄၉၊ အပ္ပမာဏမြဲ– လောကုတ် ၈၊ အပ္ပကြဉ်စေ ၃၆။ အပ္ပမာဏခိုက်– မနောဒွါ,မဟာကုသံ ၄,ကြိသံ ၄၊ ဘိ ၂၊ တီ,အပ္ပကြဉ်စေ ၃၃

(၁–ပဒ) အတီတာရမ္မဏာ ဓမ္မာ။ (၁–ပဒ ၄၉–၄၇) ⇆ (၄၊ ၂၊ ၂၊ ၂၊ – )

–ဇကန် ၆ အတိတ်မြဲ– ဝိညာ ၃, နေဝ ၃၊ ဝိရတီ,အပ္ပ,တက်,စာ,ပီကြဉ် စေ ၃၀၊
–အနေကန် ၄၃ ခိုက် – မနောဒွါ,ကာဓော ၂၉, ရုံ ၁၁,ဘိ ၂၊ ဝိရတီ,အပ္ပကြဉ် စေ ၄၇၊

အတီတာရမ္မဏာ ၄၉ မနောဒွါ,ကာဓော ၂၉, ရုံ ၁၁,ဘိ ၂၊ ဝိညာ ၃, နေဝ ၃၊ ဝိရတီ,အပ္ပကြဉ်စေ ၄၇၊

(၃–ပဒ) အနာဂတာရမ္မဏာ ဓမ္မာ။ (၃–ပဒ ၄၃–၅၀) ⇆ (၄၊ ၂၊ ၂၊ ၂၊ – )

–ဇကန် ×
–အနေကန် ၄၃ ခိုက် – မနောဒွါ,ကာဓော ၂၉, ရုံ ၁၁,ဘိ ၂၊ အပ္ပကြဉ် စေ ၅၀

အနာဂတာရမ္မဏာ ၄၃ မနောဒွါ,ကာဓော ၂၉, ရုံ ၁၁,ဘိ ၂၊ အပ္ပကြဉ် စေ ၅၀

(၁–ပဒ)ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ။ (၁–ပဒ ၅၆–၅၀) ⇆ (၄၊ ၂၊ ၈၊ ၂၊ – )

–ဇကန် ၁၃ ပစ္စုပ္ပန်မြဲ – ဒွေပဉ္စ ၁၀, မနောဓာတ် ၃၊ ဆန္ဒ,ပီ,ဝီရိယကြဉ်အညသမာန်း စေ ၁၀၊
–အနေကန် ၄၃ ခိုက် – မနောဒွါ,ကာဓော ၂၉, ရုံ ၁၁,ဘိ ၂၊ အပ္ပကြဉ် စေ ၅၀

ပစ္စုပ္ပန္နာရမ္မဏာ ၅၆ အကု ၁၂၊ အဟိတ် ၁၈၊ ကာသော ၂၄၊ အဘိ ၂၊ အပ္ပကြဉ် စေ ၅၀၊

www.dhammadownload.com



ဇော ၅၅ = ကာမဇော ၂၉(၁၂+ဟသိ+၈+၈) + အပ္ပနာဇော ၂၆(၉+၉+၄+၄)
ပဋ္ဌဒွါရဝီထိ - တီ န ဒ၊ ပ စ သံ ဏ ဝု၊ ဇ ဇဇဇဇဇ ဇ ရုံ ရုံ
ဈာနဝီထိ - န ဒ၊ မ၊ ပ ဥ နု ဂေါ၊ ဈာန် ----
မဂ္ဂဝီထိ - န ဒ၊ မ၊ ပ ဥ နု ဂေါ၊ မဂ် ဖိုလ် ဖိုလ် --

အကု ၁၂၊ ဒွေပဉ္စ ၁၀၊ သံ ၂၊ ဏ၃၊ ပဉ္စဒွါ၊ မနောဒွါ၊ ဟသိ/ မဟာကု ၈၊ ဝိ ၈၊ ကြိ ၈/ ကုဘိ ကြိဘိ = ၅၆ (၅၄+၂)

| | | |
|---|---|---|
| ၅၆ (ကာမ ၅၄ + ဘိ ၂) | ဧကန် ၁၃ | ဒွေပဉ္စ ၁၀, မနောဓာတ် ၃၊ |
| | အနေကန် ၄၃ | မနောဒွါ, ကာဇော ၂၉, ရုံ ၁၁, ဘိ ၂၊ |

တိက်မှတ် (သပ္ပဒေသ)

| | | | |
|---|---|---|---|
| (က) | ပညတ် | ဧကန်(မြဲ) | အာကာ ၃၊ အာကိ ၃၊ အဘိညာဉ် ၂ မှတပါး ရူပ ၁၅၊ တိကြဉ်စေ ၃၅၊ |
| (ခ) | | အနေကန် | အကု ၁၂၊ မနောဒွါ၊ မဟာကု၈၊ ကြိ ၈၊ အဘိ ၂၊ တိကြဉ်စေ ၄၉၊ |
| (ဂ) | အပ္ပမာဏ | ဧကန်(မြဲ) | လောကုတ် ၈၊ အပ္ပကြဉ်စေ ၃၆၊ |
| (ဃ) | | အနေကန် | မနောဒွါ, မဟာကုသံ ၄, ကြိသံ ၄၊ ဘိ ၂၊ တိ,အပ္ပကြဉ်စေ ၃၃၊ |
| (င) | ရုပ် ၂၈၊ နိဗ္ဗာန်၊ | | |

(တိက်မှတ်တွင် - အပ္ပမာဏအနေကန်တွင် မဟာကုသံ ၄, ကြိသံ ၄ တို့၌ ဝိရတီ,အပ္ပတို့ ယှဉ်နိုင်ကြ၏။ သို့ယှဉ်စေကာမူ မဟာကုသံ ၄ ၌ ဝိရတီသည် လောကီ-ဝိရတီသာတည်း၊ လောကီ-ဝိရတီမှန်က ပစ္စုပ္ပန်ဖြစ်သော ကာမ-နာမ်,ရုပ်တို့ကိုသာ အာရုံပြု၏။ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ကို အာရုံမပြုနိုင်။ မဟာကုသံ ၄, ကြိသံ ၄ တို့၌ရှိသော အပ္ပမညာသည်လည်း သတ္တဝါပညတ်မျှကိုသာ အာရုံပြုနိုင်ပါသည်။ ပရမတ်ဖြစ်သော နိဗ္ဗာန်ကို အာရုံမပြုနိုင်။ ထို့ကြောင့် ဝိရတီ,အပ္ပတို့ကို ကြဉ်ဖယ်ရပါသည်။)

အတီတာရမ္မဏတိက်တွင် ဝိရတီ

(ပ-ပဒ) အတိတ်ဖြစ်သော ဝိရမိတဗ္ဗဝတ္ထု မရှိကောင်းသောကြောင့် ဝိရတီကို ကြဉ်ရပါသည်။
လောကီ-ဝိရတီသည် ဝိရမိတဗ္ဗဝတ္ထုဟုဆိုအပ်သော ပစ္စုပ္ပန်ဖြစ်သည့် ကာမ-နာမ်,ရုပ်တို့ကိုသာ ဧကန် အာရုံပြု၏။ ထို့ကြောင့် ပ-ပဒတွင် ဝိရတီကို ကြဉ်ရပါသည်။
(ဒု-ပဒ) မာတိကာပန်းကုံးစသည့် အချို့အရကောက်တို့တွင် ကြဉ်၍ကောက်၏။
မူလပဋ္ဌာန်းဆရာတော် မာတိကာ ဓာတုကထာ ပါဠိကျမ်းစာအုပ်တွင် ဝိရတီကို မကြဉ်ပါ။
(တ-ပဒ) ပစ္စုပ္ပန္နာရမ္မဏ ဓမ္မာ အရတွင် ဝိရတီကို ကြဉ်ဘွယ်မလိုပါ။

အတီတာရမ္မဏတိက်တွင် အပ္ပမညာ (သုံးပုဒ်လုံး၌ အပ္ပမညာကို ကြဉ်)

အပ္ပမညာသည် ကာလဝိမုတ်ဖြစ်သော သတ္တဝါပညတ်ကိုသာ အာရုံပြု၏။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရုပ်,နာမ်တရားတို့ကို အာရုံမပြုနိုင်ချေ။ ထို့ကြောင့် သုံးပုဒ်လုံး၌ အပ္ပမညာကို ကြဉ်ရပါသည်။
အတီတာရမ္မဏတိက် သုံးပုဒ်လုံး၌ အပ္ပမညာသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်မဆိုကောင်းသော သတ္တဝါပညတ်ကို အာရုံမပြုနိုင်။ ကာလဝိမုတ်ဆိုင်ရာကိုသာ အာရုံပြုသောကြောင့် အပ္ပမညာကို ကြဉ်ရပါသည်။

www.dhammadownload.com



## ၂၀။ အဇ္ဈတ္တတိက်

(x ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | |
| ၁ | **အဇ္ဈတ္တာ ဓမ္မာ။** အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော၊ x ။ | အဇ္ဈတ္တသန္တာန်၌ဖြစ်သော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ | ၅ | ၁၂ | ၁၈ | ၃ | ၂၉-၃၇ |
| ၂ | **ဗဟိဒ္ဓါ ဓမ္မာ။** ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော၊ x ။ | ဗဟိဒ္ဓသန္တာန်၌ဖြစ်ကုန်သော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ **နိဗ္ဗာန်** | ၅* | ၁၂ | ၁၈ | ၄ | ၂၉-၃၇ |
| ၃ | **အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ။** အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော၊ x ။ | အဇ္ဈတ္တ,ဗဟိဒ္ဓသန္တာန် ၂ ပါး၌ဖြစ်ကုန်သော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ | ၅ | ၁၂ | ၁၈ | ၃ | ၂၉-၃၇ |
| အာဒိလဒ္ဓ / နိပ္ပဒေသ | | | | | | | |

အဇ္ဈတ္တ

အဓိ + အတ္တ ဟု ပုဒ်ဖြတ်၊ အတ္တဟု အစွဲခံရမှုကို ရည်စူးသကဲ့သို့ ခန္ဓာကိုယ်တွင် ပါဝင်ဖြစ်နေကြသော ရုပ်,နာမ်တရားတို့သည် 'အဇ္ဈတ္တ' မည်၏။ ထို အဇ္ဈတ္တသည်–

အဇ္ဈတ္တ ၄–ပါး

၁။ ဂေါစရဇ္ဈတ္တ = အာရုံဟူသော အဇ္ဈတ္တ အာရုံ ၆–ပါး၊

၂။ နိယကဇ္ဈတ္တ = မိမိသန္တာန်၌ဖြစ်သော ရုပ်,နာမ်တရား၊

၃။ အဇ္ဈတ္တဇ္ဈတ္တ = အဇ္ဈတ္တိကာယတန ၆–ပါး၊

၄။ ဝိသယဇ္ဈတ္တ = ဘုရားရှင် အစိုးရတော်မူသော ဖလသမာပတ်။
ဖိုလ်ပုဂ္ဂိုလ် ၄–ယောက်တို့၏ ပါဠိပုဂ္ဂလိက ဖလသမာပတ်။

အဇ္ဈတ္တတိက် နှင့် အဇ္ဈတ္တိကဒုက် အထူး

– အဇ္ဈတ္တတိက်၌ 'နိယကဇ္ဈတ္တ'ကို ရည်ရွယ်၍ မိမိသန္တာန်၌ စိတ်,စေတသိက်,ရုပ်အားလုံးကို ကောက်၏။

– အဇ္ဈတ္တိကဒုက်၌ 'အဇ္ဈတ္တဇ္ဈတ'ကို လိုအပ်သောကြောင့် စိတ်–၈၉, ပသာဒရုပ် ၅–ခုကိုသာ ကောက်၏။

အဇ္ဈတ – အဇ္ဈတ္တတိက်၌ ယူအပ်သော အဇ္ဈတ္တကား 'နိယကဇ္ဈတ္တ' ဖြစ်ပါသည်။
ထို့ကြောင့် စိတ် တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ,ရုပ် အဋ္ဌဝီသတို့ကို ကောက်ရသည်။

ဗဟိဒ္ဓ – မိမိအဇ္ဈတ္တသန္တာန်မှအပ၊ ဗဟိဒ္ဓ သူတပါးသန္တာန်၌ဖြစ်သော ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓတရားစု (ဣန္ဒြေနှင့်စပ်,မစပ်သောတရား)တို့သည် 'ဗဟိဒ္ဓ' မည်၏။ ၇

– ဤ ဒု–ပဒတွင် နိဗ္ဗာန်ကို ထည့်ကောက်ရသည်။

အဇ္ဈတ္တဗဟိဒ္ဓါ – အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်မည်ရသောတရားများဟု ဆိုလိုသည်။

www.dhammadownload.com



## ၂၁။ အဇ္ဈတ္တာရမ္မဏတိက်

(x ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | |
| ပ | **အဇ္ဈတ္တာရမ္မဏာ ဓမ္မာ။** အဇ္ဈတ္တတရားလျှင် အာရုံရှိကုန်သော၊(ဝါ) အဇ္ဈတ္တတရားကို အာရုံပြုကုန်သော၊ x ။ | အဇ္ဈတ္တမြ- ဝိညာ ၃, နေဝ ၃၊ စေ ၃၀၊ ခိုက်- ကာမ ၅၄, ဘိ ၂၊ ဏ္ဏသာ,အပ္ပကြဉ် စေ ၄၉၊ | ၄ | ၂ | ၈ | ၂ | - |
| ဒု | **ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။** ဗဟိဒ္ဓတရားလျှင် အာရုံရှိကုန်သော၊(ဝါ) ဗဟိဒ္ဓတရားကို အာရုံပြုကုန်သော x ။ | ဗဟိဒ္ဓမြ- ဘိ ၂ မှတပါးရူပ ၁၅, အာကာ ၃, ကုတ် ၈၊ စေ ၃၈၊ ခိုက်- ကာမ ၅၄, ဘိ ၂၊ မစ္ဆရိယကြဉ် စေ ၅၁၊ | ၄ | ၂ | ၈ | ၃ | ၂၉/၃၇ |
| တ | **အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။** အဇ္ဈတ္တ, ဗဟိဒ္ဓတရားနှစ်ပါးလျှင် အာရုံရှိကုန်သော၊(ဝါ)အဇ္ဈတ္တ,ဗဟိဒ္ဓတရားနှစ်ပါးကို အာရုံပြုကုန်သော x ။ | အဇ္ဈတ္တ, ဗဟိဒ္ဓအာရုံပြုခိုက်- ကာမ ၅၄, ဘိ ၂၊ ဏ္ဏသာ,မစ္ဆရိယ, အပ္ပကြဉ် ကြဉ် စေ ၄၈၊ | ၄ | ၂ | ၈ | ၂ | - |
| အာဒိလဒ္ဓ,သပ္ပဒေသ (တိက်မုတ်- အာကိံ ၃၊ စေ ၃၀။ ထိုအာကိံ၏အာရုံဖြစ်သော နတ္ထိဘာဝပညတ်ကို အာရုံပြုခိုက် အကု ၁၂၊ မနောဒွါ၊ ဟာကု၈၊ ကြိ ၈၊ အဘိ ၂/ ဏ္ဏသာ, မစ္ဆရိယ, တိ,အပ္ပကြဉ် ကြဉ် စေ ၄၅၊ **ရုပ် ၂၈၊ နိဗ္ဗာန်**။ | | | | | | | |

(ပ-ပဒ) အဇ္ဈတ္တာရမ္မဏာ ဓမ္မာ။ (ပ-ပဒ ၆၂-၄၉) ⇆ (၄၊ ၂၊ ၈၊ ၂၊ - )
-ဧကန် ၆ အဇ္ဈတ္တမြ- ဝိညာ ၃, နေဝ ၃၊ ဝိရတီ,အပ္ပ,တက်,စာ,ပီကြဉ် စေ ၃ပ၊
-အနေကန် ၅၆ ခိုက် - ကာမ ၅၄, ဘိ ၂၊ ဏ္ဏသာ,အပ္ပကြဉ် စေ ၄၉၊

အဇ္ဈတ္တာရမ္မဏာ ၆၂ ကာမ ၅၄, ဘိ ၂၊ ဝိညာ ၃, နေဝ ၃၊ ဏ္ဏသာ,အပ္ပကြဉ် စေ ၄၉၊

(ဒု-ပဒ) ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။ (ဒု-ပဒ ၈၂-၅၁) ⇆ (၄၊ ၂၊ ၈၊ ၃၊ ၂၉-၃၇)
-ဧကန် ၂၆ ဗဟိဒ္ဓမြ - ဘိ ၂မှတပါးရူပ ၁၅, အာကာ ၃,ကုတ် ၈ စေ ၃၈၊
-အနေကန် ၅၆ ခိုက် - ကာမ ၅၄, ဘိ ၂၊ မစ္ဆရိယကြဉ် စေ ၅၁၊

ဗဟိဒ္ဓါရမ္မဏာ ၈၂ ကာမ ၅၄, ဘိ ၂၊ ရူပ ၁၅, အာကာ ၃,ကုတ် ၈၊ မစ္ဆရိယကြဉ် စေ ၅၁၊
(အဘိညာဉ်ဒွေကို သီးခြားမယူလျှင် ဗဟိဒ္ဓါရမ္မဏာစိတ် ၈၀ ဖြစ်၏။)

အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။(တ-ပဒ ၅၆-၄၈) ⇆ (၄၊ ၂၊ ၈၊ ၂၊ - )
-အနေကန် ၅၆ အဇ္ဈတ္တ, ဗဟိဒ္ဓအာရုံပြုခိုက်- ကာမ ၅၄, ဘိ ၂ ဏ္ဏသာ, မစ္ဆရိယ,အပ္ပကြဉ် စေ ၄၈

တိက်မုတ် သပ္ပဒေသ အာကိံ ၃၊ စေ ၃၀။ ထိုအာကိံ၏အာရုံဖြစ်သော နတ္ထိဘာဝပညတ်ကို အာရုံပြုခိုက် အကု ၁၂၊ မနောဒွါ၊မဟာကု၈၊ ကြိ ၈၊ အဘိ ၂၊ ဏ္ဏသာ, မစ္ဆရိယ, တိ,အပ္ပကြဉ် ကြဉ် စေ ၄၅၊ **ရုပ် ၂၈၊ နိဗ္ဗာန်**၊

www.dhammadownload.com



* (ပ–ပဒ) – ဣဿာသည် သူတစ်ပါးစည်းစိမ်တည်းဟူသော ဗဟိဒ္ဓကို၊ အပ္ပမညာသည် သတ္တဝါပညတ်တည်းဟူသော ဗဟိဒ္ဓကို အာရုံပြုသည်ဖြစ်၍ အာရုံပြုသောကြောင့် ကြဉ်ရသည်။

* (ဒု–ပဒ) – မစ္ဆရိယသည် မိမိစည်းစိမ်တည်းဟူသော အဇ္ဈတ္တကို အာရုံပြုသောကြောင့် ကြဉ်ရသည်။

* (တ–ပဒ) – ဣဿာ, မစ္ဆရိယ, အပ္ပမညာတို့သည် အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါးစုံကို အာရုံမပြုနိုင်သောကြောင့် ကြဉ်ရပါသည်။ (အဇ္ဈတ္တ,ဗဟိဒ္ဓ နှစ်ပါးလျှင်အာရုံရှိကုန်သော တရားကိုဟောခြင်းဖြစ်သောကြောင့်–
– ဗဟိဒ္ဓကို အာရုံပြုခိုက် ဣဿာ,အပ္ပမညာ ကိုငင်း၊
– အဇ္ဈတ္တကို အာရုံပြုခိုက် မစ္ဆရိယကိုငင်း ကြဉ်၍ ကောက်ပါသည်။)

မစ္ဆရိယ ၅–မျိုး–
(အာ–ကု–လာဘ–ဝဏ်–ဓမ္မ, ပဉ္စမစ္ဆရိယာ။)

(၁) အာဝါသမစ္ဆရိယ = ကျောင်းကန်တိုက်တာ နေရာထိုင်ခင်းတို့၌ ဝန်တိုမှု၊
(၂) ကုလမစ္ဆရိယ = ဆွေမျိုးမိတ်သဂ်ဟ ဒကာ ဒကာမတို့၌ ဝန်တိုမှု၊
(၃) လာဘမစ္ဆရိယ = ပစ္စည်းလာဘ်လာဘတို့၌ ဝန်တိုမှု၊
(၄) ဝဏ္ဏမစ္ဆရိယ = မိမိအဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုမှု၊
(၅) ဓမ္မမစ္ဆရိယ = မိမိတတ်ထားသော အတတ်ပညာတို့၌ ဝန်တိုမှု – ဟူ၍ ငါးပါးရှိ၏။

(သို့ဖြစ်၍ မစ္ဆရိယသည် အာဝါသ စသည်ကိုပင် အာရုံပြုရကား အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါးကိုပင် အာရုံ ပြုနိုင်သည်။ ထို့ကြောင့်ဤတိက်၌ မည်သည့်ပဒ၏အရမှာမှ မစ္ဆရိယကိုမကြဉ်သင့်၊ အရကောက်စာအုပ်များ၌ ဒု–ပဒ၏အရ, တ–ပဒ၏အရတို့မှာ မစ္ဆရိယကိုကြဉ်ကောက်ထားသည်။ စဉ်းစားပါ။)

အဇ္ဈတ္တာရမ္မဏာ ဓမ္မာ
ဇကန် ၆ အဇ္ဈတ္တမြဲ– ဝိညာ ၃, နေဝ ၃ အာရုံဖြစ်ပုံ

ဤမာတိကာ ပရိတ္တာရမ္မဏတိက် ဒု–ပဒ၊ အတီတာရမ္မဏတိက်, အဇ္ဈတ္တာရမ္မဏတိက် ပ–ပဒတို့တွင် ဝိညာ, နေဝတို့မှာ ဇကန်အဖြစ်ဖြင့် ပါခဲ့သဖြင့် ၎င်းတို့ကို ပဋ္ဌာန်း–အာရမ္မဏပစ္စည်းအရဟောလျှင် ဤဝိညာ, နေဝတို့မှာ အလွန်ထင်ရှားသောအာရုံအဖြစ်ဖြင့် ပါဝင်လာကြ၏။ ပရိတ္တာရမ္မဏတိက်၌ "မဟဂ္ဂတာရမ္မဏာ ဓမ္မာ မဟဂ္ဂတာရမ္မဏဿဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဝိညာဏဉ္စာယတနံ ပစ္စဝေက္ခတိ၊ နေဝသညာ–နာသညာယတနံ ပစ္စဝေက္ခတိ၊" ဟူ၍လည်းကောင်း၊ အဓိပတိပစ္စည်း၌ "ဝိညာဏဉ္စာယတနံ ဂရုံကတွာ ပစ္စဝေက္ခတိ၊ နေဝသညာနာသညာယတနံ ဂရုံကတွာ ပစ္စဝေက္ခတိ "ဟူ၍လည်းကောင်း၊ အတီတာရမ္မဏတိက် ပ–ပဒ၌ "အတီတံ ဝိညာဏဉ္စာယတနံ ပစ္စဝေက္ခတိ၊ နေဝသညာနာသညာယတနံ ပစ္စဝေက္ခတိ၊"ဟု အာရမ္မဏ, အဓိပတိပစ္စည်း၌လည်းကောင်း၊ ထိုနည်းတူ အဇ္ဈတ္တာရမ္မဏတိက် ပ–ပဒ၌ "အဇ္ဈတ္တာရမ္မဏံ ဝိညာဏဉ္စာယတနံ ပစ္စဝေက္ခတိ၊ နေဝသညာနာသညာယတနံ ပစ္စဝေက္ခတိ၊"ဟူ၍ အာရမ္မဏ, အဓိပတိပစ္စည်းတို့၌ အသီးသီးဟောတော်မူသဖြင့် ဝိညာ, နေဝတို့၏အာရုံ အဖြစ်ဖြင့် နေကြောင်းကို တိကမာတိကာ အာရမ္မဏတိက်ပုဒ်အရ သိစေရန် ဖြစ်ပါသည်။

www.dhammadownload.com



## ၂၂။ သနိဒဿနတိက်

(x ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။)

| ပဒ | ပါဠိတော် / အနက် | အဘိဓေယျဓမ္မ | သင်္ဂဟိတ | | | | ဝိမုတ် |
|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | |
| ၁ | **သနိဒဿနသပ္ပဋိဃာ ဓမ္မာ**။ မြင်ခြင်းနှင့်လည်းတကွ၊ ထိပါးခြင်းနှင့်လည်းတကွ၊ ဖြစ်ကုန်သော၊ (ဝါ)မြင်အပ်သည်၏အဖြစ်နှင့်လည်းတကွ၊ ထိပါးတတ်သည်၏အဖြစ်နှင့်လည်းတကွဖြစ်ကုန်သော၊(ဝါ)မြင်အပ်သည်နှင့်လည်းတကွ၊ ထိပါးတတ်သည်နှင့်လည်းတကွ ဖြစ်ကုန်သော၊x ။ | ရူပါရုံ | ၁ | ၁ | ၁ | ၁ | - |
| ၃ | **အနိဒဿနသပ္ပဋိဃာ ဓမ္မာ**။ မြင်ခြင်းကားမရှိ၊ ထိပါးခြင်းနှင့်တကွဖြစ်ကုန်သော၊(ဝါ)မြင်အပ်သည်၏အဖြစ်မရှိ၊ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်ကုန်သော၊(ဝါ)မြင်အပ်သည်မရှိ၊ ထိပါးတတ်သည်နှင့်တကွ၊ဖြစ်ကုန်သော၊ | (ရူပါရုံကြဉ်) ဩဠာရိကရုပ် ၁၁၊ | ၁ | ၉ | ၉ | ၁ | - |
| ၓ | **အနိဒဿနအပ္ပဋိဃာ ဓမ္မာ**။ မြင်ခြင်းလည်းမရှိ၊ ထိပါးခြင်းလည်းမရှိ၊ ကုန်သော၊(ဝါ)မြင်အပ်သည်၏အဖြစ်လည်းမရှိ၊ ထိပါးတတ်သည်၏အဖြစ်လည်းမရှိကုန်သော၊ (ဝါ)မြင်အပ်သည်လည်းမရှိ၊ ထိပါးတတ်သည်လည်းမရှိ၊ ဖြစ်ကုန်သော၊x ။ | စိတ် ၈၉၊ စေ ၅၂၊ သုခုမရုပ် ၁၆၊ **နိဗ္ဗာန်**၊ | ၅* | ၂ | ၈ | ၄ | ၂၆-၃၇ |
| အာဒိလဒ္ဓ / နိပ္ပဒေသ | | | | | | | |

(၁-ပဒ) - ကြည့်လို့လည်းမြင်ရ၊ ထိပါးလို့လည်းရသည့်တရားသည် ရူပါရုံ တစ်ခုသာ။
(၃-ပဒ) - ကြည့်ပေမဲ့မမြင်ရ၊ ထိပါးလို့သာရသည့်တရားသည် ရူပါရုံကြဉ်သော ဩဠာရိကရုပ် ၁၁-ပါး။
(ၓ-ပဒ) - ကြည့်လို့လဲမမြင်ရ၊ ထိပါးလို့လည်းမရသည့်တရားများသည် စိတ်,စေတသိက်,သုခုမရုပ်-၁၆၊ နှင့် နိဗ္ဗာန် တို့ဖြစ်ပါသည်။

(က) သနိဒဿန သပ္ပဋိဃာ ဓမ္မာ - ရူပါရုံ၊
(ခ) သနိဒဿန အပ္ပဋိဃာ ဓမ္မာ - မရှိပါ။
(ဂ) အနိဒဿန သပ္ပဋိဃာ ဓမ္မာ - ရူပါရုံကြဉ် ဩဠာရိကရုပ် ၁၁-ပါး၊
(ဃ) အနိဒဿန အပ္ပဋိဃာ ဓမ္မာ - စိတ် ၈၉၊ စေ ၅၂၊ သုခုမ ၁၆၊ နိဗ္ဗာန်၊

| ပရမတ္ထ | ထိနိုင် | မြင်နိုင် |
|---|---|---|
| ရူပါရုံ | ✓ | ✓ |
| ရူကြဉ် ဩ ၁၁ | ✓ | ✗ |
| သုခုမ ၁၆ | ✗ | ✗ |
| စိတ်၊စေ၊နိဗ္ဗာန် | ✗ | ✗ |

? မဟာဘုတ် ၄-ပါးခြင်းတူပါလျက် "အာပေါ"မဟာဘုတ်ကို အဘယ်ကြောင့် ၓ-ပဒ တွင်ကောက်သနည်း။
- ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော မဟာဘုတ် ၃-ပါးတို့သည် မြင်ခြင်းမရှိ၊ ထိပါးခြင်းနှင့်တကွဖြစ်သော ဖောဋ္ဌဗ္ဗ(ဩဠာရိက)ရုပ်ဖြစ်သောကြောင့် ဒုတိယပဒတွင် ကောက်ရပြီး၊
- "အာပေါ"မဟာဘုတ်မှာ မြင်ခြင်းလည်းမရှိ၊ ထိပါးခြင်းလည်းမရှိသော(သုခုမ)ရုပ်ဖြစ်သောကြောင့် တတိယပဒတွင် ကောက်ရခြင်းဖြစ်ပါသည်။

? အောက်ကာမ ၆-ဘုံ၌ မျက်မမြင်ပုဂ္ဂိုလ်များ သွားလာလှုပ်ရှားရာတွင် အားကိုးအားထားရသောရုပ်တရား။
- ရူပါရုံကြဉ်ဩဠာရိက ၁၁-ပါး - (**အနိဒဿနသပ္ပဋိဃာ ဓမ္မာ**။)

www.dhammadownload.com



# တိကမာတိကာ မှတ်ဖွယ်

? ကုသလတိက်၏ အခြားမဲ့၌ အဘယ်ကြောင့် ဝေဒနာတိက်ကို ဟောတော်မူရပါသနည်း။

– ကုသလတိက်ဖြင့် ပေါင်းယူရေတွက်အပ်ကုန်သော ကုသိုလ်၊ အကုသိုလ်၊ အဗျာကတို့၏ ဖြစ်သင့်သည့်အားလျော်စွာ၊ 'သုခ သမ္ပယုတ္တ၊ ဒုက္ခ သမ္ပယုတ္တ၊ အဒုက္ခမသုခ သမ္ပယုတ္တ' အပြားကို ပြတော်မူလိုသောကြောင့် ဟောရပါသည်။

? ကုသလတိက်တွင် ကုသိုလ်ကို ရှေးဦးစွာ၊ ကုသိုလ်၏အခြားမဲ့၌ အကုသိုလ်၊ အကုသိုလ်၏အခြားမဲ့၌ အဗျာကတ ကိုဟောခြင်း၊

– ကုသိုလ်သည် မြတ်သည်၏အဖြစ်၊ ချီးမွမ်းအပ်သည်၏အဖြစ်၊ ပစ္စုပ္ပန်,တမလွန်ဟူသော နှစ်ပါးသောဘဝတို့၌ အကျိုးစီးပွားကို ဖြစ်စေတတ်သည်၏အဖြစ်ကြောင့် ကုသိုလ်(ပဒ)ကို ရှေးဦးစွာ ဟောပါသည်။

– ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ကုသိုလ်၏အခြားမဲ့၌ အကုသိုလ်ကို ဟောပါသည်။

– ကုသိုလ်,အကုသိုလ် နှစ်ပါးမှ ပြန်သောသဘောရှိသောကြောင့် အကုသိုလ်၏ အခြားမဲ့၌ အဗျာကတကို ဟောပါသည်။

(တစ်တိက်နှင့်တစ်တိက်၊ တစ်ဒုက်နှင့်တစ်ဒုက် အကြား ဤနည်းအတိုင်း ယူပါ။)

အောက်ပါတရားများ၏ တိက်ပုဒ် ပါဠိတော်များကို ရေးပြပါ။ ?

(၁) ကုသိုလ် ၂၁၊ စေ ၃၈၊ = ကုသလာ ဓမ္မာ။

(၂) ဒုက္ခ ၃၊ ဝေ,ပိ,လောဘ,ဝိစိကြဉ်စေ ၂၁ = ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။ (အကု ဟိ သံ)

(၃) အကုသိုလ် ၁၂၊ စေ ၂၇၊ = အကုသလာ ဓမ္မာ။ ဟီနာ ဓမ္မာ။ သံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ။

(၄) ဝိပါက် ၃၆၊ စေ ၃၈ ၊ = ဝိပါကာ ဓမ္မာ။

(၅) လောကီဝိ ၃၂၊ စေ ၃၅၊ ကမ္မဇရုပ် ၂၀၊ = ဥပါဒိန္နုပါဒါနိယာ ဓမ္မာ။ (သဒ္ဒရုပ် မရှု ခေတ် ၁၇)

(၆) ကြိယာ ၂၀၊ စေ ၃၅၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ = နေဝဝိပါက န ဝိပါကဓမ္မ ဓမ္မာ။

(၇) ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ = အဗျာကတာ ဓမ္မာ။ နေဝစယဂါမိ နာပစယဂါမိနော ဓမ္မာ။

(၈) လောကုတ် ၈၊ စေ ၃၆၊ နိဗ္ဗာန်၊ = အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ။ အသံကိလိဋ္ဌ အသံကိလေသိကာ ဓမ္မာ။
(၁၉ နှင့် တူ၏။) အပ္ပမာဏာ ဓမ္မာ။ ပဏီတာ ဓမ္မာ။ 4( ဥပါ သံ ဟိ ပရိတ်)

(၉) မဂ် ၄၊ စေ ၃၆၊ = အပစယဂါမိနော ဓမ္မာ။ သမ္မတ္တနိယတာ ဓမ္မာ။ (အာ၊ မိ)

(၁၀) အရဟတ္တဖိုလ် ၁၊ စေ ၃၆၊ = အသေက္ခာ ဓမ္မာ။ (သစ္စာ ဖွဲ့မရသော တိက်ပုဒ်)

www.dhammadownload.com



တိက်မှတ်ဆိုင်ရာ–

(၁၀) တိက်မှတ်၌ နိဗ္ဗာန်ပါသော၊ (သို့) နိဗ္ဗာန်ကို တိက်မှတ်ထုတ်ရသော တိက်များ။ 8
၁။ ဝေဒနာတိက်၊ ၂။ ပီတိတိက်၊ ၃။ ဥပ္ပန္နတိက်၊ ၄။ အတီတတိက်၊
၅။ ပရိတ္တာရမ္မဏတိက်၊ ၆။ မဂ္ဂါရမ္မဏတိက်၊ ၇။ အတီတာရမ္မဏတိက်၊ ၈။ အဇ္ဈတ္တာရမ္မဏတိက်
(ဝေ၊ (ဝိတက်)၊ ပီ၊ ဥပ္ပန်၊ တီ၊ လေးလီအာရမ် ဤကိုးတန် မှတ်ရန်သပ္ပဒေသမှ ဝိတက္ကတက်ကြဉ် (၈)တိက်)

(၁၁) နိဗ္ဗာန်ကိုသာ(နိဗ္ဗာန်သီးသန့်ကို) တိက်မှတ်ထုတ်ရသော တိက်များ။ (ဥပ္ပန်၊ တီ) 2
၁။ ဥပ္ပန္နတိက်၊ ၂။ အတီတတိက်၊ (နိဗ္ဗာန်သည် ကာလဝိမုတ်ဖြစ်၍)

(၁၂) စေတသိက်ကိုသာ(စေတသိက်သီးသန့်ကို) တိက်မှတ်ထုတ်ရသော တိက်များ။ 1
၁။ ဝိတက္ကတိက်၊

(၁၃) စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ကိုသာ တိက်မှတ်ထုတ်ရသော တိက်များ။ 1
၁။ ဝေဒနာတိက်၊

(၁၄) နာမက္ခန္ဓာ ၄–ပါး၊ ရုပ်၊ နိဗ္ဗာန်တို့ကိုသာ တိက်မှတ်ထုတ်ရသော တိက်များ။ (ခန္ဓာ၅ တိက်မှတ်) 5
၁။ ပီတိတိက်၊ ၂။ ပရိတ္တာရမ္မဏတိက်၊ ၃။ မဂ္ဂါရမ္မဏတိက်၊ ၄။ အတီတာရမ္မဏတိက်၊ ၅။ အဇ္ဈတ္တာရမ္မဏတိက်။
(ပီတိ+အာရမ္မဏ ၄)

ခန္ဓာဆိုင်ရာ– (ပ–ပဒ, ဒု–ပဒ, တ–ပဒ စသည် ဖော်ပြပါ။)

(၁၅) ရူပက္ခန္ဓာ တစ်ပါးသာရသော တိက်ပုဒ် = ၂ = သနိဒဿန (ပ)၊ (ဒု)
(၁၆) နာမက္ခန္ဓာ သုံးပါးသာရသော တိက်ပုဒ် = ၅ = ဝေဒနာ (ပ)၊(ဒု)(တ)၊ ပီတိ (ဒု)၊(တ)
(၁၇) နာမက္ခန္ဓာ လေးပါးသာရသော တိက်ပုဒ် = ၃၂
(၁၈) ခန္ဓာ ငါးလုံးရသောတိကပုဒ် 5 = ၂၃

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကု | ဝေ | ဝိ | ဥ | သံ | ဝိတ | ပီ | ဒ | ဒဟေ | အာ | သေ | ပ | ပ | ဟီ | မိ | မဂ် | ဥ | အ | အ | အဇ် | အဇ် | သ |
| ပ | | ပ | 5 | ပ | ပ | ပ | ပ | ပ | ပ | ပ | 5 | ပ | ပ | ပ | ပ | 5 | 5 | ပ | 5 | ပ | |
| ဒု | | ဒု | 5 | 5 | ဒု | | ဒု | ဒု | ဒု | ဒု | ဒု | ဒု | 5 | ဒု | ဒု | 5 | 5 | ဒု | 5 | ဒု | |
| 5 | | 5 | 4 | 4 | 5 | | 5 | 5 | 5 | 5 | 4 | တ | 4 | 5 | တ | 5 | 5 | တ | 5 | တ | 5 |

(၁၉) နာမက္ခန္ဓာနှင့် နိဗ္ဗာန်ရသော 4–တိက်ပုဒ် = ၄ = ဥပါဒိန္န(တ)၊ သံကိ(တ)၊ ပရိတ္တ(တ)၊ ဟီန(တ)။
(၂၀) နာမက္ခန္ဓာနှင့်ရုပ်တစ်စိတ်ရသောတိက်ပုဒ် = ၄ = ဥပါဒိန္န(ပ)(ဒု)၊ ဥပ္ပန္န(ဒု)(တ)

အရကောက်တရားများ

(၂၁) ရုပ်တစ်စိတ်သာရသော တိက်ပုဒ် = ၂= သနိဒဿန(ပ)(ဒု)
(၂၂) လောကီကိုသာ ကောက်ရသောတိက်ပုဒ် = ၂၇

(၂၃) လောကုတ္တရာကိုသာ ကောက်ရသောတိက်ပုဒ် = ၉ = **9**

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇ | ဖ | ဝဝ | ည | ဒ | ဌ် | ဓ | ဣ | ဖြ | ဆ | ဌ် | ဂ | ဂ | ဧ | ဓ | ဏ် | ည် | ဝေ | ဝေ | ဏ် | ဏ် | ဒ |
|  |  |  | ပ | ပ |  |  | ပ | ပ | ပ | **9** | ပ | ပ | ပ | ပ | ပ |  |  | ပ |  | ပ | ပ |
| ဒု | ဒု |  | ဒု | ဒု |  |  | ဒု | ဒု | **9** | **9** | ဒု | ဒု | ဒု | **9** | **9** |  |  | ဒု |  |  | ဒု |
|  |  |  | **9** | **9** |  |  |  |  |  |  | **9** |  | **9** |  |  |  |  | တ |  | တ |  |

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊

(၂၄) ခန္ဓာ၊အာ၊ဓာတ် အကုန်ရသောတိက်ပုဒ် = ၁၆ ။ သဒ္ဒ × မနော × သဒ္ဒ ×

(၂၅) ဓာတ် (၁၇)ပါးသာရသောတိက်ပုဒ် **17** = ၃ ဥပါဒိန္နတိက်(ပ)၊ ဝိတက္ကတိက်(တ)၊ ဥပ္ပန္နတိက်(တ)

(၂၆) သစ္စာ တစ်ပါးသာဖွဲ့ရသောတိက်ပုဒ် **A** = ၁၄ ၁× ၄✓ ၄× ၃✓ ။ ၁× ၄✓ ၄× ၁✓

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇ | ဖ | ဝဝ | ည | ဒ | ဌ် | ဓ | ဣ | ဖြ | ဆ | ဌ် | ဂ | ဂ | ဧ | ဓ | ဏ် | ည် | ဝေ | ဝေ | ဏ် | ဏ် | ဒ |
|  |  | **A** | **A** **17** |  |  |  |  |  |  | **A** | ပ |  |  |  | **A** | ပ | ပ |  | ပ |  | **A** |
|  | **A** |  |  | ဒု **A** |  |  |  |  | **A** | **×** | **A** |  | ဒု **A** | **A** | **A** |  | ဒု |  | ဒု **4** ☸ |  | **A** |
| တ |  |  |  |  | **17** |  | တ | တ | တ | တ |  |  |  | တ |  | **A** **17** | တ |  | တ |  | **4** |

(၂၇) သစ္စာတစ်ပါးမျှ ဖွဲ့မရသောတိက်ပုဒ် × = ၁ သေက္ခတိက်(ဒု–ပဒ)၊
(ဒုကမာတိကာ၌ ခယေဉာဏဒုက်(ဒု–ပဒ))

(၂၈) သစ္စာ ၄–ပါးလုံး ဖွဲ့ရသောတိက်ပုဒ် **4**= ၂ အဇ္ဈတ္တတိက်(ဒု)၊ သနိဒဿနတိက်(တ)၊

(၂၉) ပရမတ္ထတရားအစုံရသောတိက်ပုဒ် ☸ = ၁ အဇ္ဈတ္တတိက်(ဒု–ပဒ ဗဟိဒ္ဓါ ဓမ္မာ။)
(စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊)

(၃၀) လွန်မြောက်အပ် ပယ်စွန့်အပ်သောတရားသည် လောကီတရား = လောကီ ၈၁၊ စေ ၅၂၊ ရုပ် ၂၈။

(၃၁) လွန်မြောက်တတ် ပယ်စွန့်တတ်သောတရားသည် လောကုတ္တရာတရား = လောကုတ် ၈၊ စေ ၃၆၊ နိဗ္ဗာန်၊

(၃၂) နာမ်တရားကိုသာကောက်ရသောတိတ် = ဝေဒနာ၊ ပီတိ၊ အာရမ္မဏ ၄ တိတ်အားဖြင့် ပေါင်း ၆ တိတ်။

(၃၃) ပဉ္စဝေါကာရ ဘဝ၏သရုပ် – ကာမဝိပါက် ၂၃၊ ရူပဝိပါက် ၅၊ တိကြဉ်စေ ၃၅၊ ကမ္မဇရုပ် ၂၀၊
၅၊ ၁၁၊ ၁၇၊ ၁၊ (ကမ္မဇရုပ်တွင် 'သဒ္ဒ'မပါသောကြောင့် ဓာတ် ၁၇ ပါးသာ ရပါသည်။)

☸ (တိကမာတိကာပိုင်း ပြီး၏။) ☸

TN

www.dhammadownload.com



# ဒုက မာတိကာ

တိကမာတိကာကို ဟောတော်မူသည်၏ အခြားမဲ့၌ 'ဒုကမာတိကာ'ကို ဟောတော်မူ၏။ ပရမတ္ထတရား ၄-ပါးကို နှစ်စုပြု၍ ဟောအပ်သောကြောင့် 'ဒုကမာတိကာ'ဟု ခေါ်သည်။

✌ ဒုကမာတိကာသည် (ပရိစ္ဆေဒအားဖြင့်) 'ဂေါစ္ဆက' နှင့် 'ဒုက်'ဟူ၍ ၂-ပါးအပြား ရှိပါသည်။ ဂေါစ္ဆက ၁၀-ပါးနှင့် ဒုက် ၃-ဒုက် အားဖြင့် ၁၃-ခု ဖြစ်ပါသည်။

? အဘယ့်ကြောင့် 'ဂေါစ္ဆက' မည်၍၊ အဘယ့်ကြောင့် 'ဒုက်' မည်သနည်း။
* သဒ္ဒါ, အနက်အားဖြင့် အချင်းချင်း စပ်ကြ၍ 'ဂေါစ္ဆက' မည်ပါသည်။
? လောကုတ် ၈၊ စေ ၃၆၊ နိဗ္ဗာန် ဒုက်မှတ်ထွက်သော ပုဒ်အရေအတွက်မည်မျှရှိသနည်း။ ၎င်းဒုက်ယှက်တို့ မည်သူဟောကြောင်း ဖော်ပြခဲ့ပါ။

– ဒုက်မှတ် လောကုတ် ၈၊ စေ ၃၆၊ နိဗ္ဗာန် ရသောပုဒ်များမှာ – (၄–ဂ)

၁။ အာသဝ သာသဝဒုက်၊ ၂။ သညောဇန သညောဇနိယဒုက်၊ ၃။ ဂန္ထ ဂန္ထနိယဒုက်၊
၄။ ဩဃ ဩဃနိယဒုက်၊ ၅။ ယောဂ ယောဂနိယဒုက်၊ ၆။ နီဝရဏ နီဝရဏိယဒုက်၊
၇။ ပရာမာသ ပရာမဋ္ဌဒုက်၊ ၈။ ဥပါဒါန ဥပါဒါနိယဒုက်၊ ၉။ ကိလေသ သံကိလေသိကဒုက်၊
တို့ဖြစ်ကြပြီး အရေအတွက် (၉)ဒုက် ရှိပါသည်။

– ၎င်းဒုက်ယှက်များကို မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

? တရားကိုယ်သာရကောင်းသော ဂေါစ္ဆက အဘယ်မျှရှိသနည်း။ ၎င်းတို့မှ ၉ ခုကို ဖော်ပြခဲ့ပါ။

– တရားကိုယ်သာရကောင်းသော ဂေါစ္ဆက ၃၀–ပုဒ် ရှိပါသည်။ (၁က၊ ၄က၊ ၅က)

၁။ ဟေတူ ဓမ္မာ၊ ၂။ ဟေတူစေဝဓမ္မာ သဟေတုကာစ၊ ၃။ ဟေတူစေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာစ၊
၄။ အာသဝါ ဓမ္မာ၊ ၅။ အာသဝါစေဝ ဓမ္မာ သာသဝါစ၊ ၆။ အာသဝါစေဝ ဓမ္မာ အာသဝသမ္ပယုတ္တာစ၊
၇။ သညောဇနာ ဓမ္မာ၊ ၈။ သညောဇနာစေဝ ဓမ္မာ သညောဇနိယာစ ၉။ သညောဇနာစေဝ ဓမ္မာ သညောဇန သမ္ပယုတ္တာစ၊

www.dhammadownload.com



? ဥဒ္ဒစ္စသဟဂုတ်၌ရှိသော 'မောဟ'အရကောက်ကို မည်သည့် ဂေါစ္ဆက၊ မည်သည့် ဒုက်၌ ရနိုင်ကြောင်း ဒုက်ယုက်များကိုပါမွေနှောက်၍ ရှာဖွေပြပါ။

- ၁။ သညောဇနာ စေဝ ဓမ္မာ သညောဇနဝိပ္ပယုတ္တာ စ၊
  ၂။ သညောဇနာ ဓမ္မာ သညောဇနဝိပ္ပယုတ္တာ စ၊
  ၃။ သညောဇနဝိပ္ပယုတ္တာ ဓမ္မာ သညောဇနာပိ။

? ဥပါဒါနိယထိုက်သောတရား(ကီစိတ် ၈၁၊ စေ ၅၂၊ ရုပ် ၂၈)တို့ကို မည်သည့် ဒုက်၌ ရနိုင်ကြောင်း ဒုက်ယုက်များကိုပါမွေနှောက်၍ ရှာဖွေပြပါ။

- ၁။ သံကိလေသိကာ ဓမ္မာ၊ ၂။ ဂန္ထနိယာ ဓမ္မာ၊ ၃။ ဩဃနိယာ ဓမ္မာ၊
  ၄။ ယောဂနိယာ ဓမ္မာ၊ ၅။ နီဝရဏိယာ ဓမ္မာ၊

? ဥပါဒါန ဂေါစ္ဆက လောကုတ္တရာ ဒုက်မှတ်ထွက်သော ဒုက်တို့ကိုဖော်ပြပါ။

- ၁။ ဥပါဒါန ဥပါဒါနိယဒုက်၊ ၂။ ဥပါဒါနိယာ ဓမ္မာ ဥပါဒါနာပိ နော ဥပါဒါနာပိ၊

? တရားအရတူကြသော အဘိဓမ္မာ ဒုကမာတိကာမှ ပထမ ၅-ဒုက်ကို ဖော်ပြပါ။

- ၁။ သဟေတုကဒုက် နှင့် ဟေတု သမ္ပယုတ္တဒုက်၊
  ၂။ ဟေတု သဟေတုကဒုက် နှင့် ဟေတု ဟေတု သမ္ပယုတ္တဒုက်၊
  ၃။ သပ္ပစ္စယဒုက် နှင့် သင်္ခတဒုက်၊
  ၄။ စိတ္တ သမ္ပယုတ္တဒုက် နှင့် စိတ္တ သံသဋ္ဌဒုက်၊
  ၅။ စိတ္တ သဟဘုဒုက် နှင့် စိတ္တ နုပရိဝတ္တိဒုက်၊
  အရတူကြသော်လည်း ဒေသနာဝိလာသ၊ ပုဂ္ဂလဇ္ဈာသယအားဖြင့် ထပ်မံဟောကြားပါသည်။

? ဒုကမာတိကာတွင် ပထမပုဒ်၌ နိဗ္ဗာန်ပါဝင်သောဒုက်တို့ကို ဖော်ပြပါ။

- အဘိဓမ္မာမာတိကာတွင် ဒုက်ပေါင်း(၁၀၀)ရှိရာ၌ ပထမပုဒ်၌ နိဗ္ဗာန်ပါဝင်သောဒုက်သည်- (စူဠန္တရဒုက်မှ) ကေနစိဝိညေယျဒုက် ဖြစ်ပါသည်။

ဒုက်မှတ် အထူးများ

- ဟိတ် ဖြ-ပါးဒုက်မှတ် - နဟေတု သဟေတုကဒုက်၊ န ဟေတု ဟေတုသမ္ပယုတ္တဒုက်၊
- အကု ၁၂၊ စေ ၂၇ ဒုက်မှတ် - ၁။ နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက်၊
  ၂။ ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက်၊
- စိတ် ၈၉ ဒုက်မှတ် - ၁။ စိတ္တသမ္ပယုတ္တဒုက်၊ ၂။ စိတ္တသံသဋ္ဌဒုက်၊
- ဒိဋ္ဌိ ဒုက်မှတ် - ပရာမာသသမ္ပယုတ္တဒုက်၊

ဒိဋ္ဌိ ဒုက်မှတ်ထွက်သောတရား

ပရာမာသဂေါစ္ဆက - ပရာမာသ သမ္ပယုတ္တဒုက်။ (ပ-ပဒ)၌ ယှဉ်ဘက်သမ္ပယုတ် ဒိဋ္ဌိ မရှိသောကြောင့်၊ (ဒု-ပဒ)၌ပရာမာသ ဝိပ္ပယုတ္တတရားဖြစ်သောကြောင့်၊ နှစ်ပုဒ်လုံး၌ဒိဋ္ဌိမရသောကြောင့် ဒုက်မှတ် ထုတ်ရပါသည်။

www.dhammadownload.com



? အောက်ပါဒုက်များ၏ အရကောက် အသီးသီးကို ဖော်ပြပါ။
- သြဃာစေဝဓမ္မာ ဂန္ထာပိ။ နော ဂန္ထာပိ။ - (ပ) လောဘ၊ ဒိဋ္ဌိ၊ (ဒု) မောဟ၊
- ယောဂစေဝဓမ္မာ ပရာမာသာပိ။ နော ပရာမာသာပိ။ - (ပ) ဒိဋ္ဌိ (ဒု) လောဘ၊ မောဟ၊
- သြဃာစေဝဓမ္မာ ဂန္ထသမ္ပယုတ္တာပိ။ ဂန္ထဝိပ္ပယုတ္တာပိ။ - (ပ) ဒိဋ္ဌိသံ ၄ ရှိလောဘ၊ ဒိဋ္ဌိ၊ မောဒွေမောကြဉ် မောဟ
(ဒု) ဒိဋ္ဌိဝိပ် ၄ ရှိ လောဘ၊ မောဒွေဦ မော၊

? အာသဝဂေါစ္ဆကဌ် ဒုက်ပွါးလျှင်(၁၄)ဒုက်ရနိုင်သကဲ့သို့ အဘယ်ကြောင့် ပရာမာသဂေါစ္ဆကဌ် မရသနည်း။ မရသော ဒုက်ပျက်များကို ရေးပြ၍ ဒုက်ပျက်ရပုံကို ရှင်းပြပါ။
- ပရာမာသတရားမှာ 'ဒိဋ္ဌိ'တစ်ပါးတည်းသာဖြစ်၍ ယှဉ်ဘက်မရှိရကား-
(၁) 'ပရာမာသာစေဝဓမ္မာ ပရာမာသ သမ္ပယုတ္တာစ'ဟု ပါဠိတော်၌ ဒုက်ယုက်၍ မဟော။ ဤဒုက် မရခဲ့သဖြင့် ၎င်းနှင့် စပ်ဆိုင်သော အောက်ပါဒုက်ပွါးများလည်း မရတော့ပြီ။ ၎င်းတို့မှာ-
(၂) (ပ) ပရာမာသာစေဝဓမ္မာ ပရာမာသ ဝိပ္ပယုတ္တာစ၊ (ဒု) ပရာမာသ ဝိပ္ပယုတ္တာစေဝဓမ္မာ နောစ ပရာမာသာ၊ ဤဌ် (ပ-ပဒ)ပျက်၏။
(၃) ပရာမာသာ စေဝဓမ္မာ ပရာမာသသမ္ပယုတ္တာပိ၊ ဝိပ္ပယုတ္တာပိ၊ ၎င်းဌ် နှစ်ပဒလုံးမရ။
(၄) ပရာမာသသမ္ပယုတ္တာ စေဝ ဓမ္မာ ပရာမာသာပိ၊ နော ပရာမာသာပိ၊ ဤဌ် (ပ-ပဒ)ပျက်၏။
(၅) ပရာမာသဝိပ္ပယုတ္တာ စေဝ ဓမ္မာ ပရာမာသာပိ၊ နော ပရာမာသာပိ၊ ဤဌ်လည်း (ပ-ပဒ)ပျက်၏။
ပါဠိတော် ဒုက်ယုက် ၁-ဒုက်နှင့်၊ သမ္ဗ ၄-ဒုက်မရ၍၊ ပရာမာသဂေါစ္ဆကဌ် ၉-ဒုက်သာ ရ၏။

ဒုက်ပျက် နမူနာများ
? အဟေတုကာဓမ္မာ ဟေတုသမ္ပယုတ္တာပိ။
- အဟေတုကာဓမ္မာ အရ အဟိတ်တရား၊ ဟေတုသမ္ပယုတ္တာပိ အရ သဟိတ်တရား၊ အဟိတ်၊ သဟိတ် ဖြစ်၍ တရားမရသဖြင့် ဒုက်ပျက်ပါသည်။

? သဟေတုကာဓမ္မာ ဟေတုဝိပ္ပယုတ္တာပိ။
- သဟေတုကာဓမ္မာ အရ- သဟိတ်စိတ် ၇၁၊ မောဒွေမောကြဉ်စေ ၅၂၊
ဟေတုဝိပ္ပယုတ္တာပိ အရ- အဟိတ် ၁၈၊ ဆန္ဒကြဉ်အညစေ ၁၂၊ မောဒွေဦမောဟ၊ ရုပ် ၂၈၊ နိဗ္ဗာန်၊
မူဒုက်နှင့် မူလီဒုက်တို့ အရတရားမတူကြ၍ ဒုက်ပျက်ပါသည်။

? နီဝရဏဝိပ္ပယုတ္တာ စေဝ ဓမ္မာ နီဝရဏာပိ = နီဝရဏာ စေဝ ဓမ္မာ နီဝရဏဝိပ္ပယုတ္တာပိ။
- နီဝရဏဝိပ္ပယုတ္တာ အရ- ကု ဝိ ကြိ၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊
နီဝရဏာ အရ- နီဝရဏတရားကိုယ် ၈-ပါး၊
မူဒုက်နှင့် မူလီဒုက်တို့ အရတရားမတူကြ၍ ဒုက်ပျက်ပါသည်။

(ဒုကမာတိကာပိုင်း ပြီး၏။)

www.dhammadownload.com



# သုတ္တန္တ မာတိကာ

**သုတ္တန္တမာတိကာ**

အရှင်သာရိပုတ္တရာမဟာထေရ်မြတ်သည် အင်္ဂုတ္တရနိကာယ် ဧကေ၊ ဒုကနိပါတ၊ ဒီဃနိကာယ် သုတ်ပါထေယျ၊ သင်္ဂီတိသုတ်၊ ဒသုတ္တရသုတ်ဒုကတို့မှထုတ်နုတ်၍ သုတ္တန်သို့ရောက်သောအခါ မပင်ပန်းစိမ့်သောငှါ ပေါင်းစုပြုလုပ်၍ ထားအပ်သောဒုက်သည် 'သုတ္တန္တိကဒုက်' မည်၏ ဟု နိက္ခေပကဏ္ဍ၌ အဋ္ဌကထာမိန့်ဆို၏။

အထက်ပါနိကာယ်များ၌ ဒုက်များကို များပြားလှစွာဟောထားသော်လည်း ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများ၌ ၄၂-ဒုက်ကိုသာ ထုတ်နုတ်၍ ပြထားပေသည်။

**ဆိုရိုး**- သုတ္တန္တိကမာတိကာကို အဘိဓမ္မာကိုသင်သော မထေရ်တို့အား သုတ္တန်သို့ရောက်လျှင် မပင်ပမ်းစိမ့်သောငှာ အင်္ဂုတ္တရနိကာယ်၌လာသော ဧကနိပါတ်၊ ဒုကနိပါတ်ကို သင်္ဂီတိသုတ်၊ ဒသုတ္တရသုတ်တို့နှင့်ပေါင်းစပ်၍ တရားစစ်သူကြီး ရှင်သာရိပုတ္တရာမဟာထေရ်မြတ် ထားတော်မူသည်။

ထို ၄၂-ပါးသောဒုက်တို့သည်-
ဝိဇ္ဇာဘာဂီဒုက်၊ ဝိဇ္ဇူပမဒုက်၊ ဗာလဒုက်၊ ကဏှဒုက်၊ တပနီယဒုက်၊ အဓိဝစနဒုက်၊ နိရုတ္တိဒုက်၊ ပညတ္တိဒုက်၊ နာမရူပဒုက်၊ အဝိဇ္ဇာဒုက်၊ ဘဝဒိဋ္ဌိဒုက်၊ သဿတဒိဋ္ဌိဒုက်၊ အန္တဝါဒိဋ္ဌိဒုက်၊ ပုဗ္ဗန္တာနုဒိဋ္ဌိဒုက်၊ အဟိရိကဒုက်၊ အနောတ္တပ္ပဒုက်၊ ဟိရီဒုက်၊ ဒေါဝစဿတာဒုက်၊ သောဝစဿတာဒုက်၊ အာပတ္တိကုသလတာဒုက်၊ သမာပတ္တိကုသလတာဒုက်၊ ဓာတုကုသလတာဒုက်၊ အာယတန-ကုသလတာဒုက်၊ ဌာနကုသလတာဒုက်၊ အဇ္ဇဝဒုက်၊ ခန္တိဒုက်၊ သာခလျဒုက်၊ ဣန္ဒြိယေသုအဂုတ္တ-ဒွါရတာဒုက်၊ ဣန္ဒြိယေသုဂုတ္တဒွါရတာဒုက်၊ မုဋ္ဌသစ္စဒုက်၊ သတိသမ္ပဇညဒုက်၊ ပဋိသင်္ခါနဒုက်၊ သမထဝိပဿနာဒုက်၊ သမထနိမိတ္တဒုက်၊ ပဂ္ဂဟဒုက်၊ သီလဝိပတ္တိဒုက်၊ သီလသမ္ပဒါဒုက်၊ သီလဝိသုဒ္ဓိဒုက်၊ ဒိဋ္ဌိဝိသုဒ္ဓိခေါပနဒုက်၊ သံဝေဇနိယဒုက်၊ အသန္တုဋ္ဌိတာကုသလဒုက်၊ ဝိဇ္ဇာဒုက်၊ ခယေဉာဏဒုက်၊ အားဖြင့် ၄၂-ပါး အပြားရှိပါသည်။

၁။ ဝိဇ္ဇာဘာဂီ ဒုကာဒိပဉ္စက
၂။ အဓိဝစန ။
၃။ ဘဝဒိဋ္ဌိ ။
၄။ ဟိရီ ။
၅။ ဓာတုကုသလတာ ။
၆။ သာခလျ ။
၇။ ပဋိသင်္ခါနဗလ ။
၈။ သီလသမ္ပဒါ ဒုကာဒိသတ္တက

သုတ္တန္တိဒုကမာတိကာမှတ်ဖွယ်အဖြစ် လေ့လာပါမည်။

www.dhammadownload.com



# အရှင်သာရိပုတြာ နှင့် ယေ ဓမ္မာ ဂါထာတော်

အနောမဒဿီမြတ်စွာဘုရားလက်ထပ်တွင် အရှင်သာရိပုတြာအလောင်းသည် လက်ယာတော်ရံ၊ အရှင်မောဂ္ဂလာန်အလောင်းကား လက်ဝဲတော်ရံ ဆုပန်ခဲ့ကြ၏။

ဂေါတမမြတ်စွာဘုရားလက်ထပ်တော်၌ ထိုအရှင်နှစ်ပါးတို့သည် အတူဖွား၊ အတူစား၊ အတူကစားဖော် ဖြစ်ကြကုန်၏။ အရွယ်ရောက်သောအခါ အတူတကွပွဲကြည့်ရာမှ သံဝေဂကြီးစွာရ၍ မသေ(=အမတ)တရားရှာရန် သိဉ္စည်းဆရာကြီးထံ၌ ပရိဗိုဇ်ရဟန်းပြုကြကုန်၏။ အရှင်သာရိပုတြာအလောင်းသည် ဥပတိဿပရိဗိုဇ်၊ အရှင်မောဂ္ဂလာန်အလောင်းသည် ကောလိတပရိဗိုဇ် အမည်တွင်ကြပြီး၊ "ငါတို့နှစ်ဦး သေဘေးမှလွတ်သော မသေတရား=အမြိုက်တရားကို အဦးဆုံးသိသူက မသိသေးသူကို ပြန်၍ပြောကြစတမ်း"ဟု ကတိကဝတ်ပြုထားကြ၏။

တစ်နေ့သ၌ (မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်နေ့) ဥပတိဿပရိဗိုဇ်သည် ပဉ္စဝဂ္ဂီအဝင်အပါဖြစ်သော အရှင်အဿဇိ ဆွမ်းခံဝင်စဉ် ဖူးတွေ့ရ၍၊ ထိုအရှင်ဟောတော်မူသော "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသောဂါထာကို နာရလျှင်၊ ဂါထာထက်ဝက်မျှဖြင့်ပင် သောတာပန် ဖြစ်လေသည်။ ကတိကဝတ်ရှိသည့်အတိုင်း မိမိသိသောတရားကို ကောလိတပရိဗိုဇ်အား ပြန်၍ပြောသောအခါ၊ ကောလိတပရိဗိုဇ်လည်း သောတာပန်ဖြစ်လေ၏။ ထိုအရှင်နှစ်ပါးတို့သည် အရံတပည့်နှစ်ရာ့ငါးဆယ်စီတို့နှင့်အတူ မြတ်စွာဘုရားအထံတော်၌ရဟန်းပြုကြ၏။ ရဟန်းပြု၍ ခုနစ်ရက်ရှိလျှင် အရှင်မောဂ္ဂလာန် ရဟန္တာဖြစ်တော်မူ၏။ ဆယ့်ငါးရက်ရှိသော်(**တပို့တွဲလပြည့်နေ့**) အရှင်သာရိပုတြာ ရဟန္တာဖြစ်တော်မူ၏။ ထိုအရှင်နှစ်ပါးတို့သည် မြတ်စွာဘုရား၏ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ ဖြစ်ကြ၍ အဂ္ဂသာဝကအစုံ ဖြစ်တော်မူကြကုန်၏။ အရှင်သာရိပုတြာသည် ပညာအရာ၌ ဧတဒဂ်ရ၍၊ အရှင်မောဂ္ဂလာန်အလောင်းကား သမာဓိ(တန်ခိုး)အရာ၌ ဧတဒဂ်ရ၏။

မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်၌ ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာတော်အား စန္ဒကူးတောင်၌ နေတော်မူသောအခါ အရှင်သာရိပုတြာအား 'သင်္ခေပနယ'နည်းဖြင့် ဟောတော်မူ၍၊ အရှင်သာရိပုတြာမှ တပည့်ရဟန်းတို့အား ပြန်လည်ဟောကြားတော်မူပါသည်။ သာသနာတော်အတွက် အလွန်ကြည်ညိုစံယူနိုင်သော အရိယာပုဂ္ဂိုလ်သူမြတ်ကြီး ဖြစ်ပါသည်။

## အရှင်သာရိပုတြာ ဆရာကိုပူဇော်ပုံ

အရှင်သာရိပုတြာသည် အရှင်အဿဇိ ထံမှ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသောဂါထာကို ကြားနာရ၍ ရှေးဦးစွာ သောတာပန်ဖြစ်ရသည်ကို အကြောင်းပြု၍ ဆရာအရင်းဟုရှိသေစွာဖြင့် အရှင်အဿဇိ ရှိရာအရပ်သို့ ဦးခေါင်းပြု၍ 'ဦးခေါင်းရင်း၌ ငါ့ဆရာရှိသည် ဖြစ်စေသတည်း'ဟု အမြဲလျှင် ဆောက်တည်တော်မူ၏။

www.dhammadownload.com



# ၁။ ဝိဇ္ဇာဘာဂီ ဒုကာဒိပဋ္ဌက

× ။ ခမ္မာ= နိဿတ္တနိဇ္ဇီဝသဘာဝါ–သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျမွေ့၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၁ | ဝိဇ္ဇာဘာဂ | **ဝိဇ္ဇာဘာဂိနော ဓမ္မာ**။ သမ္ပယုတ်အစွမ်းဖြင့် ဝိဇ္ဇာ(၈)ပါးသို့ ဆည်းကပ်ကတ်ကုန်သော ဓမ္မာ။ (ဝိ မနော ဣ။ ပ ပု စ သော အာ။) အရတရား = ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိ, ဒိ–ကျွ, ဒိ–သော, အာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာ ၈–ပါးနှင့်ယှဉ်သော၊ × ။ မဟာကုသံ၄, ကြိသံ၄, အဘိ ၂, အရမဂ် ၁၊ ဒွမောကြဉ်စေ ၃၇၊ | ၄ | ၂ | ၂ | ၂ | အရမဂ် ၂၉ – | အာဒိ/သပ္ပ ပမှတပါး ကု၁၆,ဝိ၃၆, ကြိ၁၆၊စေ၃၈၊ ပရှိ အမော၊ ဒုရှိ မောဟ ဝိ-တပ်ခိုက် မဟာကုကြိ သံ ၈၊ စေ၃၈၊ ရုပ်၂၈၊ နိ၊ |
| | | **အဝိဇ္ဇာဘာဂိနော ဓမ္မာ**။ သမ္ပယုတ်၏အစွမ်းဖြင့် သစ္စာ ၄–ပါးကို ဖုံးလွှမ်းတတ်သော၊ မောဟ ၄–ပါးသို့ဆည်းကပ်တတ်ကုန်သော၊× ။ အရတရား = အကုသိုလ် ၁၂၊ မောဟကြဉ်စေ ၂၆၊ | ၄ | ၂ | ၂ | ၂ | | |
| ၂ | ဝိဇ္ဇူပမ | **ဝိဇ္ဇူပမာ ဓမ္မာ**။ လျှပ်စစ်ဥပမာရှိကုန်သော၊ (ဝါ) လျှပ်စစ်နှင့် တူကုန်သော၊× ။ အရတရား = အောက်မဂ် ၃–ပါးရှိ ပညာ၊ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ စိတ် ၈၉၊ မဂ်(၄)ပါးရှိ ပညာကြဉ် စေ ၅၂၊ ရုပ် ၂၈၊ နိ၊ |
| | | **ဝဇိရူပမာ ဓမ္မာ**။ မိုးကြိုးစက်ဥပမာရှိကုန်သော၊(ဝါ)မိုးကြိုးစက်နှင့် တူကုန်သော၊× ။ အရတရား = အရဟတ္တမဂ်ရှိ ပညာ၊ | ၁ | ၁ | ၁ | ၁ | | |
| ၃ | ဗာလ | ဗာလာ ဓမ္မာ။ မိုက်ကုန်သော၊(ဝါ)သူမိုက်တို့နှင့်တူကုန်သော၊× ။ အရတရား = အကုစိတ် ၁၂၊ စေ ၂၇၊ | ၄ | ၂ | ၂ | ၂ | | အာဒိ/သပ္ပ ဝိ၃၆,ကြိ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိ၊ |
| | | ပဏ္ဍိတာ ဓမ္မာ။ ပညာရှိကုန်သော၊(ဝါ)ပညာရှိတို့၌တည်ကုန်သော၊× ။ အရတရား = ကု ၂၁၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၂ | ၂၉– | |

**ဝဇိရူပမဒုက်**

(ပ–ပဒ) လျှပ်စစ်တို့သည် အမိုက်မှောင်ကို ကုန်စင်အောင် မပယ်နိုင်ကြသလို၊ အောက်မဂ် ၃–ပါးတို့သည်လည်း မိမိတို့ဆိုင်ရာကိလေသာကို နောက်ထပ်မဖြစ်အောင် ပယ်နိုင်ကြလည်း အကြွင်းအကျန်မရှိအောင် မပယ်နိုင်သေးသဖြင့် လျှပ်စစ်နှင့်တူ၏ဟု ဆိုလိုသည်။

(ဒု–ပဒ) မိုးကြိုးစက်သည်ကား မိမိကျရောက်ရာ သစ်ပင်စသော ဝတ္ထုတို့ကို အကြွင်းမဲ့ ဖျက်ဆီးသလို အရဟတ္တမဂ်သည်လည်း ကိလေသာကျန်သမျှကို နောင်တဖန်မဖြစ်ပေါ်ရအောင် အကြွင်းမဲ့ဖျက်ဆီး နိုင်သောကြောင့် မိုးကြိုးစက်နှင့်တူ၏ဟု ဆိုလိုသည်။

www.dhammadownload.com



× ॥ ဓမ္မာ= နိဿတ္တနိဇ္ဇီဝသဘာဝါ–သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏॥

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျဓမ္မ၊ | သင်္ဂဟိတ | | | | ဝိမုတ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| | | | ခန္ဓ | အာ | ဓာ | သစ် | | |
| ၄ | ကဏှ | **ကဏှာ ဓမ္မာ**॥ မည်းညစ်ကုန်သော၊ (ဝါ) အပါယ်ဆင်းရဲ, ဘုန်းနည်းခြင်းဟုဆိုအပ်သော၊ မည်းညစ်သောဇာတ်၏အကြောင်းဖြစ်ကုန်သော၊× ॥<br>အရတရား = အကုစိတ် ၁၂၊ စေ ၂၇၊ | ၄ | ၂ | ၂ | ၂ | | အာဒိ/သပ္ပ<br>ဝိ၃၆,ကြိ၂၀၊ စေ ၃၈၊ ရုပ်၂၈၊ နိဗ္ဗာန်၊ |
| | | သုက္ကာ ဓမ္မာ॥ ဖြူစင်ကုန်သော၊(ဝါ)သုဂတိချမ်းသာ,ဘုန်ကြီးခြင်းဟုဆိုအပ်သော၊ ဖြူစင်သောဇာတ်၏အကြောင်းဖြစ်ကုန်သော၊× ॥<br>အရတရား = ကု ၂၁၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၂ | ၂၉– | |
| ၅ | တပနီယ | တပနီယာ ဓမ္မာ॥ ပစ္စုပ္ပန်, သံသရာနှစ်ပါး၌ ပူပန်စေတတ်ဆင်းရဲစေတတ်သော၊ အကုသိုလ်ဟု ဆိုအပ်ကုန်သော× ॥<br>အရတရား = အကုစိတ် ၁၂၊ စေ ၂၇၊ | ၄ | ၂ | ၂ | ၂ | | အာဒိ/သပ္ပ<br>ဝိ၃၆,ကြိ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| | | **အတပနီယာ ဓမ္မာ**॥ ပစ္စုပ္ပန်,သံသရာနှစ်ပါး၌ မပူပန်စေတတ်ချမ်းသာစေတတ်သော၊ ကုသိုလ်ဟုဆိုအပ်ကုန်သော၊× ॥<br>အရတရား = ကု ၂၁၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၂ | ၂၉– | |

**ဝိဇ္ဇာဘာဂိဒုက်**–

(ပ–ပဒ) ၌ 'အမောဟ'ကိုကြံဉ်ရခြင်းမှာ 'ဝိဇ္ဇာ'၏အရ 'ပညာ' ဖြစ်၏॥ ဝိဇ္ဇာဘာဂိနောမှာ ထိုပညာနှင့်ယှဉ်သော သမ္ပယုတ်တရားတို့ကိုကောက်ရသဖြင့် ပညာသည် ပညာနှင့်မယှဉ်သောကြောင့် 'အမောဟ'ကို ကြံဉ်ရ၏॥ (ဒု–ပဒ) ၌ 'မောဟ'ကြံဉ်ရခြင်းမှာ 'အဝိဇ္ဇာ'သည် 'မောဟ'ဖြစ်ရာ မောဟသည် မောဟနှင့်မယှဉ်သောကြောင့် ကြံဉ်ရပါသည်॥

**ဗာလာဓမ္မာ** – သူမိုက်တို့၌တည်ကုန်သော အကုသိုလ်တရားများ(အကု ၁၂, စေ ၂၇ စိတ္တုပ္ပါဒ်) ကြောင့်သာ မိုက်မှု, ဆိုးမှု, မကောင်းပြုကြမှုများ အဆင့်ဆင့် ဖြစ်ပွားရ၏॥ အကုသိုလ်နှင့်ကင်း၍ မည်သည့် မကောင်းမှုမျှ ဖြစ်ပေါ်မည်မဟုတ်॥

**ပဏ္ဍိတာ ဓမ္မာ** – ပညာရှိတို့၌တည်ကုန်သော ကုသိုလ်တရားများ(ကု ၂၁, စေ ၃၈ စိတ္တုပ္ပါဒ်) ကြောင့်သာ လိမ္မာမှုများ အဆင့်ဆင့်တိုးပွား၍ လိမ္မာမှုရှိကြသည်ကို မဟာကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်, မဂ်ကုသိုလ် တို့ဖြင့် ပိုင်းခြားဝေဘန်၍ ယူရာ၏॥

**ကဏှာ ဓမ္မာ** – ဟူသောပါဠိတော်အရ– အပါယ်ဆင်းရဲမှလည်းမလွတ်၊ လူဖြစ်ပြန်လည်း ဘုန်းကံနည်းသောသူတို့နှင့် ပစ္စုပ္ပန်,သံသရာနှစ်ပါး၌ ပူပန်ဆင်းရဲနေရသောသူတို့ဖြစ်အောင် အကုသိုလ်စိတ္တုပ္ပါဒ် (အကု ၁၂, စေတသိက် ၂၇)က ဖြစ်အောင်ပြုခဲ့ပါသည်॥

www.dhammadownload.com



# ၂။ အဓိဝစနဒုကာဒိပဉ္စက

× ။ ဓမ္မာ= နိဿတ္တနိဇ္ဇီဝသဘာဝါ–သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျဓမ္မ၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၆ | အဓိဝစန | **အဓိဝစနာ ဓမ္မာ။** သဒ္ဒါမျှကိုသာ အကြီးအမှူး ပြု၍ဖြစ်သော သဒ္ဒပညတ်ဟုဆိုအပ်ကုန်သော(ဝါ)၊အနက်၌ညွတ်ကတတ်သောအမည်ဟုဆိုအပ်သော နာမ၊ အနက်၌ညွတ်သည်ဖြစ်၍ ပြုအပ်သောနာမကမ္မ၊ အနက်၌ညွတ်သည်ဖြစ်၍ ထားအပ်သည်ဟုဆိုအပ်သော နာမဓေယျ၊ အနက်၌ညွတ်သည်ဖြစ်၍ ထုတ်၍ဆိုအပ်သော နာမနိရုတ္တိ၊ အနက်၌ညွတ်သည်ဖြစ်၍ ပြတတ်သောဝါကျဟုဆိုအပ်သော နာမဗျဉ္ဇန၊ အနက်၌ညွတ်သည်ဖြစ်၍ ရှေ့ရှုဟောတတ်သောသဒ္ဒါဟု ဆိုအပ်သော နာမာဘိလာပတည်းဟူသော သဒ္ဒပညတ်ဟုဆိုအပ်ကုန်သော၊× ။ အရတရား – သုဏန္တ ပုဂ္ဂိုလ်တို့၏ အသိဉာဏ်အားဘပ်သော သဒ္ဒပညတ်ရှ၏၊ ထိုသဒ္ဒပညတ်သည် အစိတ်သဒ္ဒါနှင့်မကင်းရကား သဝိညတ္တိက ဝစီဆောဒသဒ္ဒါတည်း။ | ၁ | ၂ | ၂ | ၁ | | အာဒိလာဘ နိပ္ပဒေသ |
| | | **အဓိဝစနပထာ ဓမ္မာ။** သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ ဖြစ်သော သဒ္ဒပညတ် တို့၏ အကြောင်းဖြစ်ကုန်သော × ။ အရ– ဝဒန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ် အားတပ်သော အတ္ထပညတ်ရှ၏၊ ထိုအတ္ထပညတ်သည် အကြောင်းအနက်နှင့် မကင်းရကား စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်။ | ၅* | ၁၂ | ၁၈ | ၄ | ၂၉–၃၇ | |
| ၇ | နိရုတ္တိ | **နိရုတ္တိ ဓမ္မာ။** ထုတ်၍ဆိုအပ်သော သဒ္ဒပညတ်ဟုဆိုအပ်ကုန်သော(ဝါ)၊ အနက်၌––––သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော× ။ ၆ (ပ–ပဒ) | ၁ | ၂ | ၂ | ၁ | | အာဒိလာဘ နိပ္ပဒေသ |
| | | **နိရုတ္တိပထာ ဓမ္မာ။** ထုတ်၍ဆိုအပ်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော၊× ။ ၆ (ဒု–ပဒ) | ၅* | ၁၂ | ၁၈ | ၄ | ၂၉–၃၇ | |
| ၈ | ပညတ္တိ | **ပညတ္တိ ဓမ္မာ။** အပြားအားဖြင့်သိစေတတ်သော သဒ္ဒပညတ်ဟုဆိုအပ်ကုန်သော၊ အနက်၌––သဒ္ဒပညတ်ဟုဆိုအပ်ကုန်သော× ။ ၆ (ပ–ပဒ) | ၁ | ၂ | ၂ | ၁ | | အာဒိလာဘ နိပ္ပဒေသ |
| | | **ပညတ္တိပထာ ဓမ္မာ။** အပြားအားဖြင့်သိစေတတ်သောသဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော၊× ။ ၆ (ဒု–ပဒ) | ၅* | ၁၂ | ၁၈ | ၄ | ၂၉–၃၇ | |

www.dhammadownload.com



× ॥ = **အတ္ထိ ရှိ၏**॥

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျစမ္မ၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၉ | နာမရူပ | **နာမဥ္စ**။ ညွတ်ခြင်းကိုပြုတက်သော တရားသည်လည်း၊ (ဝါ) ညွတ်တတ်သောတရားသည်လည်း၊ (ဝါ) ညွတ်စေတတ်သော တရားသည်လည်း **အတ္ထိ ရှိ၏**॥<br>အရတရား – စိတ် ၈၉၊ စေ ၅၂၊ နိဗ္ဗာန်၊ | ၄* | ၂ | ၈ | ၄ | ၂၉–၃၇ | [illegible] |
| | | **ရူပဥ္စ**။ ဖေါက်ပြန်တက်သောတရားသည်လည်း၊ (ဝါ) အချမ်းအပူစသောဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်တတ်သောတရားသည်လည်း၊ (ဝါ) အချမ်းအပူစသော ဆန့်ကျင်ဘက်အကြောင်းတို့သည် ဖောက်ပြန်ခြင်းသို့ရောက်စေ တတ်သောတရားသည်လည်း၊ **အတ္ထိ ရှိ၏**॥<br>အရတရား – ရုပ်–၂၈॥ | ၁ | ၁၁ | ၁၁ | ၁ | | |
| ၁၀ | အဝိဇ္ဇာ | **အဝိဇ္ဇာ စ**॥<br>သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ သည်လည်း၊ (ဝါ) သစ္စာလေးပါး တို့၌မသိခြင်း မောဟ သည်လည်း၊ (ဝါ) သိအပ်သည်ကို မသိတတ်သော မောဟ သည်လည်း၊ (ဝါ) မသိအပ်သည်ကို သိတတ်သော မောဟ သည်လည်း၊ **အတ္ထိ ရှိ၏**॥<br>အရတရား – သစ္စာ ၄–ပါးကို ဖုံးလွှမ်းတက်သော မောဟ॥ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ<br>စိတ် ၈၉၊ အဝိဇ္ဇာ– ဘဝတဏှာ ကြဉ်သော စေ ၅၀၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| | | **ဘဝတဏှာ စ**॥ ဘဝကို တောင့်တသော လောဘသည်လည်း၊ (ဝါ)ဘဝတို့၌တပ်မက်သော လောဘသည်လည်း၊ **အတ္ထိ ရှိ၏**॥<br>အရတရား – ဘဝကိုတက်မက်မောသော လောဘ॥ | ၁ | ၁ | ၁ | ၁ | | |

အဓိဝစန၊ နိရုတ္တိ၊ ပညတ္တိ အတူး –

**အဓိဝစန** – မည်မျှဆင်းရဲနေသောသူဖြစ်စေကာမူ 'ဦးချမ်းသာ'ဟု မှည့်ခေါ်ထားခြင်းကား၊ အကြောင်းဖျူပ္ပတ္တိနိမိတ်ကို မငဲ့ဘဲ ခေါ်ထား၏။ ဤသဒ္ဒါမျိုးသည် 'အဓိဝစန' မည်၏॥

**နိရုတ္တိ** – ချမ်းသာနေသူကို 'ဦးချမ်းသာ'ဟု အကြောင်း ဗျုပ္ပတ္တိနိမိတ်အားလျော်စွာ ထုတ်ဆောင်၍ ဆိုအပ်သော သဒ္ဒါမျိုးသည် 'နိရုတ္တိ' မည်၏॥

**ပညတ္တိ** – ဝိတက်စေတသိက်တစ်ခုတည်းကိုပင် 'တက္ကော, ဝိတက္ကော, သင်္ကပ္ပေါ' စသည်ဖြင့် ပရိယာယ် အမျိုးမျိုးထားကာ သိစေတတ်သောသဒ္ဒါမျိုးသည် 'ပညတ္တိ' မည်၏॥ ဤသို့ ထူးပါသည်။

www.dhammadownload.com



## ၃။ ဘဝဒိဋ္ဌိ ဒုကာဒိပဋ္ဌက

× ။ = အတ္ထိ ရှိ၏။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျမှု၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၁၁ | ဘဝဒိဋ္ဌိ | ဘဝဒိဋ္ဌိစ။ မြဲသည်၏အစွမ်းဖြင့်ဖြစ်သော မိစ္ဆာအယူသည်လည်း၊ (ဝါ)၊ မိမိကိုယ်သည်၎င်း၊ လောကသည်၎င်းဖြစ်လတ္တံ့ဟု ဖောက်ပြန်သော အယူသည်လည်း၊× ။ အရတရား= ဘဝဒိဋ္ဌိ၊ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ စိတ် ၈၉၊ ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိ ကြဉ်စေ ၅၂၊ ရုပ် ၂၈၊ နိ၊ |
| | | ဝိဘဝဒိဋ္ဌိစ။ ပြတ်သည်၏အစွမ်းအားဖြင့် မိစ္ဆာအယူသည်လည်း၊ မိမိကိုယ်သည်၎င်း၊ လောကသည်၎င်း၊ မဖြစ်လတ္တံ့ဟု ဖောက်ပြန်သော အယူသည်လည်း၊× ။ အရတရား= ဝိဘဝဒိဋ္ဌိ၊ | ၁ | ၁ | ၁ | ၁ | | |
| ၁၂ | သဿတဒိဋ္ဌိ | သဿတဒိဋ္ဌိစ။ မိမိကိုယ်သည်၎င်း၊ လောကသည်၎င်း မြဲ၏ဟုဖြစ်သောမိစ္ဆာအယူသည်လည်း၊× ။ အရတရား= သဿတဒိဋ္ဌိ၊ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ စိတ် ၈၉၊ သဿတ၊ဥစ္ဆေဒ ဒိဋ္ဌိကြဉ်စေ၅၂ ရုပ် ၂၈၊ နိ၊ |
| | | ဥစ္ဆေဒဒိဋ္ဌိစ။ မိမိကိုယ်သည်၎င်း၊ လောကသည်၎င်း ပြတ်လတံ့ဟု ဖြစ်သောမိစ္ဆာအယူသည်လည်း၊× ။ အရတရား= ဥစ္ဆေဒဒိဋ္ဌိ၊ | ၁ | ၁ | ၁ | ၁ | | |
| ၁၃ | အန္တဝါဒိဋ္ဌိ | အန္တဝါဒိဋ္ဌိစ။ မိမိကိုယ်သည်၎င်း၊ လောကသည်၎င်း အဆုံးရှိ၏ဟုဖြစ်သောမိစ္ဆာအယူသည်လည်း၊× ။ အရတရား = အန္တဝါဒိဋ္ဌိ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ စိတ် ၈၉၊ အန္တဝါဒိဋ္ဌိ၊အနန္တ ဝါဒိဋ္ဌိကြဉ်စေ၅၂ ရုပ် ၂၈၊ နိ၊ |
| | | အနန္တဝါဒိဋ္ဌိစ။ မိမိကိုယ်သည်၎င်း၊ လောကသည်၎င်း အဆုံးမရှိဟုဖြစ်သောမိစ္ဆာအယူသည်လည်း၊× ။ အရတရား = အနန္တဝါဒိဋ္ဌိ၊ | ၁ | ၁ | ၁ | ၁ | | |
| ၁၄ | ပုဗ္ဗန္တာနုဒိဋ္ဌိ | ပုဗ္ဗန္တာနုဒိဋ္ဌိစ။ ရှေ့အဘို့သို့အစဉ်လိုက်သောမိစ္ဆာအယူသည်လည်း၊ (ဝါ)ရှေ့အဘို့ကိုအာရုံပြု၍ဖြစ်သော မိစ္ဆာအယူသည်လည်း၊× ။ အရတရား = ပုဗ္ဗန္တာနုဒိဋ္ဌိ၊ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ စိတ် ၈၉၊ ပုဗ္ဗန္တာနုဒိဋ္ဌိ, အပရန္တာနု, ကြဉ်စေ ၅၂၊ ရုပ် ၂၈၊ နိ၊ |
| | | အပရန္တာနုဒိဋ္ဌိစ။ နောက်အဘို့သို့အစဉ်လိုက်သောမိစ္ဆာအယူသည်လည်း၊(ဝါ)၊နောက်အဘို့ကိုအာရုံပြု၍ဖြစ်သော မိစ္ဆာအယူသည်လည်း၊× ။ အရတရား = အပရန္တာနုဒိဋ္ဌိ၊ | ၁ | ၁ | ၁ | ၁ | | |
| ၁၅ | အဟိရိက | အဟိရိကဉ္စ။ စက်ဆုတ်အပ်သော ကာယဒုစရိုက်စသည်ကို မစက်ဆုတ်တတ်သောသဘောတရားသည်လည်း၊ (ဝါ)ရှက်အပ်သောကာယဒုစရိုက်စသည်မှ မရှက်တတ်သောသဘော တရားသည်လည်း၊ × ။ အရတရား = အဟိရိက၊ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ စိတ် ၈၉၊ အဟိရိက, အနောတ္တပ္ပ, ကြဉ်စေ ၅၀၊ ရုပ်၂၈၊ နိ၊ |
| | | အနောတ္တပ္ပဉ္စ။ လန့်အပ်သောကာယဒုစရိုက်စသည်မှမလန့်တတ်သော သဘော တရားသည်လည်း၊× ။ အရတရား= အနောတ္တပ္ပ၊ | ၁ | ၁ | ၁ | ၁ | | |

www.dhammadownload.com



## ၄။ ဟိရိ ဒုကာဒိပဉ္စက

×॥ = အတ္ထိ ရှိ၏။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျမွေ၊ | သင်္ဂဟိတ ခန် | အာ | တ | သစ် | ဝိမုတ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၁၆ | ဟိရိ | ဟိရီ စ။ စက်ဆုတ်အပ်သောကာယဒုစရိုက်စသည်ကိုစက်ဆုတ်တတ်သောသဘောတရားသည်လည်း၊ (ဝါ) ရှက်အပ်သောကာယဒုစရိုက်စသည်မှရှက်တတ်သော သဘောတရားသည်လည်း၊×॥ အရတရား = ဟိရီ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ စိတ် ၈၉၊ ဟိရီ,ဩတ္တပ္ပ ကြဉ်စေ ၅၀၊ |
| | | ဩတ္တပ္ပဉ္စ။ လန့်အပ်သောကာယဒုစရိုက်စသည်မှလန့်တတ်သော သဘောတရားသည်လည်း၊×॥ အရတရား = ဩတ္တပ္ပ | ၁ | ၁ | ၁ | ၁ | | ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| ၁၇ | ဒေါဝစဿတာ | ဒေါဝစဿတာ စ။ ဆိုဆုံးမခက်သောစကား ရှိသောသူ၏အမူ၏အဖြစ်သည်လည်း၊×॥ အရတရား = ဘုရားဟောတော်မူအပ်သောသိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရိုမသေပြုသောအခါ ဒေါ ၂၊ စေ ၂၂၊ | ၄ | ၂ | ၂ | ၁ | | အာဒိ/သပ္ပ ပ၊ ဒု မှတပါး စိတ် ၈၉၊ |
| | | **ပါပမိတ္တတာ** စ။ ယုတ်မာသောအဆွေခင်ပွန်း ရှိသောသူ၏အဖြစ် သည်လည်း ×॥ အရတရား = အဆွေခင်ပွန်းယုတ်ကို ဆည်းကပ် သောအခါ လော ၈, မော ၂၊ စေ ၂၃၊ | ၄ | ၂ | ၂ | ၂ | | စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| ၁၈ | သောဝစဿတာ | **သောဝစဿတာ** စ။ ဆိုဆုံးမလွယ်သောစကား ရှိသောသူ၏အမူ၏ အဖြစ်သည်လည်း၊×॥ အရတရား = ဘုရားဟောတော်မူအပ်သောသိက္ခာပုဒ်ဖြင့်ဆိုဆုံးမအပ်သည် ရှိသော် ရိုသေစွာနားထောင်သော အခါ မဟာကု ၈, မဟာကြိ ၈၊ (ဝိရတီ,အပ္ပကြဉ်)စေ ၃၃၊ | ၄ | ၂ | ၂ | ၁ | | အာဒိ/သပ္ပ ပ၊ ဒု မှတပါး စိတ် ၈၉၊ |
| | | **ကလျာဏမိတ္တတာ** စ။ ကောင်းသောအဆွေ ခင်ပွန်းရှိသောသူ၏အဖြစ်သည်လည်း၊×॥ အရတရား = အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကု ၈, မဟာကြိ ၈၊ (ဝိရတီ,အပ္ပကြဉ်)စေ ၃၃၊ | ၄ | ၂ | ၂ | ၁ | | စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |

ကလျာဏမိတ္တ (**မိတ်ဆွေကောင်း**)

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဟူသော သူတော်ကောင်းတရား ငါးပါးနှင့် ပြည့်စုံသောသူသည် 'ကလျာဏမိတ္တ' မည်၏။

www.dhammadownload.com



× ။ = အတ္တိ ရှိ၏။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျမေ့၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၁၉ | အာပတ္တိကုသလဒုက် | **အာပတ္တိကုသလတာ စ**။ အာပတ်၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း၊ × ။ အရတရား = အာပတ်ကိုသိစွမ်းနိုင်သော မဟာကု၊ကြိယံရှိ ပညာ၊ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ ပ၊ဒု မှတပါး စိတ် ၈၉၊ |
| | | **အာပတ္တိဝုဋ္ဌာနကုသလတာ စ**။ အာပတ်မှထခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း၊ × ။ အရတရား = အာပတ်မှထခြင်းကိုသိစွမ်းနိုင်သော မဟာကု၊ကြိယံရှိ **ပညာ**၊ | ၁ | ၁ | ၁ | ၁ | | စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| ၂၀ | သမာပတ္တိကုသလဒုက် | **သမာပတ္တိကုသလတာ စ**။ ရူပဈာန် အရူပဈာန် တည်းဟူသော သမာပတ် ၈-ပါး, ၉-ပါးတို့၌ လိမ္မာသော သူ၏အဖြစ်သည်လည်း၊ × ။ အရတရား = သမာပတ်ကိုသိစွမ်းနိုင်သော မဟာကု၊ကြိယံရှိ ပညာ၊ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ ပ၊ ဒု မှတပါး စိတ် ၈၉၊ |
| | | **သမာပတ္တိဝုဋ္ဌာနကုသလတာ စ**။ သမာပတ်မှထခြင်း၌ လိမ္မာသောသူ၏အဖြစ်သည်လည်း၊ × ။ အရတရား = သမာပတ်မှထခြင်းကို သိစွမ်းနိုင်သော မဟာ ကု၊ ကြိယံရှိ **ပညာ**၊ | ၁ | ၁ | ၁ | ၁ | | စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |

ပညာအထူး-(၁) (စာမျက်နှာနံပါတ် ၁၃၄ တွင် ပညာအထူး ၂ အားလည်း လေ့လာမှတ်သားရန်။)

(၁) အာပတ်ကိုသိစွမ်းနိုင်သော မဟာ ကု, ကြိယံရှိ ပညာ - အာပတ္တိကုသလတာ စ။
(၂) အာပတ်မှထခြင်းကိုသိစွမ်းနိုင်သော မဟာ ကု, ကြိယံရှိ ပညာ - အာပတ္တိဝုဋ္ဌာနကုသလတာ စ။
(၃) သမာပတ်ကိုသိစွမ်းနိုင်သော မဟာ ကု, ကြိယံရှိ ပညာ - သမာပတ္တိကုသလတာ စ။
(၄) သမာပတ်မှထခြင်းကိုသိစွမ်းနိုင်သော မဟာ ကု, ကြိယံရှိ ပညာ - သမာပတ္တိဝုဋ္ဌာနကုသလတာ စ။
(၅) ဓာတ်၁၈ပါးကိုသိစွမ်းနိုင်သော မဟာကုကြိယံ-၈၊အဘိ ၂၊မဂ်၄ ရှိပညာ - ဓာတုကုသလတာ စ။
(၆) ဓာတ်၁၈ပါးကို နှလုံးသွင်းနိုင်သော မဟာကုကြိယံ-၈၊အဘိ ၂၊မဂ်၄ ရှိပညာ - မနသိကာရကုသလတာ စ။
(၇) အာယတန ၁၂ပါးကိုသိစွမ်းနိုင်သော မဟာကုကြိယံ-၈၊အဘိ ၂၊မဂ်၄ ရှိပညာ - အာယတနကုသလတာ စ။
(၈) ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့ကိုသိစွမ်းနိုင်သော မဟာကုကြိယံ-၈၊အဘိ ၂၊မဂ်၄ ရှိပညာ - ပဋိစ္စသမုပ္ပါဒ ကုသလတာ စ။
(၉) အကြောင်းဟုတ်သည်ကိုသိနိုင်စွမ်းသော၊ မဟာကုကြိယံ-၈၊အဘိ ၂၊ ပညာ - ဌာန ကုသလတာ စ။
(၁၀) အကြောင်းမဟုတ်သည်ကိုသိနိုင်စွမ်းသော၊ မဟာကုကြိယံ-၈၊အဘိ ၂၊ ပညာ - အဋ္ဌာန ကုသလတာ စ။
(၁၁) ကောင်းစွာအပြားအားဖြင့် သိတတ်သော ပညာ - သမ္မဇည္ဉ။
(၁၂) ဆင်ခြင်ခြင်း၌ မတုန်လှုပ်သည်ဖြစ်၍ ဆင်ခြင်သော ပညာ - ပဋိသင်္ခါနဗလဥ္စ။
(၁၃) စိတ်စသည်တို့မှထိတ်လန့်သောအခါ မဟာကုသ-၄ ရှိ ပညာ - သံဝေဇနီယေသု ဌာနေသု။

www.dhammadownload.com



## ၅။ ဓာတုကုသလတာ ဒုကာဒိပဋ္ဌက

× ။ = အတ္ထိ ရှိ၏။

| ဒုက | | ပါဠိတော်၊ အနက်၊ အဘိဓေယျမမွ၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိပ္ပ | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၂၁ | ဓာတုကုသလတာ | **ဓာတုကုသလတာ** စ။ ၁၈-ပါးသောဓာတ်တို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း၊× ။ အရတရား = ဓာတ် ၁၈-ပါးကို သိစွမ်းနိုင်သော မဟာကု ကြိသံ ၈၊ အဘိဓွေ မဂ်စိတ် ၄ ရှိ ပညာ၊ | ၁ | ၁ | ၁ | ၂ | | အာဒိ/သပ္ပ ပ၊ ဒု မှတပါး စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| | | **မနသိကာရကုသလတာ** စ။ ၁၈ ပါးသော ဓာတ်တို့ကို နှလုံးသွင်း ခြင်း၌ လိမ္မာသောသူ၏အဖြစ်သည်လည်း၊× ။ အရတရား = ဓာတ် ၁၈-ပါးကို နှလုံးသွင်းနိုင်သော မဟာကု ကြိသံ ၈၊ အဘိဓွေ မဂ်စိတ် ၄ ရှိ ပညာ၊ | ၁ | ၁ | ၁ | ၂ | | |
| ၂၂ | အာယတနကုသလတာ | **အာယတနကုသလတာ** စ။ ၁၂-ပါးသောအာယတန၌ လိမ္မာသောသူ၏အဖြစ်သည်လည်း၊× ။ အရတရား = အာယတန ၁၂-ပါးကို သိစွမ်းနိုင်သော မဟာကု ကြိသံ ၈၊ အဘိဓွေ မဂ်စိတ်၄ရှိ ပညာ၊ | ၁ | ၁ | ၁ | ၂ | | အာဒိ/သပ္ပ ပ၊ ဒု မှတပါး စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| | | **ပဋိစ္စသမုပ္ပါဒကုသလတာ** စ။ ၁၂-ပါးသော အင်္ဂါရှိသော ပဋိစ္စသမုပ္ပါဒ်၌ လိမ္မာသောသူ၏အဖြစ်သည်လည်း၊× ။ အရတရား = ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးကို သိစွမ်းနိုင်သော မဟာကု ကြိသံ ၈၊ အဘိဓွေ မဂ်စိတ်၄ ရှိ ပညာ၊ | ၁ | ၁ | ၁ | ၂ | | |
| ၂၃ | ဌာနကုသလတာ | **ဌာနကုသလတာ** စ။ အကြောင်းဟုတ်သည်၌ လိမ္မာသောသူ၏အဖြစ်သည်လည်း၊× ။ အရတရား = စက္ခုပသာဒသည် စက္ခုဝိညာဏ်၏အကြောင်းတည်း၊ သရက်စေ့သည် သရက်ပင်၏ အကြောင်းတည်း၊ စသည်ဖြင့် အကြောင်းဟုတ်သည်ကို သိနိုင်စွမ်းသော၊× ။ မဟာကု,ကြိသံ ၈, အဘိဓွေ ၌ရှိ ပညာ၊ | ၁ | ၁ | ၁ | ၁ | | အာဒိ/သပ္ပ စိတ် ၈၉၊ အကြောင်းဟုတ်သည်မဟုတ်သည်ကို သိနိုင် စွမ်းသော၊ မဟာကုကြိ သံ ၈, အဘိ ၂၌ရှိ ပညာ မှတပါး စေ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| | | **အဋ္ဌာနကုသလတာ** စ။ အကြောင်းမဟုတ်သည်၌ လိမ္မာသောသူ၏အဖြစ်သည်လည်း၊× ။ အရတရား = စက္ခုပသာဒသည် သောတဝိညာဏ်၏အကြောင်း မဟုတ်၊ သရက်စေ့သည်ထန်းပင်၏အကြောင်းမဟုတ်၊ စသည်ဖြင့် အကြောင်း မဟုတ်သည်ကို သိနိုင်စွမ်းသော၊× ။ မဟာကု,ကြိသံ ၈, အဘိဓွေ ၌ရှိ ပညာ၊ | ၁ | ၁ | ၁ | ၁ | | |

www.dhammadownload.com



× ။ = **အတ္ထိ ရှိ၏** ။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျမေ့။ | သင်္ဂဟိတ ခန် | သင်္ဂဟိတ အာ | သင်္ဂဟိတ ဓာ | သင်္ဂဟိတ သစ် | ပဒ္ဓိ | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၂၄ | ဝစ္စေဒ | **အစ္ဆဝေါ** စ။ ဖြောင့်မတ်သောသူ၏ အဖြစ်သည်လည်း၊ (ဝါ) ဖြောင့်မတ်သောစိတ်၏ အဖြစ်သည်လည်း၊× ။ အရတရား = ကာယဇုကတာ, စိတ္တုဇုကတာ။ | ၁ | ၁ | ၁ | ၁ | | အာဒိ /သပ္ပ စိတ်ဖြောင့်၊ကာယဇု စိတ္တုဇု။ကာယမု, |
| | | **မဒ္ဒဝေါ** စ။ နူးညံ့သောသူ၏ အဖြစ်သည်လည်း၊ (ဝါ) နူးညံ့သောစိတ်၏ အဖြစ်သည်လည်း၊× ။ အရတရား = ကာယမုဒုတာ, စိတ္တမုဒုတာ။ | ၁ | ၁ | ၁ | ၁ | | စိတ္တမုကြည် **စေ–၄၈**၊ ရုပ်၂၈၊ နိဗ္ဗာန်၊ |
| ၂၅ | ဓေဇ္ဇိဓ | **ခန္တိ** စ။ သည်းခံခြင်းသည်လည်း၊× ။ အရတရား = သည်းခံခြင်း အဒေါသ ပြဋ္ဌာန်းသော မဟာကု ၈, မဟာကြိ ၈၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၁ | | အာဒိ/သပ္ပ ပ နှင့် ဒု မှတပါး ကီ ၈၁၊ |
| | | **သောရစ္စဥ္စ**။ ကောင်းသောအမှု၌ မွေ့လျော်သောသူ၏ အဖြစ်သည်လည်း၊× ။ အရတရား = သီလစေတနာ ပြဋ္ဌာန်းသော၊ မဟာကု ၈, မဟာကြိ ၈, လောကုတ် ၈၊ (အပ္ပကြဉ်)စေ၃၆၊ | ၄ | ၂ | ၂ | ၂ | ၂၉ – ၃၇ | စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |

သံဝေဇနိယဋ္ဌာနဒုက်၊ သံဝေဂ ၄–ပါး – [ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သံဝေဂဝတ္ထု ၄–ပါး။ ]

သံဝေဂဝတ္ထု ၈–ပါး၊ (သံဝေဇနိယဋ္ဌာန ၈–ပါး၊)

(၁) ဇာတိ = ဖြစ်ခြင်း၊ (၂) ဇရာ = အိုခြင်း၊ (၃) ဗျာဓိ = နာခြင်း၊ (၄) မရဏ = သေခြင်း၊

(၅) **အပါယဒုက္ခ** = အပါယ်ဆင်းရဲ၊

(၆) အတီတေဝဋ္ဋမူလကဒုက္ခ = အတိတ်ဝဋ်မြစ်လျှင် အကြောင်းရင်းရှိသော ဆင်းရဲ၊

(၇) အနာဂတေဝဋ္ဋမူလကဒုက္ခ = အနာဂတ်ဝဋ်မြစ်လျှင် အကြောင်းရင်းရှိသော ဆင်းရဲ၊

(၈) ပစ္စုပ္ပန္နေအာဟာရ ပရိယေဋ္ဌိမူလကဒုက္ခ = ပစ္စုပ္ပန်၌ အာဟာရကိုရှာမှီးရခြင်းလျှင် အကြောင်းအရင်းရှိသောဆင်းရဲ၊ အားဖြင့် ၈–ပါးဖြစ်ပါသည်။

**သာခလျ** လူအများနှစ်သက်မြတ်နိုး၍ နားချမ်းသာသော၊ ယဉ်ကျေးသိမ်မွေ့သော(စကား)အသုံးအနှုန်းများ၊

**ပဋိသန္ထာရ ၂–ပါး၊**

(၁) အာမိသပဋိသန္ထာရ = ပစ္စည်း ၄ ပါးဖြင့် ပျူငှာသော လောကဝတ် အစေ့အစပ်ပြုမှု၊ ပေးကမ်းထောက်ပံ့မှု။

(၂) ဓမ္မပဋိသန္ထာရ = တရားဟောခြင်း၊ စာပေပို့ချခြင်းစသည်ဖြင့် အစေ့အစပ်ပြုမှု။

**ဣန္ဒြိယေသု ဂုတ္တဒွါရတာ စ** အရ – ဣန္ဒြေခြောက်ပါးတို့၌ စောင့်အပ်သောတံခါးကို ရှိသောသူ၏အဖြစ်သည်လည်း၊ (ဝါ) တံခါးကိုစောင့်သောသူ၏အဖြစ်သည် တရားကိုယ်အားဖြင့်– မဟာကု ၈, မဟာကြိ ၈, ကုတ် ၈၊ စေ ၃၈ ကိုရရာ လောကုတ် ၈ အရ မဂ်,ဖိုလ် ရနိုင်ပါသည်။

www.dhammadownload.com



## ၆။ သာခလျ ဒုကာဒိပဋ္ဌက

× ။ = အတ္ထိ ရှိ၏။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျမှု၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ပုဒ်စဉ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၂၆ | သာခလျ | **သာခလျှ**။ နူးညံ့ပြေပြစ်ချစ်ဖွယ်သောစကား ရှိသောသူ၏ အဖြစ်သည်လည်း၊× ။<br>အရတရား = ချစ်ဖွယ်သောစကားကို ဆိုသောအခါ<br>မဟာကု ၈, မဟာကြိ ၈၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၁ | | အာဒိ/သပ္ပ<br>ပနွင့်ဒု မှတပါး စိတ် ၈၉၊<br>စေ ၅၂၊<br>ရုပ် ၂၈၊<br>နိဗ္ဗာန်၊ |
| | | **ပဋိသန္ထာရော စ**။ ပစ္စည်းလေးပါးဖြင့် ပျူငှာသော လောကဝတ် အစေ့အစပ်ပြုခြင်း အဖြစ်သည်လည်း၊× ။<br>အရတရား = ပျူငှာသော လောကဝတ် အစေ့အစပ်ပြုအခါ၊<br>မဟာကု ၈, မဟာကြိ ၈၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၁ | | |
| ၂၇ | ဣန္ဒြိယေသု အဂုတ္တဒွါရတာ | **ဣန္ဒြိယေသု အဂုတ္တဒွါရတာ စ**။ ဣန္ဒြေခြောက်ပါးတို့၌ မစောင့် အပ်သောတံခါး ရှိသောသူ၏ အဖြစ်သည်လည်း၊ (ဝါ) တံခါးကို မစောင့်သောသူ၏အဖြစ်သည်လည်း × ။<br>အရတရား = လော ၈, ဒေါ ၂၊ ဝိစိကြဉ်စေ ၂၆၊ | ၄ | ၂ | ၂ | ၂ | | အာဒိ/သပ္ပ<br>အကု ၁၂ မှတပါး စိတ် ၇၇၊<br>စေ ၃၈၊<br>ရုပ် ၂၈၊<br>နိဗ္ဗာန်၊ |
| | | **ဘောဇနေ အမတ္တညုတာ စ**။ ဘောဇဉ်၌အတိုင်းအရှည်ကို မသိ သောသူ၏ အဖြစ်သည်လည်း။ × ။<br>အရတရား = လော ၈, မော ၂၊ ဒေါစတုက်ကြဉ်စေ ၂၃၊ | ၄ | ၂ | ၂ | ၁ | | |
| ၂၈ | ဣန္ဒြိယေသု ဂုတ္တဒွါရတာ | **ဣန္ဒြိယေသု ဂုတ္တဒွါရတာ စ**။ ဣန္ဒြေခြောက်ပါးတို့၌ စောင့်အပ်သောတံခါး ရှိသောသူ၏အဖြစ်သည်လည်း၊ (ဝါ) တံခါးကို စောင့်သောသူ၏အဖြစ်သည်လည်း၊× ။<br>အရတရား = မဟာကု ၈, မဟာကြိ ၈, ကုတ် ၈၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၂ | ၂၉-၃၇ | အာဒိ/သပ္ပ<br>မဟာကုကြိမှ တပါးကီ ၆၅၊<br>တိကြဉ်စေ ၄၉<br>ရုပ် ၂၈၊<br>နိဗ္ဗာန်၊ |
| | | **ဘောဇနေ မတ္တညုတာ စ**။ ဘောဇဉ်၌အတိုင်းအရှည်ကို သိသောသူ၏အဖြစ်သည်လည်း၊× ။<br>အရတရား = ဘောဇဉ်ကို ဆင်ခြင်၍သုံးသပ် သောအခါ၊<br>မဟာကု ၈, မဟာကြိ ၈၊ (ဝိရတိ,အပ္ပကြဉ်)စေ ၃၃၊ | ၄ | ၂ | ၂ | ၁ | | |
| ၂၉ | မုဋ္ဌသစ္စ | **မုဋ္ဌသစ္စဥ္စ စ**။ လွတ်သောသတိရှိသောသူ၏အဖြစ်သည်လည်း၊× ။<br>အရတရား = သတိ၏ဆန့်ကျင်ဘက် အကု ၁၂၊ စေ ၂၇၊ | ၄ | ၂ | ၂ | ၂ | | အာဒိ/သပ္ပ<br>ကု၊ဝိ၊ကြိ၊<br>စေ ၃၈၊<br>ရုပ်၂၈၊ နိဗ္ဗာန်၊ |
| | | **အသမ္ပဇညဥ္စ စ**။ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာမရှိသော သူ၏အဖြစ်သည်လည်း၊ × ။<br>အရတရား = ပညာ၏ဆန့်ကျင်ဘက် အကု ၁၂၊ စေ ၂၇၊ | ၄ | ၂ | ၂ | ၂ | | |

www.dhammadownload.com



× ။ = **အတ္ထိ ရှိ၏**။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျမူ၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဓမ္မ | အာ/ သမ္ဗ သပ္ပ/ နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၃၀ | သတိသမ္ပဇည | **သတိ** စ။ အောက်မေ့တတ်သော သတိသည်လည်း၊× ။ **သတိ** | ၁ | ၁ | ၁ | ၂ | ဖိုလ် သတိ | အာဒိ/ သပ္ပ စိတ် ၈၉၊ |
| | | **သမ္ပဇညဉ္စ**။ ကောင်းစွာအပြားအားဖြင့် သိတတ်သောပညာသည်လည်း၊× ။ **ပညာ** | ၁ | ၁ | ၁ | ၂ | ဖိုလ် ပညာ | သတိ၊ပညာကြံ စေ ၅၀၊ ရုပ်၂၈၊ နိဗ္ဗာန် |

သမ္ပဇညဉ္စတရား ၄-ပါး၊

(၁) သာတ္ထကသမ္ပဇည = အကျိုးရှိ,မရှိကိုဆင်ခြင်၍ အကျိုးရှိသည်ကိုသာ ယူမှု, သိမှု။

(၂) သပ္ပါယသမ္ပဇည = လျောက်ပတ်,မလျောက်ပတ်ကို ဆင်ခြင်၍ လျောက်ပတ်သည်ကိုသာ ယူမှု,သိမှု။

(၃) ဂေါစရသမ္ပဇည = ၃၈-ပါးသောကမ္မဋ္ဌာန်းတို့တွင် မိမိစိတ်ကြိုက်ကမ္မဋ္ဌာန်းအာရုံကို ယူမှု,သိမှု။

(၄) အသမ္မောဟသမ္ပဇည= ရှေ့တက်,နောက်ဆုတ်စသည်၌ မတွေမဝေ သိမှု။(ကမ္မဋ္ဌာန်းဆိုင်ရာ၌)

သမ္မာသတိ (သတိ စ။) သစ္စာအားဖြင့် အထူး၊

ကုသိုလ်နှင့်ဆိုင်ရာကို အမှတ်ရမှု, မမေ့လျော့မှုသဘော၊ (တံခါးမှူးကောင်း၊)

သောဘနသာဓာရဏစေတသိက်ဖြစ်သော 'သတိ'သည် သောဘနစိတ်အားလုံး(၅၉ ပါး)၌ယှဉ်၏။ ဤတွင်-

- လောကီစိတ် သောဘနစိတ် ၅၁-ပါး၌ အောက်မေ့တတ်သော သတိသည် - ဒုက္ခသစ္စာ
- လောကုတ္တရာ မဂ်စိတ် ၄-ပါး၌ အောက်မေ့တတ်သော သတိသည် - **မဂ္ဂသစ္စာ**
- လောကုတ္တရာ ဖိုလ်စိတ် ၄-ပါး၌ အောက်မေ့တတ်သော သတိသည် - သစ္စာဝိမုတ်

သမ္မာဝါယာမ အထူး၊

(၁) နောက်နောက်သောလုံ့လ၏အကြောင်းဖြစ်သော ရှေးရှေးလုံ့လဟုဆိုအပ်သော သမ္မာဝါယာမ - ပဂ္ဂဟနိမိတ္တဉ္စ။

(၂) သမ္ပယုတ်တရားတို့ကို ချီးမြှောက်တတ်သော (လုံ့လ) သမ္မာဝါယာမ - ပဂ္ဂါဟော စ။

(၃) ဓာတ်စသည်တို့မှ ထိတ်လန့်သူ၏၊ အသင့်အားဖြင့်လုံ့လပြုခြင်း

ကု ၂၁, ဖိုလ် ၄ ရှိ သမ္မာဝါယာမ - သံဝိဂ္ဂဿ စ ယောနိသော ပဓာနံ။

(၄) ကုသိုလ်တရားကိုပွားစေခြင်းမှာ အားထုတ်ခြင်း၌မဆုတ်နစ်သော ကု ၂၁ ရှိ သမ္မာဝါယာမ - ပဓာနသ္မိံ။

သမ္မာဝီရိယ (ယထာ ဒိဋ္ဌိဿစ ပဓာနံ) သစ္စာအားဖြင့်အထူး၊

ယထာ ဒိဋ္ဌိဿစ ပဓာနံ အရ - အထူးသဖြင့် စင်ကြယ်သောဉာဏ်အားလျော်စွာသော လုံ့လသည်၊

ထိုဉာဏ်နှင့်ယှဉ်သော မဟာကု-ကြိ ဉာဏသမ္ပယုတ် ၈၊ လောကုတ်-၈ ရှိ ဝီရိယ သည် -

- လောကီစိတ် မဟာကု-ကြိ ဉာဏသမ္ပယုတ် ၈ ပါး၌ (လုံ့လ) ဝီရိယ သည်၊ - ဒုက္ခသစ္စာ
- လောကုတ္တရာ မဂ်စိတ် ၄-ပါး၌ (လုံ့လ) ဝီရိယ သည်၊ - **မဂ္ဂသစ္စာ**
- လောကုတ္တရာ ဖိုလ်စိတ် ၄-ပါး၌ (လုံ့လ) ဝီရိယ သည်၊ - သစ္စာဝိမုတ်

www.dhammadownload.com



## ၇။ ပဋိသင်္ခါနဗလဉ္စ ဒုကာဒိပဉ္စက

× ။ = အတ္ထိ ရှိ၏။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျဓမ္မ၊ | သင်္ဂဟိတ | | | | ဝိမုတ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | | |
| ၃၁ | ပဋိသင်္ခါနဗလ | **ပဋိသင်္ခါနဗလဉ္စ**။ ဆင်ခြင်ခြင်း၌ မတုန်လှုပ်သည်ဖြစ်၍ ဆင်ခြင်သော ပညာသည်လည်း၊× ။ အရတရား = ပညာ၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် ပညာ | အာဒိ/သပ္ပ အကုဝိကြိ၊ ပညာကြဲဦ စေ ၅၁၊ ရုပ် ၂၈၊ နိ၊ |
| | | **ဘာဝနာဗလဉ္စ**။ ဝီရိယကို အရင်းမူသဖြင့် ဗောဇ္ဈင်(၇)ပါးကို ပွားစေသော ပုဂ္ဂိုလ်အားဖြစ်သောမတုန်လှုပ်ခြင်းသည်လည်း၊× ။ အရတရား = ကု ၂၁၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၂ | ၂၆-၃၇ | |
| ၃၂ | သမထဝိပဿနာ | **သမထော စ**။ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကိုငြိမ်းစေ တတ်သော သမာဓိ သည်လည်း၊× ။ အရတရား = သမ္မာ သမာဓိ၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် သမာဓိ | အာဒိ/သပ္ပ စိတ် ၈၉၊ သောဘနရှိ စေ,ပညာကြဉ် စေ ၅၁၊ ရုပ်၂၈၊ နိ၊ |
| | | **ဝိပဿနာ စ**။ သင်္ခါရတရားတို့ကို အနိစ္စစသည်အစွမ်းဖြင့်၊ အထူးထူးသောအချင်းအရာဖြင့်ရှုတတ်သော ပညာသည်လည်း၊× ။ အရတရား = ပညာ၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် ပညာ | |
| ၃၃ | သမထနိမိတ္တ | **သမထနိမိတ္တဉ္စ**။ ရှေးသမထသည်ပင် နောက်သမထ၏ အကြောင်းသည်လည်း၊ (ဝါ) နောက်သမထ၏အကြောင်း ဖြစ်သော ရှေးသမထသည်လည်း၊× ။ အရတရား = နောက်နောက်သော သမထ၏အကြောင်းဖြစ်သော ရှေးရှေး သမထဟုဆိုအပ်သော **သမ္မာသမာဓိ**၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် သမ္မာ သမာဓိ | အာဒိ/သပ္ပ စိတ် ၈၉၊ သမ္မာသမာဓိ သမ္မာဝါယာမ ကြဉ်သော စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| | | **ပဂ္ဂဟနိမိတ္တဉ္စ**။ ရှေးလုံ့လသည်ပင် နောက်လုံ့လ၏ အကြောင်း သည်လည်း၊ (ဝါ) နောက်လုံ့လ၏အကြောင်း ဖြစ်သော ရှေးလုံ့လသည်လည်း၊× ။ အရတရား = နောက်နောက်သောလုံ့လ၏ အကြောင်းဖြစ်သော ရှေးရှေး လုံ့လဟု ဆိုအပ်သော **သမ္မာဝါယာမ**၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် သမ္မာ ဝါယာမ | |

သမ္မာသမာဓိ အထူး

(၁) ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကိုငြိမ်းစေ တတ်သော - သမ္မာ သမာဓိ - သမထော စ။
(၂) နောက်နောက်သော သမထ၏အကြောင်းဖြစ်သော ရှေးရှေးသမထဟုဆိုအပ်သော သမ္မာသမာဓိ - သမထနိမိတ္တဉ္စ။
(၃) မပျံ့လွင့် တည်ကြည်သော သမာဓိသည် - သမ္မာ သမာဓိ - အဝိက္ခေပေါ စ။

www.dhammadownload.com



× ။ = **အတ္ထိ ရှိ၏**။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျမေ့၊ | သင်္ဂဟိတ | | | | ဝိမုတ် | အာ/ သဗ္ဗ |
|---|---|---|---|---|---|---|---|---|
| | | | ခန် | အာ | ဓာ | သစ် | | သပ္ပ/ နိပ္ပ |
| ၃၄ | ဒုက | **ပဂ္ဂါဟော** စ။ သမ္ပယုတ်တရားတို့ကို ချီးမြှောက်တတ်သော လုံ့လသည်လည်း၊× ။ အရတရား = သမ္မာဝါယာမ၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် သမ္မာဝါ | အာဒိ/ သပ္ပ စိတ် ၈၉၊ သမ္မာသမာဓိ ဝါယာမကြဉ် ၅၂ ရုပ် ၂၈, နိ၊ |
| | | **အဝိက္ခေပေါ** စ။ မပျံ့လွင့်တည်ကြည်သောသမာဓိသည်လည်း၊× ။ အရတရား = သမ္မာ သမာဓိ၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် သမ္မာ-ဓိ | |
| ၃၅ | ဝိပတ္တိဒုက | **သီလဝိပတ္တိ** စ။ သီလ၏ ပျက်ခြင်းသည်လည်း၊× ။ (ကိုယ်,နှုတ်ဖြင့် ကြူးလွန်ပြစ်မှားလျှင် သီလပျက်စီးတတ်၏။) အရတရား = အကု ၁၂၊ စေ ၂၇၊ | ၄ | ၂ | ၂ | ၂ | | အာဒိ/ သပ္ပ ကု၊ဝိ၊ကြိ၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| | | **ဒိဋ္ဌိဝိပတ္တိ** စ။ ကောင်းသောအယူ၏ ပျက်ခြင်းသည်လည်း၊× ။ (သမ္မာဒိဋ္ဌိ အယူမှပြောင်း၍မိစ္ဆာအယူကိုယူလျှင်အယူပျက်စီး၏။) အရတရား = မိစ္ဆာဒိဋ္ဌိ၊ | ၁ | ၁ | ၁ | ၁ | | |

ပဂ္ဂါဟ

သမ္ပယုတ်တရားတို့ကို ချီးမြှောက်တတ်သော (လုံ့လ)သဘောတရားသည် 'ပဂ္ဂါဟ' မည်၏။

သရုပ် = သမ္မာဝါယာမ (ဤတရား၏ နောက်ထပ်ရှိသောအမည်ကို စာ-၁၃၁ သမ္မာဝါယာမအထူး၌ ကြည့်နိုင်ပါသည်။)

ဉာဏ် အထူး၊

(၁) 'ဒိဋ္ဌိဝိသုဒ္ဓိ စ၊' အရ - အယူ၏အထူးသဖြင့်စင်ကြယ်ခြင်းသည်လည်း၊(ဝါ)အထူးသဖြင့်စင်ကြယ်သော အယူသည်လည်း အတ္ထိ ရှိ၏။

အရတရား = ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဟုဆိုသော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်။

(၂) 'ဒိဋ္ဌိဝိသုဒ္ဓိ ခေါပန' အရ - အယူ၏ အထူးသဖြင့်စင်ကြယ်ခြင်းသည်လည်း၊ အတ္ထိ ရှိ၏။

အရတရား = ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဟုဆိုသော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်။

(၃) 'ဝိဇ္ဇာ စ' အရ - မောဟကို ဖျက်ဆီး၍ ထင်စွာပြတတ်သော ပညာသည်လည်း၊ အတ္ထိ ရှိ၏။

အရတရား = ပုဗ္ဗေနိဝါသဉာဏ်, စုတူပပါတဉာဏ်, အာသဝက္ခယဉာဏ်။

ကမ္မဿကတဉာဏ်

ကိုယ်တိုင်ပြုအပ်သည်မှုလည်းဖြစ်စေ၊ သူတပါးပြုအပ်သည်မှုလည်းဖြစ်စေ-

* ကုသိုလ်ကံသည် အကျိုးမဲ့ကို ဖျက်စီးတတ်၏။ အကျိုးစီးပွားကို ဖြစ်စေတတ်၏။ မိမိဥစ္စာအစစ်မည်၏။

* အကုသိုလ်ကံသည် အကျိုးစီးပွားကိုဖျက်ဆီးတတ်၏။ အကျိုးမဲ့ကိုဖြစ်တတ်၏။ မိမိကိုယ်ပိုင်ဥစ္စာမဟုတ်။

ဤသို့သိသော ဉာဏ်တည်း။

သစ္စာနုလောမိကဉာဏ်

* သစ္စာလေးပါးတို့အား လျော်စွာဖြစ်သော ဝိပဿနာဉာဏ်တည်း။

www.dhammadownload.com



## ၈။ သီလသမ္ပဒါ ဒုကာဒိသတ္တက

× ။ = အတ္ထိ ရှိ၏ ။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျဓမ္မ၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် | အာ/သမ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၃၆ | သီလသမ္ပဒါ | **သီလသမ္ပဒါ စ**။ သီလ၏ ပြည့်စုံခြင်းသည်လည်း၊× ။ အရတရား = မဟာကု ၈, မဟာကြိ ၈၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၁ | | အာဒိ/သပ္ပ အသောဘန၊ မဟာဝိ၊မဟာဂ်ကုတ်၊ ပညာကြဉ်စေ၅၁ ရုပ် ၂၈၊ နိ၊ |
| | | **ဒိဋ္ဌိသမ္ပဒါ စ**။ အယူပညာ၏ ပြည့်စုံခြင်းသည်လည်း၊× ။ အရတရား = သမ္မာဒိဋ္ဌိ။ (သမ္မာဒိဋ္ဌိ ၅ မျိုး)စာမျက်နှာ ၁၃၆ | ၁ | ၁ | ၁ | ၂ | ဖိုလ် သမ္မာ ဒိဋ္ဌိ | |
| ၃၇ | သီလဝိသုဒ္ဓိ | **သီလဝိသုဒ္ဓိ စ**။ သီလ၏အထူးသဖြင့်စင်ကြယ်ခြင်းသည်လည်း၊ (ဝါ)အထူး သဖြင့် စင်ကြယ်သော သီလသည်လည်း၊× ။ အရတရား = လောကုတ် ၈၊ စေ ၃၆၊ | ၄ | ၂ | ၂ | ၁ | ၂၆-၃၇ | အာဒိ/သပ္ပ ကိ ၈၁၊ ကမ္မဿ, ဝိပဿနာဉာဏ် မဂ်,ဖိုလ်ဉာဏ် ကြဉ်စေ ၅၂၊ ရုပ်၂၈၊ နိ၊ |
| | | **ဒိဋ္ဌိဝိသုဒ္ဓိ စ**။ အယူ၏အထူးသဖြင့်စင်ကြယ်ခြင်းသည်လည်း၊ (ဝါ) အထူးသဖြင့် စင်ကြယ်သော အယူသည်လည်း၊× ။ အရတရား = ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဟုဆိုသော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် ဉာဏ် | |
| ၃၈ | ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပန | **ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပန**။ အယူ၏ အထူးသဖြင့်စင်ကြယ်ခြင်းသည်လည်း၊× ။ အရတရား = ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဟုဆိုသော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် ဉာဏ် | အာဒိ/သပ္ပ စိတ် ၈၉၊ ဉာဏ် ဝီရိယကြဉ် စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| | | **ယထာဒိဋ္ဌိဿ စ ပဓာနံ**။ အထူးသဖြင့်စင်ကြယ်သောဉာဏ် အားလျော်စွာ လုံ့လသည်လည်း၊× ။ အရတရား = ထိုဉာဏ် ၄-ပါးနှင့်ယှဉ်သော မဟာကု-ကြိယာ၈ လောကုတ် ၈ ရှိ ဝီရိယ၊ | ၁ | ၁ | ၁ | ၂ | ဖိုလ် ၄ ရှိ ဝီရိယ | |

ပညာအထူး-(၂) (စာမျက်နှာနံပါတ် ၁၂၇ တွင် ပညာအထူး ၁ အားလည်း လေ့လာမှတ်သားရန်။)

(က) မဂ်စိတ် ၄-ခုဌ်ရှိသော - ပညာ - ခယေဉာဏ်

(ခ) ဖိုလ်စိတ် ၄-ခုဌ်ရှိသော - ပညာ - အနုပ္ပါဒေဉာဏန္တိ၊

(ဂ) အောက်မဂ် ၃-ခုဌ်ရှိသော - ပညာ - ဝိဇ္ဇူပမာ ဓမ္မာ၊

(ဃ) အရဟတ္တမဂ်စိတ်ဌ်ရှိသော - ပညာ - ဝဇိရူပမာ ဓမ္မာ၊

(င) သင်္ခါရတရားတို့ကို အနိစ္စစသည်အစွမ်းဖြင့်ရှုသော ပညာ - ဝိပဿနာ စ၊

www.dhammadownload.com



× ။ = **အတ္ထိ ရှိ၏**။

| ဒုက် | | ပါဠိတော်၊ အနက်၊ အဘိဓေယျစ္စမ္မ၊ | သင်္ဂဟိတ ခန် | အာ | ဓာ | သစ် | ဝိမုတ် | အာ/သဗ္ဗ သပ္ပ/နိပ္ပ |
|---|---|---|---|---|---|---|---|---|
| ၄၉ | သံဝေဇနီယ ဋ္ဌာန | **သံဝေဇေါ စ သံဝေဇနီယေသု ဌာနေသု**။ ထိတ်လန့်ခြင်းကိုဖြစ်စေ တတ်သော ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတည်းဟူသော အကြောင်း တို့ကြောင့်(ဝါ)၊တို့မှ၊ထိတ်လန့်ခြင်းသည်လည်း၊× ။ အရတရား = ဇာတိ,ဇရာ,ဗျာဓိ,မရဏ၊တို့မှထိတ်လန့်သောအခါ မဟာကုသိုလ် ၄ ရှိ ပညာ၊ | ၁ | ၁ | ၁ | ၂ | | အာဒိ/သပ္ပ စိတ် ၈၉၊ သမ္မာသမာဓိ သမ္မာဝါယာမ ကြဉ်စေ ၅၂၊ |
| | | **သံဝိဂ္ဂဿ စ ယောနိသော ပဓာနံ**။ ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ တို့မှထိတ်လန့်သောပုဂ္ဂိုလ်၏အသင့်အားဖြင့်လုံ့လပြုခြင်းသည်လည်း။။ အရတရား = ကု ၂၁၊ ဖိုလ် ၄ ရှိ သမ္မာဝါယာမ၊ | ၁ | ၁ | ၁ | ၂ | ဖိုလ်၄ရှိ သမ္မာ ဝါယာမ | ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| ၅၀ | အသန္တုဋ္ဌိတာစ ကုသလဓမ္မ | **အသန္တုဋ္ဌိတာ စ ကုသလေသု ဓမ္မေသု**။ ကုသိုလ်တရားတို့၌ မရောင့်ရဲသောသူ၏အဖြစ်သည်လည်း၊× ။ အရတရား = ကု ၂၁၊ စေ ၃၈၊ | ၄ | ၂ | ၂ | ၂ | ၂၉--- | အာဒိ/သပ္ပ အကု၊ဝိ၊ကြိ၊ |
| | | **အပ္ပဋိဝါနိတာ စ ပဓာနသ္မိံ**။ ကုသိုလ်တရားကိုပွားစေခြင်း၌ အားထုတ်ခြင်း၌ မဆုတ်နစ်သောသူ၏ အဖြစ်သည်လည်း၊× ။ အရတရား = ကု ၂၁ ရှိ သမ္မာဝါယာမ၊ | ၁ | ၁ | ၁ | ၂ | | စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |
| ၅၁ | ဝိဇ္ဇာ | ဝိဇ္ဇာ စ။ မောဟကိုဖျက်ဆီး၍ထင်စွာပြုတတ်သောပညာသည်လည်း၊ အရတရား = ပုဗ္ဗေနိဝါသဉာဏ်,စုတူပပါတဉာဏ်,အာသဝက္ခယဉာဏ် | ၁ | ၁ | ၁ | ၂ | - | အာဒိ/သပ္ပ ကာမ ၅၄၊ မဟဂ်ဝိ ၉၊ |
| | | **ဝိမုတ္တိ စ**။ ဆန့်ကျင်ဘက် နီဝရဏတို့မှကောင်းစွာလွတ်သော သမာပတ်ရှစ်ပါးသည်လည်း၊(ဝါ)၊အလုံးစုံသော ကိလေသာတို့မှ စင်စစ်လွတ်သောနိဗ္ဗာန်သည်လည်း၊× ။ အရတရား = မဟဂ်ကု ၉, ကြိ ၉၊ စေ ၃၈၊ နိဗ္ဗာန်၊ | ၄* | ၂ | ၂ | ၂ | | ကုတ် ၈၊ ဝိဇ္ဇာသုံးပါး ကြဉ်စေ ၅၂၊ ရုပ်၂၈၊ နိ၊ |
| ၅၂ | ခယေဉာဏံ | **ခယေ ဉာဏံ**။ ကိလေသာတို့၏ ကုန်ခြင်းကို ပြုတတ်သော အရိယမဂ် ၄-ခု၌၊ ဉာဏ်သည်၊× ။ အရတရား = မဂ်စိတ်-၄ ရှိ ပညာ၊ | ၁ | ၁ | ၁ | ၁ | - | အာဒိ/သပ္ပ စိတ် ၈၉၊ မဂ်,ဖိုလ်ဉာဏ် |
| | | အနုပ္ပါဒေ ဉာဏန္တိ။ ထိုထိုသို့သောမဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့၏မဖြစ်ခြင်းအဆုံးရှိသောအရိယဖိုလ် ၄-ခု၌ဉာဏ်သည်၊× ။ အရတရား = ဖိုလ်စိတ်-၄ ရှိ ပညာ၊ | ၁ | ၁ | ၁ | × | ဖိုလ် ပညာ | ကြဉ်စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ |

www.dhammadownload.com



# သုတ္တန္တ မာတိကာ မှတ်ဖွယ်

ဒိဋ္ဌိ အထူး (မိစ္ဆာဒိဋ္ဌိ ၉ ပုဒ် + သမ္မာဒိဋ္ဌိ ၁)

(မိစ္ဆာဒိဋ္ဌိ)

(၁) ဘဝဒိဋ္ဌိ စ။ မြဲသည်၏အစွမ်းဖြင့်ဖြစ်သော မိစ္ဆာအယူ = ဘဝဒိဋ္ဌိ

(၂) ဝိဘဝဒိဋ္ဌိ စ။ ပြတ်သည်၏အစွမ်းအားဖြင့် မိစ္ဆာအယူ = ဝိဘဝဒိဋ္ဌိ

(၃) သဿတဒိဋ္ဌိ စ။ မိမိကိုယ်သည်၎င်း၊လောကသည်၎င်းမြဲ၏ဟုအယူသည် = သဿတဒိဋ္ဌိ

(၄) ဥစ္ဆေဒဒိဋ္ဌိ စ။ မိမိကိုယ်သည်၎င်း၊ လောကသည်၎င်းပြတ်လတံ့ဟုအယူသည် = ဥစ္ဆေဒဒိဋ္ဌိ

(၅) အန္တဝါ ဒိဋ္ဌိ စ။ မိမိကိုယ်သည်၎င်း၊လောကသည်၎င်းအဆုံးရှိ၏ဟုအယူသည် = အန္တဝါ ဒိဋ္ဌိ

(၆) အနန္တဝါ ဒိဋ္ဌိ စ။ မိမိကိုယ်သည်၎င်း၊လောကသည်၎င်းအဆုံးမရှိဟုအယူသည် = အနန္တဝါ ဒိဋ္ဌိ

(၇) ပုဗ္ဗန္တာနုဒိဋ္ဌိ စ။ ရှေ့အတို့သို့အစဉ်လိုက်သောအယူသည် = ပုဗ္ဗန္တာနုဒိဋ္ဌိ

(၈) အပရန္တာနုဒိဋ္ဌိ စ။ နောက်အတို့သို့အစဉ်လိုက်သောအယူသည် = အပရန္တာနုဒိဋ္ဌိ

(၉) ဒိဋ္ဌိဝိပတ္တိ စ။ ကောင်းသောအယူ၏ ပျက်ခြင်းသည် = မိစ္ဆာဒိဋ္ဌိ။

(သမ္မာဒိဋ္ဌိ)

(၁၀) ဒိဋ္ဌိ သမ္ပဒါ စ။ အယူပညာ၏ ပြည့်စုံခြင်းသည် = သမ္မာဒိဋ္ဌိ။

သမ္မာဒိဋ္ဌိ ၅-မျိုး

ဒိဋ္ဌိသမ္ပဒါ စ။ အယူပညာ၏ ပြည့်စုံခြင်းသည်လည်း အတ္ထိ ရှိ၏။ အရတရား = သမ္မာဒိဋ္ဌိ။

(၁) ကမ္မဿကတ သမ္မာဒိဋ္ဌိ = ကံနှင့် ကံ၏အကျိုးတရားရှိကြောင်း မှန်ကန်စွာ ယုံကြည်သော အသိအမြင် အယူပညာ, ဉာဏ်နှင့် ပြည့်စုံခြင်း၊

(၂) ဈာန သမ္မာဒိဋ္ဌိ = ဈာန်ရပုဂ္ဂိုလ်၏ အသိအမြင် အယူပညာ, ဉာဏ်နှင့် ပြည့်စုံခြင်း၊

(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ = ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဟုဆိုသော ဝိပဿနာဉာဏ် အသိအမြင် အယူပညာ, ဉာဏ်နှင့် ပြည့်စုံခြင်း၊

(၄) မဂ္ဂ သမ္မာဒိဋ္ဌိ = မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏ အသိအမြင် အယူပညာ, ဉာဏ်နှင့် ပြည့်စုံခြင်း၊

(၅) ဖလ သမ္မာဒိဋ္ဌိ = ဖလဋ္ဌာန်ပုဂ္ဂိုလ်၏ အသိအမြင် အယူပညာ, ဉာဏ်နှင့် ပြည့်စုံခြင်း၊

နာမရူပဒုက်

? နာမရူပဒုက်အရ နာမ်အထူး ကိုဖော်ပြပါ။

- စိတ်, စေတသိက် နာမ်တရားတို့သည်-
  (၁) နာမကမ္မဋ္ဌာဟူသော မိမိအမည်ကိုပြုတတ်၊
  (၂) အာရုံသို့ ရှေးရှုညွတ်ကိုင်းတတ်၊
  (၃) အာရမ္မဏိကတရားတို့ကို မိမိသို့ ညွတ်စေတတ်သောကြောင့် နာမ်မည်၏။
- နိဗ္ဗာန် နာမ်တရားသည်- (၁),(၃) နှင့်သာဆိုင်ပါသည်။ ဤသို့ ထူးပါသည်။

www.dhammadownload.com



အာပတ္တိ

အာပတ္တိ ကုသလတာဒုက်အရ ဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို လွန်ကျူးမိ၍ သင့်ရောက်သော အပြစ်သည် 'အာပတ္တိ' မည်၏။

ဈာနသမာပတ် ၃-ပါး၊

သမာပတ္တိ ကုသလတာဒုက် အရ ဈာနသမာပတ် ၃-ပါး၊

(၁) ရူပကုသိုလ်, ကြိယာ ပထမဈာန်သည် သဝိတက္က သဝိစာရ သမာပတ် မည်၏။

(၂) ရူပကုသိုလ်, ကြိယာ ဒုတိယဈာန်သည် အဝိတက္က ဝိစာရမတ္တ သမာပတ် မည်၏။

(၃) ရူပကုသိုလ်, ကြိယာ တတိယ,စတုတ္ထ,ပဉ္စမဈာန်နှင့် အရူပ ကုသိုလ်, ကြိယာ ဈာန်တို့သည် အဝိတက္က အဝိစာရ သမာပတ် မည်၏။

(ဝိတက္ကတိက်အတိုင်း ဈာန်အင်္ဂါအရ အားလျော်စွာ ခွဲခြား၍ယူပါသည်။)

ပဋိသင်္ခါနဗလ (မောဟ နှင့် ပညာ တို့၏ ဆင်ခြင်ပုံအထူး)

ပဋိသင်္ခါနဗလဒုက်အရ တစ်စုံတခုကို ဆင်ခြင်သောအခါ **'မောဟ'**မှာ ပညာ၏ဆန့်ကျင်ဘက်ဖြစ်၍၊ တုန်တုန်လှုပ်လှုပ် ရှိလှ၏။

'ပညာ'မှာကား ထိုကဲ့သို့ တုန်လှုပ်မှုမရှိဘဲ ဆင်ခြင်နိုင်မှုကိုပင် 'ပဋိသင်္ခါနဗလ'ဟု ဆိုပါသည်။

ဝိက္ခေပ နှင့် အဝိက္ခေပ

- ဥဒ္ဓစ္စမှာ အာရုံအထူးထူး၌ စိတ်ပြန့်လွင့်တတ်သောကြောင့် 'ဝိက္ခေပ' ခေါ်ရ၏။
- သမာဓိမှာ ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် 'အဝိက္ခေပ' ခေါ်ရ၏။

ဝိဇ္ဇာဒုက်

? ဝိဇ္ဇာဒုက်အရ အဘယ်သို့လျှင် **မောဟကိုဖျက်ဆီး၍ ထင်စွာပြုပုံကို** ဖော်ပြပါ။

- 'ပုဗ္ဗေနိဝါသနုဿတိဉာဏ်'သည် ရှေးအတိတ်ဘဝတို့က နေခဲ့ဘူးသောခန္ဓာစသည်တို့ကို ဖုံးလွှမ်းတတ်သော မောဟကို ဖျက်ဆီး၍ ထိုရှေးခန္ဓာစသည် ဖြစ်ဘူးသည်ကို ထင်စွာပြု၏။
- 'စုတူပပါတဉာဏ်'သည် စုတိ,ပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော မောဟကိုဖျက်ဆီး၍ စုတိ,ပဋိသန္ဓေကို ထင်စွာပြု၏။
- 'အာသဝက္ခယဉာဏ်'သည် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကိုဖျက်ဆီး၍ သစ္စာလေးပါးကို ထင်စွာပြု၏။

ဝိမုတ္တိ အထူး

- သမာပတ် ၈-ပါးမှာ မိမိတို့အသီးသီးပယ်ခွါ၍ ထားအပ်သော ကိလေသာတို့မှ လွတ်မြောက်ကြ၍ 'ဝိမုတ္တိ'၊
- နိဗ္ဗာန်မှာကား ကိလေသာအားလုံးမှ စင်စစ်လွတ်မြောက်၍ 'ဝိမုတ္တိ' မည်၏။ ဤသို့ ထူးပါသည်။

www.dhammadownload.com



ခယေ ဉာဏဒုက်

- အရိယာမဂ် ၄-ပါး၌ရှိသော ပညာသည် ဆိုင်ရာပယ်အပ်သော ကိလေသာကို ကုန်ခမ်းအောင်ပြုတတ်၍ 'ခယေ ဉာဏ' မည်၏။
- ထိုမဂ်ပညာ ၄-ပါးတို့၏ အခြားမဲ့၌ ဖိုလ်ပညာတို့ အသီးသီးဖြစ်ခဲ့ရာ ၎င်းတို့မှာ ကိလေသာ မဖြစ်ရအောင် ပယ်ထားသော မဂ် ၄-ပါးတို့၏ အခြားမဲ့၌ဖြစ်၍ 'အနုပ္ပါ ဒေဉာဏ' မည်၏။

? ကိလေသာ မဖြစ်ရုံဖြင့် ဖိုလ်လေးပါးဖြစ်ပါသလော 'အနုပ္ပါဒေ ဉာဏန္တိ'ကို ဘာသာပြန်ဆိုပါ။

ကိလေသာ မဖြစ်ရုံဖြင့် ဖိုလ်လေးပါး မဖြစ်နိုင်ပါ။ ကိလေသာကိုပယ်သတ်သည့် မဂ်ပညာလေးခုတို့၏ အခြားမဲ့၌သာ ဖိုလ်ပညာတို့ အသီးသီးဖြစ်ခဲ့ရာ၊ 'အနုပ္ပါဒေ- ထိုထိုသို့သော မဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့၏ မဖြစ်ခြင်းအဆုံးရှိသော အရိယဖိုလ်လေးခု၌၊ ဉာဏံ-ဉာဏ်သည်၊ အတ္ထိ- ရှိ၏။'ဟူ၍ 'အနုပ္ပါဒေ ဉာဏန္တိ' ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။ ၎င်းတို့မှာ ကိလေသာ မဖြစ်ရအောင် ပယ်ထားသောမဂ် ၄-ခုတို့၏ အခြားမဲ့၌ဖြစ်၍ 'အနုပ္ပါဒေ ဉာဏံ' မည်၏။

အကု-၁၂၊ စေတသိက်-၂၇ ရသောပုဒ်များ။

(၁) ဗာလာ ဓမ္မာ။ မိုက်ကုန်သော၊ (ဝါ) သူမိုက်တို့နှင့်တူကုန်သော၊ နိဿတ္တနိဇ္ဇီဝသဘာဝါ-သတ္တလည်း မဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

(၂) ကဏှာ ဓမ္မာ။ မည်းညစ်ကုန်သော၊(ဝါ)အပါယ်ဆင်းရဲ, ဘုန်းနည်းခြင်းဟုဆိုအပ်သော၊မည်းညစ်သော ဇာတ်၏အကြောင်း ဖြစ်ကုန်သော၊x ။

(၃) တပနိယာ ဓမ္မာ။ ပစ္စုပ္ပန်, သံသရာနှစ်ပါး၌ ပူပန်စေတတ် ဆင်းရဲစေတတ်သော၊x ။

(၄) မုဋ္ဌသစ္စဋ္ဌ။ လွတ်သောသတိရှိသောသူ၏အဖြစ်သည်လည်း၊x ။ (သတိ၏ဆန့်ကျင်ဘက်)

(၅) အသမ္ပဇညဋ္ဌ။ ကောင်းစွာအပြားအားဖြင့်သိတတ်သော ပညာမရှိသောသူ၏အဖြစ်သည်လည်း၊x ။ (ပညာ၏ဆန့်ကျင်ဘက်)

(၆) သီလဝိပတ္တိ စ။ သီလ၏ ပျက်ခြင်းသည်လည်း၊x ။ (ကိုယ်,နှုတ်ဖြင့် ကြူးလွန်ပြစ်မှားလျှင် သီလ ပျက်စီးတတ်၏။)

ကုသိုလ် ၂၁၊ စေတသိက် ၃၈ ရသောပုဒ်များ။

(၁) ပဏ္ဍိတာ ဓမ္မာ။ ပညာရှိကုန်သော၊ (ဝါ) ပညာရှိတို့၌တည်ကုန်သော၊x ။

(၂) သုက္ကာ ဓမ္မာ။ ဖြူစင်ကုန်သော၊ (ဝါ) သုဂတိချမ်းသာ,ဘုန်ကြီးခြင်း ဟုဆိုအပ်သော၊ ဖြူစင်သောဇာတ်၏ အကြောင်းဖြစ်ကုန်သော၊x ။

(၃) အ တပနိယာ ဓမ္မာ။ ပစ္စုပ္ပန်,သံသရာနှစ်ပါး၌မပူပန်စေတတ်, ချမ်းသာစေတတ်သော၊ကုသိုလ်ဟုဆိုအပ်ကုန်သော၊x ။

(၄) ဘာဝနာဗလဋ္ဌ။ ဝီရိယကိုအရင်းမူသဖြင့် ဗောဇ္ဈင် ၇-ပါးကိုပွားစေသော ပုဂ္ဂိုလ်အားဖြစ်သောမတုန်လှုပ်ခြင်းသည်လည်း။။

(၅) ကုသလေသု ဓမ္မေသု။ ကုသိုလ်တရားတို့၌ မရှောင့်ရဲသောသူ၏ အဖြစ်သည်လည်း၊x ။

www.dhammadownload.com



လောကုတ္တရာ–၈၊ စေတသိက်–၃၆ ရသောပုဒ်များ။

သီလဝိသုဒ္ဓိ စ။ သီလ၏ အထူးသဖြင့်စင်ကြယ်ခြင်းသည်လည်း၊ (ဝါ) အထူးသဖြင့် စင်ကြယ်သော သီလသည်လည်း၊ အတ္ထိ ရှိ၏။

အရတရား = လောကုတ် ၈၊ စေ ၃၆၊

? သုတ္တန္တိက မာတိကာတွင် 'သစ္စာဝိမုတ်'(သစ္စာဖွဲ့မရသောတရား)ကို အဘယ်ဒုက် အဘယ်ပဒ၌ ဟောသနည်း။

– ခယေ ဉာဏဒုက်၊ ဒုတိယ ပဒ၌ ဟောပါသည်။

အာဒိလဒ္ဓ / သဗ္ဗလဒ္ဓ အခွဲ

သုတ္တန္တမာတိကာ ၄၂–ဒုက်တွင် နာမရူပဒုက်၊ သတိသမ္ပဇညဒုက်၊ သမထဝိပဿနာဒုက် ဤ ၃–ဒုက်သည် သဗ္ဗလဒ္ဓနာမဒုက်၊ ကြွင်း ၃၉–ဒုက်သည် အာဒိလဒ္ဓနာမဒုက် ဖြစ်ပါသည်။

သပ္ပဒေသ / နိပ္ပဒေသ အခွဲ

သုတ္တန္တမာတိကာ ၄၂–ဒုက်တွင် အဓိဂစနဒုက်၊ နိရုတ္တိဒုက်၊ ပညတ္တိဒုက်၊ နာမရူပဒုက် ဤ ၄–ဒုက်သည် နိပ္ပဒေသဒုက်၊ ကြွင်း ၃၈–ဒုက်သည် သပ္ပဒေသဒုက် ဖြစ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| အရတရား မှတ်ရန် | (သော, ကလျာ, ဘောဇနေ = ၈ ၈၊ ၃၃) | | | | |
| (၁) သောဝစဿတာစ | မဟာကု ၈, | ကြိ | ၈ | ၊ စေ ၃၃၊ | |
| (၂) ကလျာဏမိတ္တတာစ | မဟာကု ၈, | ကြိ | ၈ | ၊ စေ ၃၃၊ | |
| (၃) ဘောဇနေနမတ္တညုတာစ | မဟာကု ၈, | ကြိ | ၈ | ၊ စေ ၃၃၊ | |
| (၄) သာခလျဉ္စ | မဟာကု ၈, | ကြိ | ၈ | ၊ စေ ၃၈၊ | |
| (၅) ပဋိသန္ထာရောစ | မဟာကု ၈, | ကြိ | ၈ | ၊ စေ ၃၈၊ | |
| (၆) သောရစ္စဉ္စ (သီလပြဋ္ဌာန်း) | ၈ | ၈ | ၈ | ၊ စေ ၃၆၊ | |
| (၇) ဝိမုတ္တိစ (နိ မှလွတ်) | မဟာဂ်ကု ၉, | ကြိ | ၉၊ | စေ ၃၅ ၊ နိဗ္ဗာန်၊ | (သမာပတ်ရှစ်ပါး) |

* သံဝေဂဝတ္ထု (၈)– ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ (၄ ပါးမေးလျှင် ဤ ၄ ပါး၊)
အပါယ်ဆင်းရဲ၊ (အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်)ဝဋ္ဋဒုက္ခ၊

* ဆုံမ၊ ကျတ်ထိုက် (၈)– အာသယ၊ အဇ္ဈာသယ၊ အနုသယ၊ အဓိမုတ္တိ၊ ဝါသနာ၊ စရိုက်၊
ရှေးကံ၊ ရှေးပါရမီ၊

* ဝိဇ္ဇာ(ဘာဂီ) (၈)– ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊
ပရစိတ္တဝိဇာနနဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိ၊
ဒိဗ္ဗသောတဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊
အာသဝက္ခယဉာဏ်။

(သုတ္တန္တမာတိကာပိုင်း ပြီး၏။)

TN

www.dhammadownload.com



## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း

၁၃၅၇ ခုနှစ်၊ (၂၈)ကြိမ်မြောက်၊ **အဘိဓမ္မာစာတော်ပြန်ပွဲ၊**

သဘောအဓိပ္ပါယ် ရေးဖြေပုစ္ဆာ၊ (ကြိုက်နှစ်သက်ရာ ပုစ္ဆာငါးခုသာ ဖြေဆိုပါ။)

## လူပုဂ္ဂိုလ်များအဆင့်
## မာတိကာ ပုစ္ဆာ (ပထမပိုင်း)

၁။ အဘယ်တရားတို့ကို အဘယ်ကြောင့် သံကိလိဋ္ဌ ခေါ်သနည်း။ သံကိလိဋ္ဌစိတ္တုပ္ပါဒ်တို့၏ ကိလေသာနှင့် ပြည့်စုံပုံ အသီးသီးကိုရေးပြပါ။ (စာမျက်နှာ ၃၄ )

၂။ (က) ဝိပါကဓမ္မာဖြစ်၍ ဥပါဒိန္နဓမ္မ မဖြစ်သောတရား။ (စာမျက်နှာ ၃၂ )
(ခ) ဥပါဒိန္နဓမ္မ သာဖြစ်၍ ဝိပါကဓမ္မ မဖြစ်သောတရား။
(ဂ) နှစ်ပါးစုံဖြစ်သောတရား။
(ဃ) နှစ်ပါးစုံ မဖြစ်သောတရားများကို ကောက်ပြခဲ့ပါ။

၃။ မဂ္ဂဟေတုကာဓမ္မာ–ဟူသောပုဒ် ယောဇနာနည်း (၃)မျိုးတို့၏ အကောက်ကိုရေးပြ၍၊ ပထမ ယောဇနာနည်း၌ အဘယ်ကြောင့် မဂ္ဂင်ရှစ်ပါးကြဉ်၍ ကောက်သနည်း။ (စာမျက်နှာ ၅၅၊ ၅၆)

၄။ ဝေဒနာတိက်နှင့် ပီတိတိက်မှ တိက်မှတ်များကို ထုတ်ပြခဲ့ပါ။ (စာမျက်နှာ ၂၅၊ ၃၉)

၅။ အဘယ်ကြောင့် ဒုက်မည်၍၊ အဘယ်ကြောင့် ဂေါစ္ဆက၊ (စာမျက်နှာ ၆၉၊၇၄)
ဟေတုဂေါစ္ဆကတွင် အဘယ်ဒုက်များတွင် ဟိတ်(၆)ပါးကိုသာ ဒုက်မှတ်ထုတ်သနည်း။

၆။ အောက်ပါတရားများ၏ တိက်ပုဒ် ပါဠိများကို ရေးပြပါ။ (စာမျက်နှာ ၆၆ )
(က) အကုသိုလ်စိတ်(၁၂)ခု၊ စေတသိက်(၂၇)ခု၊
(ခ) ဝိပါက်စိတ်(၃၆)၊ ကြိယာစိတ်(၂၀)၊ စေတသိက်(၃၈)ခု၊ ရုပ်(၂၈)ခု၊ နိဗ္ဗာန်၊

www.dhammadownload.com



## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း

၁၃၅၇ ခုနှစ်၊ (၂၈)ကြိမ်မြောက်၊ **အဘိဓမ္မာစာတော်ပြန်ပွဲ၊**

သဘောအဓိပ္ပါယ် ရေးဖြေပုစ္ဆာ၊ (ကြိုက်နှစ်သက်ရာ ပုစ္ဆာငါးခုသာ ဖြေဆိုပါ။)

## လူပုဂ္ဂိုလ်များအဆင့်
## မာတိကာ ပုစ္ဆာ (ဒုတိယပိုင်း)

၁။ (က) သညောဇန သညောဇနိယဒုက် ပထမပုဒ်နှင့် ဒုက်မုတ်၊ (စာမျက်နှာ ၈၈၊ )
(ခ) သညောဇန ဝိပ္ပယုတ္တ သညောဇနိယဒုက်၏ ဒုတိယပုဒ်နှင့် ဒုက်မုတ်တို့ကိုထုတ်ပြခဲ့ပါ။

၂။ ပရာမာသ ဂေါစ္ဆကမှ အောက်ပါ ဒုက်ယှက်များတွင် မည်သည့်ဒုက်ယှက်များသည် ပါဠိတော်နည်း၊ အဋ္ဌကထာနည်း၊ မူလဋီကာနည်း၊ အနုဋီကာနည်း စသည်ကို အသီးသီးဖော်ပြ၍ အရကောက်များကိုလည်း ရေးခဲ့ပါ။ (စာမျက်နှာ ၉၈၊ )

(က) ပရာမာသာ စေဝ ဓမ္မာ ပရာမဋ္ဌာစ၊
